THE

# Criminal Investigation Department Manual

## PART I

## စုံထောက် မှုဌာနလက်စွဲဥပဒေ။

## ပဌမတွဲ။

ရာဇဝတ်မှုဖြစ်၊ ရာဇဝတ်မှုဖြစ်မျိုးမည်ခွဲခြားခြင်း၊ လက်ထိပ်ဗွေနှိပ်မှတ်များနှင့်
စုံထောက်မှုသင်ကြားရေးအကြောင်း။

*Issued under the authority of the Inspector-General of Police, Burma.*
မြန်မာနိုင်ငံတော်ရာဇဝတ်ဌာနချုပ်ဝန်ကြီး၏အမိန့်တော်အရထုတ်ပြန်တော်မူသည်။

Rangoon
Supdt., Govt. Printing and Stationery, Burma
1931

# နိဒါန်း။

ယခုလက်စွဲဥပဒေတွင်။ရာဇဝတ်မှုဖြစ်နေးဌာန။ ရာဇဝတ်မှုဖြစ်မျိုးမည် ခွဲခြားရေးဌာန။ ဓါတ်ပုံရိုက်ကူးရေးနှင့်လက်ထိပ်ဗွေနှိပ်မှတ်ဌာနများနှင့်စပ်လျဉ်းသည့် နည်းနိသျှများစုံလင်စွာပါရှိသည်။၁၉၂၃ခုနှစ်နှင့် ၁၉၂၂ခုနှစ်။ စုံထောက်မှုဌာနလက်စွဲဥပဒေပဌမတွဲနှင့်ဒုတိယတွဲ။ယင်းဌာနမှအထက်တွင်ဖေါ်ပြခဲ့သော ဌာနအရပ်ရပ်နှင့်စပ်လျဉ်းသည့် လုပ်ငန်းများနှင့်ပတ်သက်၍။ ၁၈၉၆ခုနှစ်မှစ၍။ထုတ်ပြန်သောအရပ်ရပ်ဆာကျူလာအမိန့်စာ။ ဆာကျူလာ။မှတ်တမ်းနှင့်သာမန်မှတ်တမ်းများ၎င်း။ ၁၉၂၅ခုနှစ်။ရာဇဝတ်ဌာနချုပ်ဝန်ကြီး ဆာကျူလာအမိန့်စာမှတ်တမ်းနံပါတ် ၈ ကိုအပါအဝင်ပြု၍။နုတ်သိမ်းပယ်ဖျက်ပြီးလျှင်။ယခုလက်စွဲဥပဒေကိုထုတ်ပြန်သည်။

ယခုလက်စွဲဥပဒေကိုရရှိသည့်အခါ။၁၉၂၃ခုနှစ်နှင့် ၁၉၂၂ခုနှစ်တွင် ထုတ်ဝေသော စုံထောက်မှုဌာနလက်စွဲဥပဒေပဌမတွဲနှင့်ဒုတိယတွဲများကိုဖျက်ဆီးစေရမည်။

C. de M. WELLBORNE, *Major, I.A.*,
မြန်မာနိုင်ငံတော်မီးရထားနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီး။

ရန်ကုန်မြို့။၁၉၂၅ခုနှစ်။အောက်တိုဘာလ ၁၅ ရက်နေ့။

လက်စွဲဥပဒေကိုပြန်၍စစ်ဆေးကြည့်ရှုပြီးလျှင်။ယနေ့ထိပြင်ဆင်ပြီးဖြစ်သည်။

၁၉၂၉ခုနှစ်။ဇန်နဝါရီလ ၁ ရက်နေ့။

C. A. REYNELL,
မြန်မာနိုင်ငံတော်မီးရထားနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီး။

မာတိကာ။


အခန်း ၁။ မြန်မာနိုင်ငံတော်မီးရထားဌာနနှင့် စုံထောက်မှုရာဇဝတ်ဝန်ကြီး၊ ၎င်း၏ လက်အောက်အရာရှိကြီးငယ်များ ဆောင်ရွက်ရန် အလုပ်ဝတ်တရားများနှင့် ယင်းလက်အောက်အရာရှိကြီးငယ်များ၏ရာထူးခန့်ခြင်းနှင့်စပ်လျဉ်းသည့်နည်းဥပဒေများအကြောင်း။

အခန်း ၂။ စုံထောက်မှုဌာနတွင်ရှိသော ရာဇဝတ်မှုပြစ်ရေးဌာန အလုပ်ဝတ်တရားများအကြောင်း။

အခန်း ၃။ ရာဇဝတ်မှုပြစ်မျိုးမည် ခွဲခြားရေးဌာန လိုက်နာရန် နည်းဥပဒေများအကြောင်း။

အခန်း ၄။ မှုပြစ်ထင်ရှားစီရင်ခံရသူများနှင့် အခြားသူများ၏ ဓါတ်ပုံများကို ကူးယူခြင်း၊ မှတ်ပုံစာရင်း တင်ခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေများ အကြောင်း။

အခန်း ၅။ သေနတ်လက်နက်များပျောက်ဆုံးခြင်းနှင့်စပ်လျဉ်း၍ အစီရင်ခံရန် နည်းဥပဒေများအကြောင်း။

အခန်း ၆။ ဒင်္ဂါးလိမ်များ၊ ဒင်္ဂါးလုပ်သောကိရိယာတန်ဆာများ၊ အစိုးရမင်းတို့ထုတ်ဝေသောငွေစက္ကူများကို တုပလိမ်လည်ပြုလုပ်မှုများနှင့် စပ်လျဉ်းသည့် ဥပဒေများအကြောင်း။

အခန်း ၇။ ရာဇဝတ်ပြစ်မှုဂေဇက်အကြောင်း။

အခန်း ၈။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနလိုက်နာရန် အလုပ်ဝတ်တရားများနှင့် အရာရှိကြီးငယ်များရာထူးခန့်ရာတွင်လိုက်နာရန်နည်းဥပဒေများအကြောင်း။

အခန်း ၉။ လက်ထိပ်ဗွေနှိပ်မှတ်များကိုနှိပ်ယူအသုံးပြုပုံပြုနည်းအကြောင်း။

အခန်း ၁၀။ မှုပြစ်ထင်ရှားမစီရင်မီ၊ လက်ထိပ်ဗွေနှိပ်မှတ်များနှင့်စပ်လျဉ်း၍၊ စီရင်စုနယ် ရာဇဝတ်အမှုထမ်း အရာထမ်းတို့ဆောင်ရွက်ရန် ဝတ်တရားများ အကြောင်း။

အခန်း ၁၁။ မှုပြစ်ထင်ရှားစီရင်ပြီးနောက်၊ လက်ထိပ်ဗွေနှိပ်မှတ်များနှင့် စပ်လျဉ်း၍ စီရင်စုနယ် ရာဇဝတ်အမှုထမ်းအရာထမ်းတို့ဆောင်ရွက်ရန်ဝတ်တရားများအကြောင်း။

အခန်း ၁၂။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနအမှုတွဲခန်းမှ လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များကိုနုတ်ပယ်ဖျက်ဆီးခြင်းဆိုင်ရာနည်းဥပဒေများအကြောင်း။

အခန်း ၁၃။ ။ရာဇဝတ်အမှုထမ်းအရာထမ်းများ စုံထောက်အမှုစစ်ဆေးရာ၌။ လက်ထိပ်ဗွေနှိပ်မှတ် နည်းနာနိသူနှင့် စပ်လျဉ်း၍။ ဆောင်ရွက် လုပ်ကိုင်ရန် ညွှန်ပြချက်များအကြောင်း။

အခန်း ၁၄။ ။ရေနံချောင်းမြို့နှင့်ချောက်မြို့ရေနံထွက်ရာ ရပ်ကွက်လုပ်သားများဆိုင်ရာ လက်ထိပ်ဗွေနှိပ်မှတ်နည်းဥပဒေများအကြောင်း။

အခန်း ၁၅။ ။ထိုးထွင်း၍လိမ်မာရေးခြားရှိသူတို့ထင်မြင်ချက်များ။

နောက်ဆက်တွဲ ၁။ ။အမည်မာတိကာစဉ်စာချုပ်တူနမူနာ။

နောက်ဆက်တွဲ ၂။ ။ကြန်အင်္ဂါချို့တဲ့ခြင်းအကြောင်းကိုစီစဉ်ဖေါ်ပြရာစာရွက်ကြီး။

နောက်ဆက်တွဲ ၃။ ။မှုပြစ်ပြုကျင့် ကျူးလွန်နည်း အကြောင်းကို စီစဉ်ဖေါ်ပြရာစာရွက်ကြီး။

နောက်ဆက်တွဲ ၄။ ။ပုံသဏ္ဍာန်အကြောင်းကိုစီစဉ်ဖေါ်ပြရာစာရွက်ကြီး။

နောက်ဆက်တွဲ ၅။ ။မှုပြစ်မျိုးမည်ခွဲခြားရေးဌာနများ၌ အသုံးပြုသည့်။ နမူနာမှုပြစ်ပုံစံ ၈၃။၈၄။၈၅။၈၆။၈၇။၈၈။၈၉။၉၀။၉၁ နှင့် ၉၂။

နောက်ဆက်တွဲ ၆။ ။ဓါတ်ပုံကူးယူခြင်းလုပ်ငန်းနှင့်သက်ဆိုင်သည့်။ အသုံးပြုရန် နမူနာမှုပြစ်ပုံစံ ၆၄ နှင့် ၉၃။

နောက်ဆက်တွဲ ၇။ ။ဒင်္ဂါးလိမ်နှင့်မမှန်ငွေစက္ကူများနှင့်သက်ဆိုင်သည့်။ စီရင်စုနယ်အမှုတွဲများတွင်။စုံထောက်မှုဌာန၌အသုံးပြုရန်နမူနာပုံစံများ။

နောက်ဆက်တွဲ ၇(က)။ ။ပင်လယ်ကူးသင်္ဘောများမှ။ လျှို့ဝှက်တင်ဆောင်လာသည့် လက်နက်များနှင့်စပ်လျဉ်း၍အစီရင်ခံရန်နမူနာပုံစံ။

နောက်ဆက်တွဲ ၈။ ။ဗဟိုလက်ထိပ်ဗွေနှိပ်မှတ်ဌာနတွင်အသုံးပြုသည့်။လက်ထိပ်ဗွေနှိပ်မှတ်ဆိုင်ရာနမူနာပုံစံများ။

နောက်ဆက်တွဲ ၉။ ။ရေနံချောင်းမြို့နှင့်ချောက်မြို့ အလုပ်သမားများဆိုင်ရာလက်ထိပ်ဗွေနှိပ်မှတ်ဌာနများ၌အသုံးပြုသည့်။ လက်ထိပ်ဗွေနှိပ်မှတ်ဆိုင်ရာ နမူနာပုံစံများ။

နောက်ဆက်တွဲ ၁၀။ ။လက်ထိပ်ဗွေနှိပ်မှတ် အထူးကျွမ်းကျင်သူ ဖြစ်သင်အံ့လေ့ကျက်ရန်စာစု။

နောက်ဆက်တွဲ ၁၁။ ။စုံထောက်ပညာသင်ကျောင်း။

## စုံထောက်မှုဌာနလက်စွဲဥပဒေ။

### ပဌမတွဲ။

---

### အခန်း ၁။

မြန်မာနိုင်ငံတော်မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီး၊၎င်း၏လက်အောက်အရာရှိကြီးငယ်များဆောင်ရွက်ရန်အလုပ်ဝတ်တရားများနှင့်၊ယင်းလက်အောက်အရာရှိကြီးငယ်များ၏ရာထူးခန့်ခြင်းနှင့်စပ်လျဉ်းသည့်နည်းဥပဒေများအကြောင်း။

၁။ ၊မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးအား၊ အောက်ပါအလုပ်ဝတ်တရားများကိုဆောင်ရွက်ရန်အခွင့်အာဏာလွှဲအပ်ထားရှိသည်။

(၁) (က) ရာဇဝတ်မှုပြစ်ရေးဌာနကိုကြီးကြပ်အုပ်ချုပ်ခြင်း။

(ခ) ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးနှင့် ဓါတ်ပုံရိုက်ကူးရေးဌာနများကိုကြီးကြပ်အုပ်ချုပ်ခြင်း။

(ဂ) လက်ထိပ်မှေ့နှိပ်မှတ်ဌာနကိုကြီးကြပ်အုပ်ချုပ်ခြင်း။

(ဃ) နိုင်ငံရေးနှင့်စပ်လျဉ်းသည့် သတင်းအရပ်ရပ်ပေးဝေရေးဆိုင်ရာဌာနကိုကြီးကြပ်အုပ်ချုပ်ခြင်း။

(င) နိုင်ငံရေးနှင့်စပ်လျဉ်းသည့် သတင်းအရပ်ရပ်အစီရင်ခံရေးဆိုင်ရာဌာနကိုကြီးကြပ်အုပ်ချုပ်ခြင်း။

(စ) သတင်းစာနှင့်ပဂ္ဂဇင်းစာများကို ကြည့်ရှုသည့်ဌာနကိုကြီးကြပ်အုပ်ချုပ်ခြင်းနှင့်။

(ဆ) စုံထောက်ပညာသင်ကျောင်းကိုကြီးကြပ်အုပ်ချုပ်ခြင်း။

(၂) မီးရထားဌာနရာဇဝတ်အဖွဲ့ကို တိုက်ရိုက် ကြီးကြပ်အုပ်ချုပ်ခြင်း။ ၊ယင်းသို့ကြီးကြပ်အုပ်ချုပ်ရာ၌၊အပိုင်းဌာနတရပ်ဆိုင်ရာရာဇဝတ်ဝန်ကြီးတဦးတယောက်သည်၊မိမိအပိုင်းဌာနအတွင်းရှိစီရင်စုနယ်ရာဇဝတ်အဖွဲ့များကို လုံးဝဥဿုံကြီးကြပ်အုပ်ချုပ်ပိုင်ခွင့်ရှိသကဲ့သို့၊မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးမှာလည်း၊ မီးရထားဌာနရာဇဝတ်အဖွဲ့ကိုကြီးကြပ်အုပ်ချုပ်ခွင့်ရှိသည်။

၂။ ၊စုံထောက်မှုရာဇဝတ်ဝန်ကြီးမှာ၊ အပိုင်းဌာနများရှိ ရာဇဝတ် အမှုထမ်းအရာထမ်းများအပေါ်၌၊ နည်းနာစနစ်ပေး၍ဆုံးမသွန်သင်ခွင့်မရှိသို့သော်လည်း၊၎င်းသည်၊မိမိသိရှိရသောတာဝန်ဝတ်တရားပျက်ကွက်မှုများကို၊ ဆိုင်ရာအပိုင်းဌာန ရာဇဝတ်ဝန်ကြီးထံသို့တိုင်ကြားရမည်။

၃။ ၊စုံထောက်မှု ရာဇဝတ်ဝန်ကြီးသည်၊ အပိုင်းဌာနတရပ်တွင် အမှုထမ်းလျက် ရှိသောအရာရှိ တစုံတယောက်အပေါ်တွင်၊ အမိန့်ဆင့်ဆိုချက် တစုံတရာ ထုတ်ဆင့်ရန်လိုသည်ဟုထင်မြင်လျှင်၊ ၎င်းသည်အပိုင်းဌာန ရာဇဝတ်ဝန်ကြီးကို အကြောင်းကြားရမည်။ ၎င်းအပိုင်းဌာနရာဇဝတ်ဝန်ကြီးက၊ထိုအမိန့်ဆင့်ဆိုချက်ကိုပြန်ကြည့်ရန်ရာဇဝတ်ဌာနချုပ်ဝန်ကြီးထံသို့လျှောက်ထားရမည်၊သို့မဟုတ် ထိုအမိန့်ဆင့်ဆိုချက်ကိုလိုက်နာပြုကျင့်အောင်

ကြည့်ရှုရမည်။ ဤနေရာ၌ ရာထူးအလုပ်ဝတ်တရားနှင့် အချို့အဝက်ဆိုင်သောစာမြင်း ရေးသားတောင်းဆိုချက်များကိုဆိုလို၏။

အပိုင်းဌာနတရာ်ဆိုင်ရာ ရာဇဝတ်ဝန်ကြီးတဦးတယောက်က၊ စုံထောက်မှုဌာန ရာဇဝတ်အရာရှိတစုံတယောက်အပေါ်တွင် အမိန့်ဆင့်ဆိုချက်တခုံတရာ ထုတ်ဆင့်သောအခါ၌လည်း၊ဤနည်းကိုတော်သင့်ရာပြောင်းလဲအသုံးပြုရမည်။

၄။ ၎င်းစုံထောက်မှုရာဇဝတ်ဝန်ကြီးသည်။ အရေးကြီးသည့်ရာဇဝတ်မှုပြစ်ကြီးများတွင်၊ ရာဇဝတ်ဌာနချုပ်ဝန်ကြီးကအမိန့်ဆင့်ဆိုလျှင်၊ ဝင်ရောက် ဆောင်ရွက်ခွင့်ရှိသည်။ သို့သော်လည်း၊ယင်းသို့ဆောင်ရွက်သည့်အခါ၌၊ ဆိုင်ရာအပိုင်းဌာန ရာဇဝတ်ဝန်ကြီးအား အကြောင်းကြားရမည်။ယင်းသို့ဆောင်ရွက်သည့်အမှုများတွင်၊စုံထောက်မှုဌာနအရာရှိများသည်။ အစီရင်ခံစာများ၊အမှုနေ့စဉ်မှတ်တမ်းများကို လက်ခံကူးယူပြီးလျှင်၊ စီရင်စုဆိုင်ရာ ရာဇဝတ်ဝန်နှင့်အပိုင်းဆိုင်ရာရာဇဝတ်ဝန်ကြီးထံမှတဆင့်မီးရထားဌာနနှင့် စုံထောက်မှုဆိုင်ရာရာဇဝတ်ဝန်ကြီးထံသို့ပို့ရမည်။

၅။ ၊စီရင်စုနယ်များအတွင်းတွင် ဖြစ်ပွါးသောအမှုများကို ရှက်ဆောင်ခြင်းနှင့် စပ်လျဉ်း၍၊ ယင်းအမှုများအတွက် ယုံကြည်လောက်သော သတင်းများကို မိမိထံ၌ရရှိသောအခါ၊၎င်းရာဇဝတ်ဝန်ကြီးကဥာဏ်ဗိုသချွေနီး ဆော်လျက်ဆောင်ရွက်ခွင့်ရှိသည်၊သို့သော်လည်း၊ စီရင်စုနယ်များ၌၊ ယင်းသို့ ဆောင်ရွက်စစ်ဆေးမေးမြန်းခြင်းအရပ်ရပ်ကို၊ အပိုင်ဆိုင်ရာရာဇဝတ်ဝန်ကြီးနှင့် စီရင်စုနယ်ဆိုင်ရာရာဇဝတ်ဝန်များအားညှိနှိုင်းတိုင်ပင်ပြီးလျှင်၊ အတူတကွဆောင်ရွက်ရမည်။

၆။ ၊၎င်းသည်နိုင်ငံရေးနှင့်ရာဇဝတ်ရေးတို့နှင့် သက်ဆိုင်သည့်ကိစ္စအရပ်ရပ်နှင့်စပ်လျဉ်း၍၊ ပြည်ထဲရေးနှင့်နိုင်ငံရေးအတွင်းဝန်ကြီး၊တရားမှုရာဇဝတ်ဌာနအတွင်းဝန်၊အပိုင်နယ်ဝန်ရှင်တော်မင်းကြီးများ၊ သတင်းပေးဆိုင်ရာဌာနဝန်၊ရန်ကုန်မြို့ရာဇဝတ်ဝန်ကြီးနှင့်၊ အခြားရာဇဝတ်ဝန်ကြီးများနှင့် စာအပေးအယူပြုလုပ်ခွင့်ရသည်။၎င်းသည်၊ အရေးကြီးသည့်အမှုများ၌မင်းတိုင်ပင်ရွှေနေကြီး၏သဘောထင်မြင်ချက်ကို တိုက်ရိုက်တောင်းဆိုခွင့်လည်းရှိသည်။

၇။ ၊မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးသည်၊ စီရင်စုနယ်များတွင်ကြည့်ရှုစစ်ဆေးသည့်အခါ၊ မှတ်တမ်းမှတ်ချက်များကိုနှစ်စောင်ရေးသားပြီးလျှင်၊ ပဌမတစောင်ကို (၎င်းကိစ္စနှင့်စပ်လျဉ်း၍၊ မိမိကမည်ကဲ့သို့ အရေးယူပြီးကြောင်း မှတ်သားရမည် ဖြစ်သော) ရာဇဝတ်ဝန်မှစ၍အရေးပိုင်၊ဝန်ရှင်တော်မင်းကြီးတို့ထံမှတဆင့်ရာဇဝတ်ဌာနချုပ်ဝန်ကြီးထံသို့တင်သွင်းရမည်။ ၎င်းရာဇဝတ်ဌာနချုပ်ဝန်ကြီးထံမှတဖန်၊အထက်နည်းလမ်းအတိုင်း မီးရထားဌာနနှင့် စုံထောက်မှုရာဇဝတ်ဝန်ကြီးထံသို့၊ မှတ်တမ်းတင်သွင်းထားရန်အလို့ငှါ ပြန်၍ပေးပို့ရမည်၊ ဒုတိယတစောင်မှာဝန်ရှင်တော်မင်းကြီးနှင့် အရေးပိုင်မင်းများထံမှတဆင့်၊ ဆိုင်ရာစီရင်စုနယ်ရာဇဝတ်ဝန်ထံသို့၎င်း၏ရုံးတွင်အပြီးသတ်၊ မှတ်တမ်းတင်သွင်းထားရန်အလို့ငှါပေးပို့ရမည်၊ ၎င်းမှတ်တမ်းမှတ်ချက်များတွင်၊ လျှို့ဝှက်အပ်သောအကြောင်းအရာတစုံတရာပါရှိခဲ့သော်၊ ၎င်းတို့ကိုစာအိတ်တွင်ပိတ်၍၊ ချိပ်တံဆိပ်ခိုက်နှိပ်ပြီးလျှင်ပေးပို့ရမည်၊ မီးရထားဌာနရာဇဝတ်အဖွဲ့ကိုကြည့်ရှုစစ်ဆေးသည့်အခါ၊ရေးသားသည့်မှတ်တမ်းများကို၊ မီးရထားဌာန ရာဇဝတ်ဝန်ထံမှသာလျှင်တဆင့်၊ ရာဇဝတ်ဌာနချုပ်ဝန်ကြီးထံသို့ပေးပို့ရမည်။ ယင်းသို့ပေးပို့ရာတွင်၊၎င်းမှတ်တမ်းမှတ်ချက်များနှင့်စပ်လျဉ်း၍၊ မီးရ

ထားဌာနရာဇဝတ်ဝန်သည်၊ မိမိနည်းကဲ့သို့အရေးယူပြီးကြောင်းရေးသားဖေါ်ပြရမည့်၎င်းတို့ကိုအလက်နည်းအတိုင်းမှတ်တမ်းတင်သွင်းသောရန်အလို့ငှါ၊ မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးထံသို့တစ်စုံပြန်၍ပေးပို့ရမည်။

၈။ ။စီရင်စုနယ်ရာဇဝတ်ဝန်တဦးတယောက်အနေနှင့်လက်ထိပ်ခွေနှိပ်မှတ်ဌာနကိုဖြစ်စေ၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဌာနကိုဖြစ်စေ၊ ကြည့်ရှုစစ်ဆေးရာ၌မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးမှာ၊ မိမိ၏ကြည့်ရှုစစ်ဆေးရာမှတ်တမ်းမှတ်ချက်များအနက်မှ နှစ်ဦးနှစ်ဝ အကျိုးရှိမည်၊ ခံသည့်အချက်များကိုဆိုထုတ်နုတ်၍ အပိုင်းဌာနဆိုင်ရာ ရာဇဝတ်ဝန်ကြီးများသို့ ၎င်းတို့သိရှိစေရန်ပေးပို့ရမည်။ အပိုင်းဌာနဆိုင်ရာ ရာဇဝတ်ဝန်ကြီး များက လည်းအလားတူနည်းတူလိုက်နာဆောင်ရွက်ကြရမည်။

၉။ ။မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးသည်မီးရထားဌာနရာဇဝတ်အဖွဲ့နှင့် စုံထောက်မှုဌာနများတွင် အမှုထမ်းရွက်လျက် ရှိသော အင်စပက်တော်များနှင့် စပ်လျဉ်းသည့်လျှို့ဝှက်အစီရင်ခံစာများကိုရာဇဝတ်ဌာနချုပ်ဝန်ကြီးထံ နှစ်စဉ် ဖေဖေါ်ဝါရီလ ၁၅ ရက်နေ့တွင်အရောက်တင်သွင်းပေးပို့ရမည်။ ၎င်းလျှို့ဝှက်အစီရင်ခံစာများပြုစုရေးသားခြင်းနှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်များကို၊ မီးရထားဌာန ရာဇဝတ်လက်စွဲဥပဒေအပိုဒ် ၂၂၆ တွင်တွေ့ရှိနိုင်မည်။

၁၀။ ။မီးရထားဌာနနှင့် စုံထောက်မှု ရာဇဝတ်ဝန်ကြီးရုံး ရာဇဝတ်ရေးဆိုင်ရာ ဝန်ထောက်သည်အောက်ပါဌာနအသီးသီးကိုလုံးလုံးကြီးကြပ်အုပ်ချုပ်ခွင့်ရရှိသည်။

(၁) ရာဇဝတ်မှုပြစ်ဌာန။
(၂) ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးနှင့်ဓါတ်ပုံရိုက်ကူးရေးဌာနများ။
(၃) လက်ထိပ်ခွေနှိပ်မှတ်ဌာန။

၁၁။ ။၎င်းရာဇဝတ်ရေးဆိုင်ရာဝန်ထောက်သည်၊

(၁) ခုနစ်ရက်တပတ်စဉ်ထုတ်ဝေလျက်ရှိသော "ရာဇဝတ်ပြစ်မှုရေးဂေဇက်ကို မှန်ကန်ကျနစွာရေးသားစီစဉ်၍ထုတ်ဝေရန်နှင့်၊
(၂) ရာဇဝတ်မှုပြစ်များနှင့်စပ်လျဉ်းသည့် အရေးကြီးသောသတင်းအရပ်ရပ်ကို ရာဇဝတ်ဌာနချုပ် ဝန်ကြီးထံသို့ အမြန် တင်သွင်းပေးပို့ရန် တာဝန်ရှိသည့်ပြင်၊
(၃) စုံထောက်ပညာသင်ကျောင်းကိုကြီးကြပ်အုပ်ချုပ်ရန်တာဝန်လည်းရှိသည်။

၁၂။ ။မီးရထားဌာနနှင့် စုံထောက်မှုရာဇဝတ်ဝန်ကြီးရုံးမှဆိုင်ရာ ဝန်ထောက်သည် အောက်ပါဌာနအသီးသီးအတွက်တာဝန်ယူရမည်။

(၁) နိုင်ငံရေးနှင့်စပ်လျဉ်းသည့်သတင်းအရပ်ရပ်ပေးဝေမှုဆိုင်ရာဌာန။
(၂) နိုင်ငံရေးနှင့်စပ်လျဉ်းသည့်သတင်းအရပ်ရပ်အစီရင်ခံမှုဆိုင်ရာဌာန။
(၃) သတင်းစာဂျာနယ်နှင့်ကြော်ငြာစာအရပ်ရပ်ကြည့်ရှုဌာန။
(၄) ငွေစာရင်းကိုင်ဌာန။
(၅) ပစ္စည်းစာရင်းစာအုပ်များကိုကောင်းစွာထားရှိခြင်းနှင့်၊
(၆) ရာထူးအတန်းအဆင့်စာရင်းများကိုကောင်းစွာထားရှိခြင်း။

၁၃။ ။ငွေးရုံးမှုဆိုင်ရာဝန်ထောက်သည်။

(၁) ခုနှစ်ရက်တပတ်စဉ် ထုတ်ဝေလျက်ရှိသော ''လျှို့ဝှက်အမ်သည့်ရာဇဝတ်သတင်းချုပ်''နှင့်''သတင်းစာကောက်နုတ်ချက်ပေါင်းချုပ်'' များကို မှန်ကန်ကျနစွာစုဆောင်းစီစဉ်၍ထုတ်ဝေရန်နှင့်၊

(၂) အရေးကြီးသောတိုင်းပြည်ရေးကိစ္စနှင့်အစိုးရအားပြည်သူ ပြည်သားတို့က။ မည်ကဲ့သို့စိတ်နေသဘောထားရှိသည့် သတင်းစကား အရပ်ရပ်ကိုးအတွင်းဝန်ကြီး၊ရာဇဝတ် ဌာနချုပ်ဝန်ကြီးတို့ထံအမြန်တင်သွင်းပေးပို့ရန် တာဝန်ရှိသည်။

၁၄။ ။အိုးရာထားဌာနနှင့် စုံထောက်မှုရာဇဝတ်ဝန်ကြီးမရှိသည့်အခါတွင်၊ ၎င်းရာဇဝတ်ဝန်ကြီးသို့အပ်နှံခံရန်တင်သွင်းသောနှောင့်နှေးကြန့်ကြာမရှိသင့်ဘဲနှောင့်နှေး ကြန့်ကြာရှိမည့်၊ ချက်များတွင်အလျှင်အမြန်ဆောင်ရွက်ရန် ကိစ္စအရပ်ရပ်ကိုရာဇဝတ်ရေး ဆိုင်ရာဝန်ထောက်နှင့် ရုံးမှုဆိုင်ရာ ဝန်ထောက်တို့က။ကိုယ်တိုင်ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်။ ။၎င်းတို့သည်မိမိတို့ လက်အောက်ရှိဌာနအသီးသီး၌ အလုပ်ဝတ္တရားဆောင်ရွက်လျက်ရှိသောအရာရှိကြီးငယ်နှင့်စာရေးများကို ကြီးကြပ်အုပ်ချုပ်ရန်အခွင့် အာဏာရှိသည်။

၁၅။ ။စုံထောက်မှုဌာနရှိဂေဇက်ဝင်ရာထူးများကိုနိုင်ငံအစိုးရမင်းတို့ကရွေးချယ်ခန့်ထားသောအရာရှိများကလက်ခံဆောင်ရွက်လေသည်။အင်စပက်တော်ရာထူးများကို၊ ရာဇဝတ်ဌာနချုပ်ဝန်ကြီးကရွေးချယ်ခန့်ထားသောအရာရှိများကလက်ခံဆောင်ရွက်လေသည်။ ဤကဲ့သို့ပြုလုပ်ရာ၌နယ်ပယ်နှင့် စုံထောက်မှုဌာနနှစ်ခု စလုံးတွင်လုပ်ကိုင်ဘူးသူ အရာရှိများကိုသာ၍နှစ်သက်လေသည်။

ရာဇဝတ်အုပ်ရာထူးများကို။စုံထောက်မှုရာဇဝတ်ဝန်ကြီးက။ရာဇဝတ်ဌာနချုပ် ဝန်ကြီးသဘောတူညီချက်အရ။ စုံထောက်မှုဌာနကဖြစ်စေ။ နယ်ပယ်ကဖြစ်စေ၊ ရွေးချယ်ခန့်ထားသောအရာရှိများလက်ခံဆောင်ရွက်လေသည်။ရာဇဝတ်ကြပ်များကို။စုံထောက်မှုဌာန ရာဇဝတ်ဝန်ကြီးကတော်သင့်သည်ဟုအထင်ရှိသောစစ်ဆေးချက်များနှင့်စာမေးပွဲများပြုလုပ်၍ ရွေးချယ်ခန့်ထားလိမ့်မည်။

၁၆။ ။စုံထောက်မှုဌာနရှိ အရာရှိတို့သည်အောက်ပါသုံးခွင့် ပြုသည့်ငွေများကိုထုတ်ယူရရှိသည်။

(၁) ခရီးစရိတ်။
(၂) အထူးလစာ။
(၃) သွားလာစရိတ်။
(၄) ရန်ကုန်မြို့စရိတ် (ရန်ကုန်မှာ)။
(၅) လက်ရှေးတိုစရိတ်။

၁၇။ ။ရာဇဝတ်ကြပ်များကို အစမ်းအားဖြင့်ခန့်ထား၍၊ ၎င်းတို့ကို ထိုရာထူး၌အမြဲထမ်းမခန့်ထားမီ။အရှည်အချင်းစစ်ဆေးရန်စာမေးပွဲတခုအောင်စေရမည်။

cancelled vide ... 19P. No. 1.

စုံထောက်မှုဌာနရာဇဝတ်ကြပ်များကိုရာဇဝတ်အုပ်ရာထူးအမြဲထမ်းသို့တိုးမြှင့်ခန့်ထားသောအခါ မြန်မာနိုင်ငံတော်ဆိုင်ရာရာဇဝတ်ကျောင်း၌။ အသင်ရာဇဝတ် အုပ်များနှင့်အလားတူတနှစ်သင်ကြားရမည်၊၎င်းတို့သည်ဗိုလ်စုနယ်ရာဇဝတ်အုပ်အဖြစ်ဖြင့်။ အနည်းဆုံးသုံးနှစ်ခန့်ဆောင်ရွက်ပြီးမှ၊စုံထောက်မှုဌာနသို့ပြန်လည်ရွှေ့ပြောင်းရမည်။

မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးရုံးမှုဆိုင်ရာဝန်ထောက်သည်။ ရာဇဝတ်အုပ်များ၏စာရင်းတခုကိုစီစဉ်ထားရမည်။ ၎င်းရာဇဝတ်အုပ်များ အလုပ်ဝတ်တရား ကျေပွန်ကြောင်းကိုဆိုင်ရာအပိုင်းရာဇဝတ်ဝန်ကြီးနှင့် စီရင်စုနယ်ရာဇဝတ်ဝန်များက အစီရင်ခံခဲ့သော်စုံထောက်မှုဌာနရာဇဝတ်အုပ်ရာထူးများသို့ခန့်ထားခွင့်ရှိလိမ့်မည်။

၁၈။ စုံထောက်မှုဌာနသို့အမှုထမ်းရန်ရွေးချယ်ခန့်ထားခြင်းခံရသောအရာရှိကိုမိမိ၏အလုပ်ဝတ်တရား ကျေပွန်စွာရွက်ဆောင်နိုင်သမျှ ကာလပတ်လုံးသာ၎င်းစုံထောက်မှု ဌာနတွင်ထားလိမ့်မည်။ စုံထောက်မှုဌာနဓါတ်ပုံရိုက်ကူးသူအရာရှိနှင့်လက်ထိပ်ဗွေနှိပ်မှတ်ဌာန၊ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဗဟိုဌာနမှတပါး၊ အခြားဌာနအရပ်ရပ်ကိုကြီးကြပ် အုပ်ချုပ်သည့် ရာထူးသို့ကူးပြောင်းသောအရာရှိအချို့မှတပါးအခြားအရာရှိများမှာမည်သူမဆို မိမိလက်ရှိရာထူးနှင့်ခုနစ်နှစ်ထက်ပို၍မြဲနေရလိမ့်မည်မဟုတ်။ စုံထောက်မှုဌာနနှင့်မသင့်တော်သော အရာရှိသည်၊ စီရင်စုနယ်ရာဇဝတ်အဖွဲ့မိမိ၏ရာထူးသို့ပြန်လည်ခန့်ထားခြင်းခံရလိမ့်မည်။

၁၉။ စုံထောက်မှုဌာနအရာရှိများသည်၊ အစဉ်အတိုင်း သာမန်အဝတ်နှင့် အလုပ်ဝတ်တရားဆောင်ရွက်ကြရမည်။ သို့သော်မင်းပွဲသဘင်အခါများ၌၊ အစိုးရအဝတ်တန်ဆာဝတ်ဆင်ရန်အရာရှိများအားအမိန့်ပေးခွင့်ရှိသည်။

၂၀။ မီးရထားဌာနနှင့် စုံထောက်မှုရာဇဝတ် ဝန်ကြီးရုံးသို့ပေးပို့သော စာများမှာ၊ အောက်ပါအတိုင်းလိပ်တပ်၍ပေးပို့ကြရမည်။

| | |
|---|---|
| (၁) ပြစ်ချက်ဟောင်းရှာဖွေရန်နှင့် မှတ်တမ်းတင်ထားရန် လက်ထိပ်ဗွေနှိပ် မှတ်စာချပ်ငယ် များ၊ မှတ်တမ်းတင်ထားရန် ပြီး ဖြစ်သော လက်ထိပ် ဗွေနှိပ်မှတ် များနှင့် သက်ဆိုင်သည့် သူများ၏ သေဆုံးကြောင်း အစီရင်ခံစာများ၊ မှတ်တမ်းတင်၍ ထားသိုရန် စသည့် အတွက်ရာဇဝတ် အမှုထမ်းဟောင်း များ၏ အကျင့်စာရိတ္တနှင့် အမှုထမ်း စာရင်းစာအုပ်များ၊ ၎င်းပြင် လက်ထိပ်ဗွေနှိပ်မှတ်ကတ်ပြား များနှင့်စပ်လျဉ်းသည့် အခြား ပေး စာ ပြန်စာ အရပ်ရပ်။ | စာအိတ်လက်ဝဲဘက်အထက် ထောင့်တွင်၊ ''လက်ထိပ်ဗွေနှိပ်မှတ်ဌာန'' ဟုရေးသား၍၊ အင်းစိန်မြို့၊ မြန်မာနိုင်ငံတော်မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးရုံးရာဇဝတ်ရေးဆိုင်ရာဝန်ထောက်သို့။ |
| (၂) ရာဇဝတ်မှုပြစ်မျိုးမည် ခွဲခြားရေးနှင့် ဓါတ်ပုံ ရိုက် ကူး | စာအိတ်လက်ဝဲဘက် အထက်ထောင့်တွင်၊ ''ရာဇဝတ်ပြစ်မှုမျိုးမည် ခွဲခြားရေး |

ရေးဌာနများနှင့် စပ်လျဉ်းသည့်ပေးစာပြန်စာအရပ်ရပ်။

ဌာန'' ဟုရေးသား၍၊ အင်းစိန်မြို့၊ မြန်မာနိုင်ငံတော် မီးရထားဌာနနှင့် စုံထောက်မှုရာဇဝတ် ဝန်ကြီးရုံး၊ ရာဇဝတ်ရေး ဆိုင်ရာဝန်ထောက်သို့။

(၃) ရာဇဝတ် ပြစ်မှုနှင့် စပ်လျဉ်းသည့်ပေးစာပြန်စာအရပ်ရပ်၊ ၎င်းမှာ ''ရာဇဝတ် ပြစ်မှု ဂေဇက်'' နှင့် ၎င်း ဂေဇက် နောက်ဆက်တွဲတွင် ထည့်သွင်းဖော်ပြရန် အစီရင်ခံစာများ၊ ရာဇဝတ် ပြစ်မှုကြီးများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများ၊ လိမ်လည်တုပသည့် ငွေစက္ကူများဒင်္ဂါးများနှင့်စပ်လျဉ်းသည့်အစီရင်ခံစာများနှင့် ရာဇဝတ် ပြစ်မှု နှင့် စပ်လျဉ်းသည့်ပေးစာပြန်စာအရပ်ရပ်။

စာအိတ်လက်ခံသူအထက် ထောင့်တွင်၊ ''ရာဇဝတ် ပြစ်မှုဆိုင်ရာဌာန'' ဟုရေးသား၍အင်းစိန်မြို့၊ မြန်မာနိုင်ငံတော် မီးရထားဌာနနှင့် စုံထောက်မှု ရာဇဝတ် ဝန်ကြီးရုံးရာဇဝတ်ရေးဆိုင်ရာဝန်ထောက်သို့လျှို့ဝှက် အပ်သည့် စာများများ၎င်းရာဇဝတ်ရေးဆိုင်ရာ ဝန်ထောက်သို့နာမည် တပ်၍ပို့ရမည်။

(၄) နိုင်ငံရေးနှင့် လျှို့ဝှက် အပ်သော အကြောင်း အရာလည်းမဟုတ်၊ ခေါင်းစဉ်နံပါတ်(၁) (၂) (၃) တို့တွင်ဖော်ပြ ထား ခဲ့ပြီးသော အကြောင်း အရာများနှင့်လည်းမသက်ဆိုင်သည့်ပေးစာပြန်စာအရပ်ရပ်။

ရန်ကုန်မြို့၊ စာတိုက် သေတ္တာ နံပါတ် ၁၃၇၊ မြန်မာနိုင်ငံတော်မီးရထားဌာနနှင့် စုံထောက်မှု ဆိုင်ရာရာဇဝတ် ဝန်ကြီးရုံးမှု ဆိုင်ရာဝန်ထောက်သို့။

(၅) နိုင်ငံရေးနှင့် စပ်လျဉ်းသည့် သတင်း ပေးဝေမှု ဌာန၊ ဆိုင်ရာရှိ မှတ်တမ်း များ၊ ၎င်း ဌာနနှင့် သက်ဆိုင်သည့်ပေးစာ ပြန်စာများ၊ နိုင်ငံရေးနှင့် လျှို့ဝှက်အပ်သောအကြောင်း အရာ၊ သို့မဟုတ်၊ ရာဇဝတ်မှုပြစ်

ရန်ကုန်မြို့၊ စာတိုက် သေတ္တာ နံပါတ် ၁၃၇၊ မြန်မာနိုင်ငံတော်မီးရထားဌာနနှင့် စုံထောက်မှုဆိုင်ရာ ရာဇဝတ်ဝန် ကြီးရုံးမှုဆိုင်ရာ ဝန်ထောက်သို့ နာမည် တပ်၍ပို့ရမည်။

ရေး မဟုတ်ဘဲ၊ သတင်း
စာမဂ္ဂဇင်း များနှင့် သက်
ဆိုင်သောစာများ။

၂၁။ ယင်းသို့ရာတွင် စီရင်စုနယ်ရာဇဝတ်ဝန် တဦးတယောက်က၊ မိမိရထား ဌာနနှင့် စုံထောက်မှုရာဇဝတ်ဝန်ကြီးကိုယ်တိုင် သိရှိစေရန်သင့်သည်ထင်မြင်သည့် အထူး အချက်တွင်၊ စုံထောက်မှုဌာနမည်သည့်ဌာနနှင့်သက်ဆိုင်သည်မဆို၊ ၎င်းအရာရှိအားအမည်နာမဖြင့် လိပ်တပ်၍စာပေးပို့နိုင်ခွင့်ရသည်။

## အခန်း ၂။

### စုံထောက်မှုဌာနတွင်ရှိသောရာဇဝတ်မှုပြစ်ရေးဌာနအလုပ်ဝတ္တရားများ အကြောင်း။

၂၂။ စုံထောက်မှုဌာနတွင် ရှိသောရာဇဝတ်မှုပြစ်ဌာနကို၊ အင်းစိန်မြို့၊ ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ကြီးကြပ်အုပ်ချုပ်လျက်ရှိသည်။ ၎င်းဌာနတွင်အမှုဆောင် အရာရှိအဖွဲ့နှင့်စာရေးအဖွဲ့ ဟူ၍နှစ်မျိုးနှစ်စားခွဲခြားထားသည်။ အမှုဆောင် အရာရှိအဖွဲ့မှာ၊ ရာဇဝတ်ဝန်ထောက်တဦးနှင့်၎င်း၏ လက်အောက်ရှိအင်စပက်တော်များ၊ ရာဇဝတ်အုပ်များနှင့်ရာဇဝတ်ကြပ် များပါဝင်လေသည်။ ၎င်းအရာရှိ များကိုအခွင့်အခါ ကြုံကြိုက်သည့်အလျောက်၊ အမှုစုံထောက်စစ်ဆေးရန်စီရင်စုနယ်သို့လွှတ်ခွင့်ရသည်။

၂၃။ စုံထောက်မှုဌာနက အောက်ဖော်ပြပါ ရာဇဝတ်မှုပြစ် မျိုးကိုသာ စုံစမ်းဆောင်ရွက်ခြင်းပြုရမည်။

(က) အဆိပ်ဆေးနှင့်အဆိပ်များအသုံးပြု၍ဖြစ်ပွါးသည့် လူသတ်မှုသို့မဟုတ်အခြားရာဇဝတ်ပြစ်မှုတစုံတရာ။

(ခ) အစိုးရမင်းတို့ထုတ်စေသောငွေစက္ကူဖြစ်စေ၊ ကောတီလက်မှတ်ပါသော စက္ကူများကိုဖြစ်စေ၊ တုပလိမ်လည်ပြုလုပ်မှုများ။

(ဂ) အထူးသဖြင့်ဒင်္ဂါးလိမ်လုပ်ရာတွင်၊ တံဆိပ်တုံးများအသုံးပြုသည့်အရေးကြီးသောအမှုများ။ ယင်းအမှုများမှာ၊ ဒင်္ဂါးလိမ်လုပ်ခြင်းနှင့်ဒင်္ဂါးလိမ်လုပ်ကိုင်ရာတွင်၊ အသုံးပြုသည့်ကိရိယာတန်ဆာသိုမှီးခြင်းများ ပါဝင်သည်။ ၎င်းပြင်တုတ်ဝေလျက်ရှိနေသောဒင်္ဂါးအတုအပများပေါ်ပေါက်နေခြင်းများကိုလည်း၊ စုံစမ်းခြင်းပြုရမည်။

(ဃ) အစိုးရမင်းတို့၏ သေနတ်လက်နက်၊ ခဲယမ်းမီးကျောက်ခိုးမှုများနှင့် အရပ်ရပ်သေနတ်လက်နက်များကို၊ မတရားသဖြင့် ရောင်းဝယ်ဖေါက်ကားမှုများ။

(င) သော့သွမ်းညစ်ညမ်းသောကြံရွယ်ချက်နှင့်မိန်းမများကိုရောင်းဝယ် ဖေါက်ကားမှုများ။

(စ) အရေးကြီး၍ စီရင်စုနယ်အရာရှိများကသော်၎င်း၊ အပိုင်းဆိုင်ရာ ရာဇဝတ်ဝန်ကြီးကသော်၎င်း၊ စုံထောက်မှုဌာနသို့အကူအညီ တောင်းဆိုသော

အမှုတစုံတရာ၊ သို့မဟုတ် ရာဇဝတ်ဌာနချုပ်ဝန်ကြီးက ဝင်ရောက်ရွက်ဆောင်ရန် အမိန့်ပေးသော အမှုတစုံတရာ။

(ဆ) စာတိုက်တွင်ရှိစဉ်ကြား ပြုလုပ်ခဲ့သော်၎င်း၊ အပေါင်အတာမခံ ပြုလုပ်ခဲ့သော်၎င်း ပေးပို့သော ချောစာဖြစ်စေ၊ အထုပ်ဖြစ်စေ၊ တင်ဆောင် ယူသွားရာ၌ ပျောက်ဆုံး၍ အထူးသဖြင့် စုံစမ်းရန်လိုသော အရေးကြီးသည့် အမှုမျိုး အရပ်ရပ်။

(ဇ) စီရင်စုနယ်ရာဇဝတ်ဝန်က စုံထောက်မှုဌာနမှ အကူအညီကို အလိုရှိသည်ဟု ထင်သော မီးရှို့မှုမျိုးနှင့် မီးပေါင်ကုမ္ပဏီများကို လိမ်လည်ရန် ကြံစည်သော အမှုမျိုးအရပ်ရပ်။

(ဈ) တိုင်းသူပြည်သားတို့ကို လိမ်လည်ရန် အကြံအစည်နှင့်၊ မဟုတ် မမှန်သော ကုမ္ပဏီများဖွင့်သော အမှုမျိုးအရပ်ရပ်။

(ည) လိမ်လည်သော တရားမမှုမျိုးအရပ်ရပ်။

(ဋ) နိုင်ငံရေးနှင့်ပတ်သက်သော အမှုအရပ်ရပ်။

၂၄။ ဆိုခဲ့သည့်အပိုဒ်တွင် ဖော်ပြပါရှိသည့်အမှုမျိုးမှတပါး ရေးကြီးခွင်ကျယ်ဖြစ်သော နိုင်ငံရေးနှင့်စပ်လျဉ်းသည့်အမှု၊ စီရင်စုနယ်ရာဇဝတ်အဖွဲ့၏ တည်ကြည်သော ဂုဏ်အင်္ဂါကို ထိခိုက်သည့်အမှုမျိုးနှင့် အထူးကျွမ်းကျင်သော အသိဉာဏ်လိုသည့် အမှုမျိုးများကိုလည်း၊ စုံထောက်မှုဌာနက ရွက်ဆောင်လိမ့်မည်။ ဘာသာစကားအမျိုးမျိုးကို အထူးတတ်ကျွမ်းရန်လိုသော အမှုမျိုးများ၌လည်း ကူညီပေးသည်။ စီရင်စုနယ်ရာဇဝတ်အဖွဲ့သည်၊ ထိုကဲ့သို့သော အမှုမျိုးများ၌ အကူအညီကို အလိုရှိလျှင်၊ ၎င်းက အမှုအကြောင်းအရာ အတိုကောက်နှင့် သက်သေတို့ဆိုင်ရာ လက္ခဏာရှိသည့် လူအမျိုးအမည်ကို ကြေးနန်းဖြင့် အကြောင်းကြား တောင်းဆိုရမည်။ စုံထောက်မှုဌာနကို ခေါ်ဝင်ရာ၌ အချိန်မကုန်ရမည့်အချက်သည် အရေးကြီးလေသည်။

၂၅။ တရားရုံးများမှ ဝေးကွာသော အရပ်ဒေသ၌ နေထိုင်သဖြင့် အမှုများကို ပြိုင်ဆိုင်ချေပခြင်းငှါ အလျင်းပင်မစွမ်းနိုင်သော တရားခံများအပေါ်၌ လိမ်လည် ကောက်ကျစ်၍ မရိုးမဖြောင့်သော သဘောနှင့်စွဲဆိုသည့် တရားမမှုများတွင် မြန်မာနိုင်ငံတော် စုံထောက်မှုဌာနက စုံထောက်ခွင့်ရှိသည်။

၂၆။ တရားစွဲဆိုရင်း အချက်အလက်များကို ကြေနပ်စွာ ဆိုင်ပြိုင်ချေပခြင်းငှါ မစွမ်းမပြုလုပ်နိုင်အောင် တရားခံများ၏ နေအိမ်များမှ ဝေးကွာလှသည့် တရားရုံးများတွင် လိမ်လည်သော တရားမမှုများကို မစွဲမဆိုနိုင်အောင် ကာကွယ်စောင့်ရှောက်ရန်အတွက်၊ အောက်ပါ ညွှန်ပြချက်များကို လိုက်နာဆောင်ရွက်ရမည်။

(က) ၎င်းအမှုမျိုးများ မမှန်မကန်ကြောင်း ထင်ရှားသော သက်သေ တစုံတရာ လက်ခံရရှိလျှင်၊ တရားလိုအား အိန္ဒိယရာဇသတ် ဥပဒေပုဒ်မ ၂၀၉၊ သို့မဟုတ် ၂၁၀ နှင့် တရားစွဲဆိုရမည်။ တရားလိုသည် ၎င်း အမှုစစ်ကြောရာတွင် မမှန်မကန်ထွက်ကြောင်းနှင့်သော်၎င်း၊ သက်သေများကို ဆင်၍ထည့်ကြောင်းနှင့်သော်၎င်း၊ သက်သေခံထင်ရှားရှိလျှင်၊ ၎င်း အပေါ်တွင် တရားစွဲဆိုရာ၌ ပုဒ်မ ၁၉၃ ကိုလည်း ထပ်မံဖြည့်စွက်ရမည်။

(ခ) တရားမမှု တမှုမှာ၊ အထက်တွင် ညွှန်ပြသည့် အခြေအနေ ရှိကြောင်းနှင့် သက်သေမကောင်းရန်အကြောင်းယုတ္တိရှိလျှင် တရားစွဲဆိုရန် အခွင့်အမိန့်မ ပေးဘဲတရားမ ရုံးများက မီးရထားဌာနနှင့် စုံထောက်မှု ရာဇဝတ်ဝန် ကြီးအား၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ရန် တောင်းဆိုခွင့်ရှိသည်။

(ဂ) ၎င်းရာဇဝတ်ဝန်ကြီး၏ အကူအညီကို တောင်းဆိုခြင်းမပြုဘဲ၊ တရားစွဲဆို ရန်အခွင့်အမိန့်ပေးပြီးလျှင်၊အဆိုပါ ပြစ်မှုကို ရေးယူဆောင်ရွက်သည့် ရာဇဝတ်တရားသူကြီးက၊၎င်းရာဇဝတ်ဝန်ကြီးအကူအညီကို တောင်း ဆိုရန်သင့်လျော်သည်ဟုထင်မြင်လျှင် တောင်းဆိုနိုင်ခွင့်ရှိသည်။

(ဃ) ၎င်းရာဇဝတ်မှုစစ်ကြောရာ လက်နက်နိုင်ငံဆိုင်ရာ အရာရှိတို့မှာ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍၊ကုန်ကျသော အရပ်ရပ်စရိတ်ကြေးငွေမှစ၍၊ လိမ်လည် ကောက်ကျစ်စွဲဆိုသောတရားမမှုတွင်၊ တရားခံအဖြစ်ဖြင့် စွပ်စွဲခြင်းခံရ သူနှင့်၎င်း၏သက်သေများအမှန်ကုန်ကျသော စရိတ်ကြေးငွေ များကို လည်းပေးဆောင်ရမည်။

၂၇။ ။အကြောင်းမျိုးထူးလွန်ကြီးကျယ်သော ရာဇဝတ်မှု တစုံတရာဖြစ်ပွါးလျှင် ဖြစ်စေ၊ အရေးကြီးသော ဂိုင်းညီသောင်းကျန်းမှု ဖြစ်ပွါးလျှင်ဖြစ်စေ၊ ဥရောပတိုက်သားများ ပါဝင် သည့်ရာဇဝတ်ပြစ်မှုကြီးများ ဖြစ်စေ ဖြစ်ပွါးကြောင်း အစီရင်ခံလျှင်၊ ၎င်းအမှုများ၏အ ကြောင်းအရာကိုဆိုင်ရာ ရာဇဝတ်ဝန်က၊ မီးရထားဌာနနှင့်စုံထောက်မှု ရာဇဝတ်ဝန်ကြီး ထံသို့ကြေးနန်းဖြင့် အစီရင်ခံ၍၊အစဉ်အလာအတိုင်း၊ သာမန်အစီရင်ခံစာများကိုလည်းပေး ပို့ရမည်။ ။မည်သည့်အခါမျိုးတွင်ကြေးနန်းဖြင့် အစီရင်ခံစာ တင်သွင်းရမည့်အကြောင်း ကို၊ဥပဒေအရိုင်းအမာပြုလုပ်ထားရန် မဖြစ်နိုင်။ သို့သော်ပြည်ပိုင်အစိုးရတို့အား အရေးကြီး သောသတင်းအရပ်ရပ်ကို၊ ထာဝရသိရှိစေရန်အစီရင်ခံရန် စုံထောက်မှုဌာနနှင့်တာဝန်ရှိ၍၊ စီရင်စုနယ်ရာဇဝတ်ဝန်များသည်၊ ကြေးနန်းကို အလျှင်းအသုံးမပြုခြင်းထက်၊ အထူးပိုမိုအ သုံးပြုခြင်းကသာ၍သင့်တော်ကြောင်းကိုသိရမည်။

၂၈။ ။မြန်မာနိုင်ငံတော်ရာဇဝတ် လက်စွဲဥပဒေ၊ပုဒ်မ ၇၆၂ တွင် သတ်မှတ်သည့် ရာဇဝတ်ပြစ်မှုကြီးများနှင့် စပ်လျဉ်းသည့် ပဌမအစီရင်ခံစာနှင့်အချို့သော နောက်ထပ်အစီ ရင်ခံစာအရပ်ရပ်ကိုလက်ခံရေးကူးပြီးလျှင်၊ စုံထောက်မှု ဌာနဆိုင်ရာရာဇဝတ်ရေး ဌာနသို့ ပေးပို့ရမည်။၎င်းဌာန၌အဆိုပါအစီရင်ခံစာများကို နေ့စဉ်အစီရင်ခံစာရင်းပြုလုပ်၍၊ အပိုင်း ဆိုင်ရာရာဇဝတ်ဝန်ကြီးများ၊ရန်ကုန်မြို့ရာဇဝတ်ဝန်ကြီးနှင့် ရာဇဝတ်ဌာနချုပ်ဝန်ကြီးသို့ တစောင်စီပေးပို့ရမည်။အလွန်အရေးကြီးသည့် ရာဇဝတ်ပြစ်မှု ကြီးများနှင့် စပ်လျဉ်းသော ပဌမအစီရင်ခံစာများနှင့်အချို့သောနောက်ထပ် အစီရင်ခံစာအရပ်ရပ်ကို လက်ခံကူးယူ၍၊ အတွင်းဝန်ကြီးထံသို့သိသာရန်တင်ပို့ရမည်။

၂၉။ ။ရာဇဝတ်ဝန်များသည်၊အပိုဒ် ၂၃ တွင် ရည်ညွှန်းသည့် ရာဇဝတ်မှုပြစ်မျိုး နှင့်စပ်လျဉ်းသည့်သတင်းကိုရရှိသည်နှင့်တပြိုင်နက်စုံထောက်မှုဌာနသို့ပေးပို့ရမည်။ယင်းသို့ ပေးပို့ရာတွင်ကြေးနန်းများကို အဆီးအတားမရှိအသုံးပြုရမည်။ တစုံတယောက်သော ရာဇ ဝတ်ဝန်ထောက်၊သို့မဟုတ်ဒုတိယရာဇဝတ်ဝန်ထောက်၊ သို့မဟုတ်အင်စပက်တော်သည်၊ မိမိတို့ရရှိသောသတင်းတစုံတရာကို၊စုံထောက်မှုဌာနသို့နှောင့်နှေး ကြန့်ကြာခြင်းမရှိစေဘဲ ပေးပို့သင့်သည် ထင်မြင်က၊ တိုက်ရိုက်ပေးပို့နိုင်ခွင့်ရသည်။ ၎င်း၏လက်ခံအစီရင်ခံစာတ စောင်ကိုလည်း၊၎င်း၏စီရင်စုနယ်ရာဇဝတ်ဝန်ထံသို့ပေးပို့ရမည်။

၃၀။ နိုင်ငံရေးနှင့်သက်ဆိုင်သောအမှုများ။ သို့မဟုတ်အခြား အရေးကြီးသောအမှုများစုံထောက်ရာ၌ ဒေသန္တရရာဇဝတ်အဖွဲ့အား ကူညီရန်မှာ၊ စုံထောက်မှုဌာနနိုင်ငံရေးနှင့် သက်ဆိုင်သောသတင်းအရပ်ရပ်ပေးဝေရေးဌာန၏ဝတ္တရားဖြစ်သည်။

၃၁။ အမှုတစုံတခုကိုစုံထောက်မှုဌာနကစုံထောက်ဆောင်ရွက်ရန် လက်ခံသောအခါ၊ ၎င်းမြို့နယ်ပိုင်တာဝန်ထားသည့်ရာဇဝတ်ဌာနခွဲတွင်ရှိသောရာဇဝတ်ရေးဆိုင်ရာ အဖွဲ့ကစုံထောက်ရန်တာဝန်မရှိချေ။ သို့သော် နှစ်ဦးနှစ်ဘက်လုံးနှင့် သက်ဆိုင်သော လုပ်ငန်းကို ဆောင်ရွက်ရာ၌ တဦးနှင့် တဦးစွမ်းအားရှိသလောက် ကူညီရိုင်းပင်းရမည်မှာ၊ ၎င်းအရာရှိများ၏ဝတ္တရားပင်ဖြစ်သည်။ စုံထောက်မှုဌာနအရာရှိများသည် စီရင်စုနယ်တနယ်၌ အမှုစုံထောက်ရန် လက်ခံခဲ့သော်၊ မိမိတို့၏အမှုနေ့စဉ်မှတ်တမ်းများတစောင်ကိုတိုက်ရိုက်အခြားတစောင်ကို ဆိုင်ရာအပိုင်းရာဇဝတ်ဝန်ကြီးနှင့် စီရင်စုနယ်ရာဇဝတ်ဝန်မှတဆင့်၊ မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးရုံး၊ ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ထံသို့အစဉ်သဖြင့် ပေးပို့ရမည်။

၃၂။ နိုင်ငံရေးနှင့်စပ်လျဉ်းသော အမှုများမှတပါး၊ ရန်ကုန်မြို့တွင် ဖြစ်ပွါးသောအခြားအမှုများကိုရန်ကုန်မြို့ ရာဇဝတ်ဝန်ကြီးက ဆောင်ရွက်ရန်မတောင်းဆိုဘဲ၊ ၎င်းရာဇဝတ်ရေးဆိုင်ရာဌာနကစုံစမ်းဆောင်ရွက် လိမ့်မည်မဟုတ်။ တစုံတရာသောအမှုနှင့် စပ်လျဉ်း၍ ခရိုင်ဝန်ရှင်တော်မင်းကြီးကသော်၎င်း၊ စီရင်စုနယ်ရာဇဝတ်တရားသူကြီးက သော်၎င်း၊ ရန်ကုန်မြို့ရာဇဝတ်ဝန်ကြီးကသော်၎င်း၊ စုံထောက်မှုဌာနမှအကူအညီ တစုံတရာ အလိုရှိခဲ့သော်၊ ၎င်းသို့အလိုရှိကြောင်းကို၊ မီးရထားဌာနနှင့် စုံထောက်မှုရာဇဝတ် ဝန်ကြီးထံသို့တိုက်ရိုက်အကြောင်းကြားလျှင်၊ ၎င်းကတတ်အားသမျှရိုင်းပင်းကူညီလိမ့်မည်။

၃၃။ ရာဇဝတ်ဝန်ကြီးတဦးဦးပိုင်ဆိုင်ရာ အပိုင်းဌာနတခုခု၌၊ နေရာတကျအစဉ်အလုံးဖြင့်၊ ရာဇဝတ်မှုပြု ပြုကျင့်ကျူးလွန်လေ့ရှိသော လူဆိုးများကိုစုံစမ်းရန်စီရင်စုနယ် စုံထောက်အဖွဲ့အရာရှိများမရှိခဲ့သော်၊ ၎င်းအပိုင်းဆိုင်ရာ ရာဇဝတ်ဝန်ကြီးသည်၊ ယင်းလူဆိုးများအားဂရုစိုက်ရန်မည်သည့်အခါ၌မဆို စုံထောက်မှုဌာနအရာရှိများကို တောင်းယူနိုင်သည်။ အကယ်၍၎င်းလူဆိုးတို့သည်၊ ရာဇဝတ်ဝန်ကြီး တဦးဦးပိုင် ဆိုင်ရာအပိုင်းဌာန တခုထက် ပိုမို၍ပြစ်မှုကျူးလွန်ခဲ့သော်၊ မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးက၊ စုံစမ်းရန်တာဝန်ယူရမည်။ အပိုင်းဆိုင်ရာရာဇဝတ်ဝန်ကြီးတဦးလက်အောက်တွင် အထူးစုံထောက်ဌာနငယ်တခုကိုဆက်သွယ်ထားလျှင်၊ အစီရင်ခံစာစသောစာ အရပ်ရပ်ကိုလက်ခံကူးယူ၍၊ အပိုင်းဆိုင်ရာရာဇဝတ်ဝန်ကြီးက၊ မီးရထားဌာနနှင့် စုံထောက်မှု ရာဇဝတ်ဝန်ကြီးထံသို့ မှတ်တမ်းတင်သွင်းထားရန်ပို့ရမည်။

၃၄။ အကယ်၍မီးရထားဌာနနှင့် စုံထောက်မှု ရာဇဝတ်ဝန်ကြီးက မပေးနိုင်သည့် အကူအညီကိုတောင်းဆိုခဲ့သော်၊ ၎င်းအကြောင်းကို၊ ယင်းရာဇဝတ် ဝန်ကြီးက ရာဇဝတ်ဌာနချုပ်ဝန်ကြီးထံ အထူးအရာရှိတယောက်ကူညီရန်ခေတ္တခန့်ထားနိုင်သည် မခန့်ထားနိုင်သည်ကို သိသာရန်ရှင်းလင်း၍အစီရင်ခံရမည်။

၃၅။ စုံထောက်မှုဌာနမှ အရာရှိများသည်၊ နိုင်ငံအပသို့ ထွက်ခွါသွားရန် လိုအပ်သည့်အခါ၊ သတင်းပေးဝေရေးဆိုင်ရာ ဌာနချုပ်ဝန်ကြီးနှင့်၊ ၎င်းအရာရှိများသွားရမည်ဖြစ်သောနိုင်ငံဆိုင်ရာရာဇဝတ်ဌာနချုပ်ဝန်ကြီး၊ သို့မဟုတ်နယ်ပယ်ဆိုင်ရာနိုင်ငံရေးမှူးကိုယ်စားလှယ်အသီးသီးထံသို့ချက်ခြင်းအကြောင်းကြားရမည်။

၃၆။ ။(က) စုံထောက်မှုဌာနမှ လုံးလုံးဆောင်ရွက်သော အမှုများကို၊ မှတ်ပုံစာရင်းတင်သွင်းရန်ရာဇဝတ်ဌာနတစုံတရာ မရှိသောကြောင့်၊ ယင်းသို့ဆောင်ရွက်သောအမှုများကို၊ မှုပြစ်ဖြစ်ပွားရာအရပ်ကိုစစ်ဆေးပိုင်ခွင့် ရှိသည့် ရာဇဝတ်ဌာနသို့သော်၎င်း၊ အနီးဆုံးသောမီးရထားရာဇဝတ်ဌာနသို့သော်၎င်း၊ လွယ်ကူသည်ကိုလိုက်၍ မှတ်ပုံစာရင်းတင်သွင်းရမည်။

(ခ) ရာဇဝတ်ကျင့်ထုံး ကိုဥပဒေပုဒ်မ ၁၅၆ (၃) ပါ ဝတ္တရားများ အလို့ငှါ၊ မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးအား၊ ရာဇဝတ်တရားသူကြီးအဖြစ်ဖြင့်ခန့်ထားသည်။

၃၇။ ။အမှုစုံစမ်းခြင်းကိုအင်စပက်တော်နှင့်ရာဇဝတ်အုပ်များကိုသာ လွှဲအပ်ရမည်၊ ၎င်းအရာရှိများသည်ရာဇဝတ်ဝန်ကြီး၊ သို့မဟုတ် ၎င်း၏ ရုံးဝန်ထောက် တဦးဦးအမိန့်ကိုရှေးဦးစွာမရရှိဘဲ၊ မည်သည့် အခါမျှအမှုစုံစမ်းခြင်းမပြုမလုပ်ရ၊ အမှုစုံစမ်းရန်အမိန့်ရပြီးသောအရာရှိတယောက်သည်၊ ၎င်းအမှုဆုံးခန်းမတိုင်မရောက်မီ၊ ၎င်းအမှုကိုစီစဉ်ဆောင်ရွက်သည့်နည်းလမ်းနှင့်၊ ယင်းအမှုနှင့်စပ်လျဉ်း၍၊ ရာဇဝတ်အရာရှိတို့ ဆောင်ရွက်မှု အရပ်ရပ်အတွက်တာဝန်ရှိစေရမည်။

၃၈။ ။စုံထောက်မှုဌာန၌၊ ရာဇဝတ်မှုပြစ်ဌာနသာတည်ထောင်ထားခြင်းကြောင့်၊ စီရင်စုနယ်ရာဇဝတ်အရာရှိများ၌ရာဇဝတ်မှုပြစ်စုံထောက်ခြင်း၊ အမှုပေါ်ပေါက်အောင်စစ်ဆေးခြင်း၊ တရားစွဲဆိုခြင်းများနှင့်စပ်လျဉ်းသည့်အကြောင်းအရာ အရပ်ရပ်အတွက်တာဝန်၊ ယင်းလွတ်ငြိမ်းပြီဟူ၍အလျှင်းမမှတ်ထင်သင့်၊ ရာဇဝတ်မှုပြစ်ဌာနအရာရှိများသည်၊ စီရင်စုနယ်တနယ်တွင်အမှုများကိုစုံထောက်ရန် အမိန့်ရရှိသောအခါ၊ ၎င်းဆိုင်ရာ စီရင်စုနယ် ရာဇဝတ်ဝန်၊ အပိုင်းရာဇဝတ်ဝန်ကြီး၊ မီးရထားဌာနနှင့် စုံထောက်မှုရာဇဝတ်ဝန်ကြီးတို့ထံ မိမိတို့၏ အလုပ်ဝတ္တရားနှင့်ပြုမူဆောင်ရွက်ပုံအတွက်တာဝန်ခံကြရမည်ဟူ၍မှတ်ယူရမည်။

၃၉။ ။ရာဇဝတ်မှုပြစ်ဆိုင်ရာဌာနအရာရှိအသီးသီးမှာ၊ မိမိ၌အမြဲဆောင်ထားရန်မှတ်သားချက်စာအုပ်တအုပ်ရှိစေရမည်၊ မိမိရရှိသော သတင်းများနှင့်၊ အမှုစုံစမ်းရာတွင် မှတ်သားချက်များကို၎င်းမှတ်သားချက်စာအုပ်၌ ရေးသွင်းရမည်၊ မိမိစုံစမ်းလျက်ရှိသော အမှုတစုံတရာနှင့်စပ်လျဉ်း၍ရရှိသောသတင်းအရပ်ရပ်ကို၊ အမှုနေ့စဉ် မှတ်တမ်းစာအုပ်တွင်ရေးသွင်းရမည်။

၄၀။ ။ရာဇဝတ်မှုပြစ်ရေးဆိုင်ရာဌာနအရာရှိ အသီးသီးမှာ၊ နေ့စဉ်မိမိလုပ်ကိုင်သော အလုပ်ဝတ္တရားများနှင့် နိုင်ငံရေး၊ သို့မဟုတ်မှုပြစ်နှင့် စပ်လျဉ်း၍မိမိရရှိသော အထူးဖြစ်သည့် သတင်းတစုံတရာကိုထည့်သွင်းရန် မှတ်တမ်းစာအုပ် ထားရှိရမည်၊ ၎င်းအရာရှိများသည်၊ မြို့မတွင်ရှိနေသည့်အခါ၊ မိမိတို့၏ နေ့စဉ်မှတ်တမ်းစာအုပ်ကို၊ ရာဇဝတ်မှုရေးဆိုင်ရာဝန်ထောက်ထံသို့၊ လိုအပ်သည့်အမိန့်များပေးရန်နှင့်၊ ၎င်း၏လက်မှတ်တိုထိုးရန်နေ့စဉ်ပို့ရမည်၊ အရာရှိတဦးတယောက်သည်မြို့မတွင်မရှိခဲ့လျှင်၊ ၎င်းအရာရှိ ပြန်ရောက်သည်နှင့်တပြိုင်နက်၊ မိမိ၏မှတ်တမ်းစာအုပ်ကိုရာဇဝတ်ပြစ်မှုရေးဆိုင်ရာ ဝန်ထောက်ဖတ်ရှုပြီးလျှင် အမိန့်များပေးရန်တင်ပြရမည်။

၄၁။ ။အမှုစုံစမ်းရာ၌ နေ့စဉ် မှတ်တမ်းများ ရေးရန် နည်းနာကို၊ မြန်မာနိုင်ငံတော်ရာဇဝတ်လက်စွဲဥပဒေအပိုဒ် ၅၁၅ မှ ၅၂၉ တွင် တွေ့ရှိလိမ့်မည်၊ အမှုနှင့်စပ်လျဉ်း၍၊ တနေ့အတွက်ပြီးစီးသောအလုပ်ဝတ္တရားအကြောင်းကိုနေ့စဉ်အကျဉ်းချုပ် တိုနိုင်သရွေ့တိုအောင်စီမံရေးသားရမည်။

။ ။အမှုစုံစမ်းရန် ဝတ်တရားနှင့် စေလွှတ်ထားသောရာဇဝတ်ပြစ်မှုရေးဌာနအရာ နေ့စဉ်မှတ်တမ်းများ အစီရင်ခံစာများစသည်တို့ကို၊ အောက်ပါနည်းလမ်း အတိုင်း ားရမည်။

(၁) ရာဇဝတ်ဌာနသို့ပဋ္ဌမသတင်းချက်ပေးပြီး၍၊ စုံထောက်မှုဆိုင်ရာအရာရှိ၏ အကူအညီကိုတောင်းဆိုသည့်အမှုများတွင်၊ငင်းစုံထောက်မှုဆိုင်ရာအရာရှိသည်၊မိမိနေ့စဉ်မှတ်တမ်းကိုသုံးစောင်ရေးသားရမည်၊တစောင်ကို ရာဇဝတ်မှုပြစ်ရေးဆိုင်ရာဝန်ထောက်သို့တိုက်ရိုက်၊အခြားတစောင်ကို ဒေသန္တရဆိုင်ရာ စီရင်စုနယ်ရာဇဝတ် ဝန်နှင့်အပိုင်းဆိုင်ရာ ရာဇဝတ်ဝန်ကြီးထံမှတဆင့်နေ့စဉ်တင်သွင်းရမည်။ တတိယအစောင်ကို၊ မိမိ၏ အမှုစုံစမ်းခြင်း ဆုံးခန်းရောက်သည် တိုင်အောင် သိမ်းဆည်းထားပြီး လျှင်၊ဆိုင်ရာရာဇဝတ်ဌာနသို့ပေးပို့ရမည်။

(၂) ရာဇဝတ်ဌာနသို့ တိုင်တန်းချက် မပေးသော လျှို့ဝှက်အပ်သည့်အမှုများ၊ နိုင်ငံရေးနှင့်စပ်လျဉ်းသည့်အမှုများတွင်၊ စုံစမ်းရန် စေလွှတ်ထားသော စုံထောက်မှုဆိုင်ရာအရာရှိမှာ၊ အခြားအမိန့်တစုံတရာမရရှိလျှင်၊ ခုနစ်ရက်တပတ်မှတ်တမ်းကို၊ စနေနေ့တိုင်းရေးသား၍၊ ရာဇဝတ်မှုပြစ်ရေးဆိုင်ရာဝန်ထောက်ထံသို့ ဖြစ်စေ၊ရုံးမှုဆိုင်ရာ ဝန်ထောက်ထံသို့ဖြစ်စေ၊ သက်ဆိုင်သည့်အတိုင်း၊ ဆိုင်ရာစီရင်စုနယ် ရာဇဝတ်ဝန်ထံမှ တဆင့်၊ နောက်မကျစေဘဲတင်ပို့ရမည်။ ငင်းခုနစ်ရက်တပတ် မှတ်တမ်းများကို၊ စုံထောက်မှုဌာနဝန်ထောက်တဦးဦးထံသို့ တိုက်ရိုက်ပေးပို့ရသောအခါ များလည်းရှိလိမ့်မည်။ ယင်းအခါများ၌ စုံထောက်မှု ဌာနအရာရှိသည် အထူးအမိန့်များရရှိလိမ့်မည်။

မှတ်ချက်။ ။အထက်ပါပုဒ်ငယ် (၁) နှင့် (၂) တွင် ဖေါ်ပြသော အမိန့် မျိုးများသည်၊အလျင်အမြန်ဆောင်ရွက်ရန် ဖြစ်သည့် သတင်းတစုံတရာဖြစ်စေ၊ အရေးကြီးသည့် သတင်းတစုံတရာဖြစ်စေရရှိသည့်အခါ၊ အမှုစုံစမ်းသောအရာရှိအား စုံထောက်မှုဆိုင်ရာရုံးသို့တိုက်ရိုက်အထူးအစီရင်ခံစာတင်သွင်းရန်လိုအပ်ခြင်းမှကင်းလွှတ်စေသည်မဟုတ်။

(၃) စာသို့တိုက်အမှုမျိုးအချို့တို့ကို စုံထောက်မှုဌာနကအလိုအလျောက်ဆောင်ရွက်သည်။ ငင်းအမှုမျိုးကို ပစ္စည်းပျောက်ဆုံးသော ရပ်ကွက် ဆိုင်ရာ ရာဇဝတ်ဌာနသို့၊အစဉ်အလာအတိုင်း မှတ်ပုံတင်သွင်းထားသည်၊ထို အမှုမျိုးများတွင်အမှု၏ နေ့စဉ်မှတ်တမ်းကိုနေ့တိုင်းပင် ရာဇဝတ်မှုပြစ်ရေးဆိုင်ရာဝန်ထောက်ထံသို့ တိုက်ရိုက်ပေးပို့ရမည်။ ကျန်မှတ်တမ်းစာများကို၊အမှုစုံစမ်းခြင်းဆုံးခန်းတိုင်ရောက်ပြီးသည်နောက်၊ ဆိုင်ရာရာဇဝတ်ဌာနသို့ပေးပို့ရမည်။ ဤကဲ့သို့ အမှုများကိုစုံစမ်းသော စုံထောက်မှုဌာနအရာရှိများသည်၊ မိမိတို့ထံမှလုံလောက်သည့်အမိန့် အာဏာအရ၊စုံထောက်စစ်ဆေးခြင်းကို၊အခြားသို့လွှဲပြောင်းခြင်းမရှိလျှင်၊ ငင်းအမှုများဆုံးခန်းတိုင်ရောက်အောင်ဆောင်ရွက်ရန်တာဝန်မှာ၊မိမိတို့၌ပင် ရှိကြောင်းကိုသတိပြုရမည်။ ငင်းပြင်ဆိုင်ရာ ရာဇဝတ်ဌာန၊ ကြီးကြပ်အုပ်ချုပ်သူအရာရှိက၊ ငင်းအမှုအတွက်စွဲချက် တင်သွင်းနိုင်ရန်ဖြစ်စေ၊ နောက်ဆုံးအစီရင်ခံစာတင်သွင်းနိုင်ရန် ဖြစ်စေ၊ ငင်းအမှုနှင့်စပ်လျဉ်း၍ အစီရင်ခံစာတစောင်ရေးပေးရမည်။

၄၃။ ။စုံထောက်မှုဌာနဆိုင်ရာအရာရှိများစုံစမ်းသောအမှုများကို မှတ်သားထားရန် မှတ်ပုံတင်စာအုပ်တအုပ်ကို၊ရာဇဝတ်ဝန်ကြီးရုံး၌ထားရှိရမည်။ ထိုစာအုပ်တွင်အရာရှိ အသီးသီးမှာ၊ မိမိတို့စုံစမ်းရရှိသောအမှုများ အကြောင်း အရာအတိုကောက် အကျဉ်းချုပ်ကို ရေးသွင်းရမည်။ မြို့မှအမှုစုံစမ်းရန်အလုပ်ဝတ်တရားနှင့် ထွက်ခွာသွားသောအရာရှိတဦးတယောက်သည်၊ မိမိသွားလာနေစဉ်၊မည်ကဲ့သို့လုပ်ကိုင် ဆောင်ရွက်ခဲ့ကြောင်းကို ပြန်ရောက်သည်နှင့်တပြိုင်နက်။ ၎င်းမှတ်ပုံတင် စာအုပ်တွင် ရေးသွင်းရမည်။ ၎င်းမှတ်ပုံတင်စာအုပ်၌ ထည့်သွင်းသောအကြောင်းအရာများသည်။ မှန်ကန်ကြောင်းနှင့် နောက်မကျကြောင်းများ အတွက်ရေးသွင်းသောအရာရှိအသီးသီးကတာဝန်ရှိစေရမည်။ နှစ်ချုပ်အစီရင်ခံစာမှန်ကန်စွာပြုစုစီစဉ်နိုင်စိမ့်သော ငှါ၊ ၎င်းမှတ်ပုံတင် စာအုပ်ကို သေချာစွာရေးမှတ်ထားရှိရန် အထူးလိုအပ်သည်။

အခဏ်း ၃။

ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနလိုက်နာရန်နည်းဥပဒေများအကြောင်း။

ပဌမပိုင်း။—အထွေထွေ။

၄၄။ ။စုံထောက်မှုဌာန၌ ရာဇဝတ်မှုပြစ်မျိုးမည် ခွဲခြားရေး ဌာနတခု တွဲဘက်တည်ထောင်ထားရှိစေရမည်။

၄၅။ ။အောက်ပါမှုပြစ် ကျူးလွန်သူအမျိုးအစားများ၏ အမည်များကို၊ မာတိကာ စတ္တုထုချုပ်တွင်ရေးသားတင်သွင်းထားရမည်။

(၁) • အဆိပ်ခတ်သောသူများ (အိန္ဒိယရာဇသတ်ပုဒ်မ ၃၂၈။)

(၂) အောက်ပါစည်းကမ်းချက်များနှင့်ပြည့်စုံလုံလောက်သော အိမ်ဖေါက်ဖျက်ခိုးသောသူခိုးများ။

(က) တိုက်အိမ်၊ သို့မဟုတ်သစ်သားအိမ်တအိမ်အတွင်းသို့ ဖေါက်ဖျက် ဝင်ရောက်သောသူများ။

(ခ) အိမ်ဖေါက်ဖျက်ခိုးမှုနှင့်တခါ၊ သို့မဟုတ်တခါထက်ပို၍ မှုပြစ်ထင်ရှားစီရင်ခြင်း ခံရဘူး သူများ (အိန္ဒိယ ရာဇသတ် ပုဒ်မ ၄၅၄ က ၄၅၉ ထိ။)

(၃) အောက်တွင်ဖေါ်ပြထားသော မျိုးမည်များတွင်ပါဝင်သောသူခိုးများ။ သို့သော်လည်းခိုးမှုတမျိုးမျိုးဖြင့်အထက်ကနစ်ကြိမ်အပြစ်ခံရသောသူများမှသာလျှင်တင်သွင်းရမည်။ သို့သော်လည်းဒုတိယအကြိမ်မှုပြစ်ထင်ရှားစီရင်ခြင်းခံရသောအခါ မာတိကာ စတ္တုထုချုပ်တွင် ရေးသွင်းထားမည်ဖြစ်သောခါးပိုက်နှိုက်များမပါ (အိန္ဒိယ ရာဇသတ် ပုဒ်မ ၃၇၉ က ၃၈၂ ထိ။)

(က) ခါးပိုက်နှိုက်များ။

(ခ) မီးရထားသူခိုးများ။

(ဂ) မြစ်ချောင်းသူခိုးများ။

(ဃ) သေနတ်လက်နက်သူခိုးများ။

(၄) ထားပြန့်လုယက်သူခေါင်းဆောင်များ။ သို့သော်လည်း ရာဇဝတ်မှုပြစ်ရေးဆိုင်ရာဝန်ထောက်က မောတိကာ တင်သွင်းရန်လိုသည်ဟု ထင်သောသူများမှသာ (အိန္ဒိယရာဇသတ်ပုဒ်မ ၃၉၂ က ၄၀၂ ထိ။)

(၅) ဒင်္ဂါးလိမ်လုပ်သူများ (အိန္ဒိယရာဇသတ်ပုဒ်မ ၂၃၁ က ၂၃၅ ထိ)၊

(၆) လိမ်လည်တုပသောငွေစက္ကူလုပ်သူများ (အိန္ဒိယရာဇသတ်ပုဒ်မ ၄၈၉-ကနှင့် ဃ)။

(၇) လိမ်လည်သောသူများ။ သို့သော်လည်း ၎င်းနည်းတူ အထက်ကတကြိမ် မှုပြစ်ထင်ရှား စီရင်ခံရသူများမှသာ (အိန္ဒိယရာဇသတ်ပုဒ်မ ၄၁၇ က ၄၂၀ ထိ)။

(၈) မမှန်သောဝါရမ်းစာများ စွဲကိုင်၍သော်၎င်း၊ မမှန်သော တရားမှုများဖြင့်သော်၎င်း၊ ချောက်လှန့်တောင်းယူသူများ။ (အိန္ဒိယ ရာဇသတ်ပုဒ်မ ၃၈၊ က ၃၈၉ ထိ)။

၄၆။ ရာဇဝတ်မှုပြစ်မျိုးမည် ခွဲခြားရေးဌာနမှာ၊ အင်းစိန်မြို့၌ရုံးစိုက်စေသည်။ ၎င်းအား ရာဇဝတ်မှုပြစ်ရေးဆိုင်ရာဝန်ထောက်ကကြီးကြပ်ကြည့်ရှုပြီးလျှင်၊ ၎င်း၏လက်အောက်၌ အရာရှိကြီးငယ်လုံလောက်စွာရရှိသော ဒုတိယရာဇဝတ်ဝန်ထောက်တဦးက ကြပ်မတ်၍ စီမံအုပ်ချုပ်စေရမည်။

၄၇။ အထက်ပါပုဒ်မ ၄၅ တွင်ဖော်ပြပါရှိသောမျိုးမည်များတွင်ပါဝင်သောရာဇဝတ်ကောင်းသူတို့အတွက်၊ စီရင်စုနယ်တိုင်းက၊ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနသို့၊ အမည်မောတိကာစက္ကူလွှာများပေးပို့ရမည်။

၄၈။ ရာဇဝတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိများသည်၊ မှုပြစ်ပုံစံ ၈၃ ကို၊ အင်းစိန်မြို့ရှိရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနသို့တိုက်ရိုက်ပေးပို့ရမည်။

၄၉။ ရာဇဝတ်မှုပြစ်မျိုးမည် ခွဲခြားရေးဌာနက အမည်စာချုပ်လွှာတခုကို ရေးသားတင်သွင်းသောအခါ၊ ဆိုင်ရာစီရင်စုနယ်အားမှုပြစ်ပုံစံ ၈၄ ဖြင့် အကြောင်း ကြားရောက်လိမ့်မည်။ ထိုအခါ ရာဇဝတ်မှုပြစ်ဆိုင်ရာစာရေးက၊ မှတ်ပုံစာရင်း စာအုပ်နံပါတ် ၇၊ အကြောင်းအရာစာတိုင်၌နံပါတ်စဉ်ကိုရေးသွင်းရမည်၊ ထို့နောက်မှုပြစ်ပုံစံ ၈၄ ကိုစီရင်စုနယ်ရာဇဝတ်ဝန်ရုံးတွင်မှတ်ပုံတင်သွင်းထားလိမ့်မည်။

၅၀။ ကြည့်ရှုစစ်ဆေးသူ အရာရှိများသည်၊ စီရင်စုနယ်များကို နည်းလမ်းအတိုင်းကြည့်ရှုစစ်ဆေးသောအခါ၊ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးနည်းစနစ်လုပ်ကိုင်ဆောင်ရွက်ခြင်းကိုအထူးသဖြင့်ကြည့်ရှုရမည်။

၅၁။ ရာဇဝတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိတို့က၊ မိမိတို့သည်ပုံစံ ၈၃ မည်မျှဆက်သွင်းခဲ့ကြောင်း၊ ပုံစံ ၈၆ မည်မျှရရှိခဲ့ကြောင်းနှင့် မိမိတို့အားရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနက မည်မျှသောအမှုများ၌ကူညီခဲ့ကြောင်းစသည်ဖြင့်၊ မိမိတို့ဆိုင်ရာရာဇဝတ်ဝန်များထံသို့လစဉ်စာရင်းတင်သွင်းဆက်သရမည်။ စီရင်စုနယ် ရာဇဝတ်ဝန်များက၊ ထိုကဲ့သို့သောလစဉ်စာရင်းတခုကို ရာဇဝတ်မှုပြစ်ဆိုင်ရာဝန်ထောက်ထံသို့ပေးပို့ရမည်။

## ဒုတိယပိုင်း။ မောတိကာစာချုပ်ထူတွင်အမည်ရေးသားသည့် နည်းစနစ်အကြောင်း။

၅၂။ မှုပြစ်များကို ကျူးလွန်သောရာဇဝတ်သင့်သူများအား အောက်ပါ အတိုင်း မောတိကာတင်သွင်းထားရှိစေရမည်။

(၁) အမည်ရင်းနှင့်အခြားခေါ်ဝေါ်သည့်အမည်များ။
(၂) ကိုယ်အင်္ဂါချို့တဲ့ခြင်းများ။
(၃) မှုပြစ်ပြုကျင့်ကျူးလွန်နည်းများ။

၅၃။ အမည်ရေးသားတင်သွင်းသောစာချုပ်ထူငယ်များမှာ နောက်ဆက်တွဲ (၁) တွင်ပါရှိသည့်ပုံစံအတိုင်းစီစဉ်ထားရှိစေ၍နှစ်တိုင်းနံပါတ်စဉ်အသစ်ထားရှိစေရမည်။ ၎င်းစာချုပ်ထူငယ်များကို၎င်းသူ၏အမည်နှင့်၎င်း၏ဖခင်အမည်ပါ ထည့်သွင်း၍အက္ခရာအစဉ်အတိုင်းစီစဉ်ထားရှိစေရမည်။

၅၄။ အခြားခေါ်ဝေါ်သော အမည်တိုင်းအတွက် သီးခြား၍ စာချုပ်ထူတခုစီရေးသားထားရှိလိမ့်မည်။

၅၅။ ထွက်ပြေးတိမ်းရှောင်နေသူများကိုစာချုပ်ထူငယ်အနီတွင် ရေးသားထားရှိစေ၍အမိန့်မများမှာစာချုပ်ထူငယ်အစိမ်းနှင့်ရေးသားထားရှိစေရမည်။

၅၆။ စီရင်စုနယ်တို့သည် မောတိကာတင်သွင်းပြီးဖြစ်သောရာဇဝတ်မကင်းသူတို့၏စာရင်းတခုကိုထားရှိပြီး ၎င်းတို့သည်ထောင်ဒဏ်ထပ်မံ၍ကျခံရလျှင်ဖြစ်စေ၊ သေလျှင်ဖြစ်စေ၊ သို့မဟုတ်စီရင်စုနယ်မှအခြားပြောင်းရွှေ့သွားလျှင်ဖြစ်စေ၊ ရာဇဝတ်မှုပြစ်မျိုးမည် ခွဲခြားရေး၌ာနသို့အကြောင်းကြားသိစေလိမ့်မည်။

၅၇။ နောက်ဆက်တွဲ (၂) တွင်ဖော်ပြပါရှိသည့် ခေါင်းစဉ်များအတိုင်း ကိုယ်အင်္ဂါချို့တဲ့ခြင်းများကိုဖော်ပြသော အညွှန်းစာချုပ်ငယ်များကို ကိုယ်အင်္ဂါချို့တဲ့ခြင်းများထားရန် ကတ်တင်အံ့ဆွဲတွင်ထားရှိစေရမည်။မျိုးမည်ခွဲခြားသည့်ရာဇဝတ်သင့်သူ၌ ကိုယ်အင်္ဂါချွတ်ယွင်းချက်ရှိခဲ့သော် ၎င်းကိုယ်အင်္ဂါချွတ်ယွင်းချက်များအတိုင်း ၎င်းတို့၏အမည်များကိုအညွှန်းစာချုပ်ငယ်များအောက်တွင်ရေးသားထည့်သွင်းထားရှိစေရမည်။

၅၈။ နောက်ဆက်တွဲ (၃) တွင်ဖော်ပြပါရှိသည့်အတိုင်း ခေါင်းစဉ်ကြီး၊ မျိုးမည်ခွဲခြားထားသောခေါင်းစဉ်၊ ထပ်မံခွဲခြားထားသောခေါင်းစဉ်များကို ဖော်ပြသော အညွှန်းစက္ကူထူချောင်းငယ်များကို မောတိကာ ကြော်တွင်ထားရှိစေရမည်။ အမည်များကိုအညွှန်းစက္ကူထူချောင်းငယ်အောက်တွင်တင်သွင်းရမည်။

၅၉။ ဓါတ်ပုံများကိုအမည်မောတိကာစာချုပ်ထူများနှင့်ပူးတွဲ၍ထားရှိစေရမည်။လက်ထိပ်ရေးမှိမ်ပုံမှတ်မျိုးမည်ခွဲခြားခြင်းများကို အမည်စာချုပ်ထူများပေါ်တွင်ရေးသွင်းထားရှိစေရမည်။

၆၀။ ရာဇဝတ်သင့်သူသည်းတယောက်သည်သေဆုံးလျှင်သော်၎င်း၊ အသက် ၇၀ ပြည့်လျှင်သော်၎င်း၎င်းအမည်စာချုပ်ထူကိုဖျက်ဆီးစေရမည်။

## တတိယပိုင်း။ ။ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနအရာရှိကြီးငယ်များပြင် ရာဇဝတ်ဌာနများကရှာဖွေသည့်အခါများနှင့်စပ်လျဉ်း၍ လိုက်နာရန်ဝတ်တရားများအကြောင်း။

၆၁။ ။ပုဒ်မ ၄၅ တွင်ပြောဆိုဖော်ပြထားသောမှုပြစ်မျိုးမည်တစုံတရာကိုကျူးလွန်
သည့်အခါ၊ငင်းအမှုကိုစစ်ဆေးသောအရာရှိသည်။ မှုပြစ်ဖြစ်ပွါးသည့်နေရာမှ သွားရောက်
ကြည့်ရှု၍ရာဇဝတ်ဌာနသို့ ပြန်ရောက်လာလျှင်။ စုံစမ်းရရှိသည့် အကြောင်းအရာ အစုံအ
လင်ကို မှုပြစ်ပုံစံ ဂ၃ မိတ္တူရေးသွင်း၍၊တစောင်ကိုအင်းစိန်မြို့ရှိရာဇဝတ်မှုပြစ်မျိုးမည်ခွဲ
ခြားရေးဌာနသို့တိုက်ရိုက်ပို့ရမည်။ အမှုကိုစစ်ဆေးသောအရာရှိသည်၊အင်္ဂလိပ်ဘာသာကို
တတ်လျှင်၊ငင်းသည်ပုံစံကိုအင်္ဂလိပ်ဘာသာအားဖြင့်ရေးသွင်းရမည်။

ပုံစံ ဂ၃ ကျန်မိတ္တူတစောင်ကို၊ရာဇဝတ်ဌာနရှိအမှုတွဲတွင်ပူးတွဲထားရှိစေရမည်။
အမှုကိုစစ်ဆေးသောအရာရှိတဦးတယောက်သည်။ (၁) ကိုယ်အင်္ဂါချုံ့တဲ့ခြင်းစာချပ်။
(၂) ပုံသဏ္ဍာန်စာချပ်နှင့် (၃) မှုပြစ်ပြုကျင့်ကျူးလွန်နည်းစာချပ်တခုစီရရှိစေရမည်။ငင်း
သည်မှုပြစ်ဖြစ်ပွါးသည့်နေရာသို့သွားရောက်သောအခါတိုင်း၌ ဤစာချပ်များကို ယူဆောင်
သွားရမည်။သို့မှသာရာဇဝတ်ပုံစံ ဂ၃ ကိုရေးသွင်းရာ၌မှန်ကန်စွာပြုလုပ်နိုင်မည်။

၆၂။ ။မှုပြစ်ပုံစံ ဂ၃ တွင်ဖော်ပြထားသည့်အကြောင်းအရာများကိုစုံလင်စွာမရရှိခဲ့
သော် အမှုစုံထောက်စစ်ဆေးသည့်အရာရှိမှာ၊ ဖြေဆိုရေးသားရမည့်နေရာများကို ပလာ
ထားရမည်။မှုပြစ်ပုံစံ ဂ၃ မှာရရှိနိုင်သည့်သတင်းချက်များနှင့်တကွ၊ရာဇဝတ်မှုပြစ်မျိုးမည်
ခွဲခြားရေးဌာနသို့ မှုပြစ်ဖြစ်ပွါးသည့်နောက် အမြန်ဆုံးနည်းနှင့်ရောက်ရှိရန်အရေးကြီးသည့်
သတင်းတစုံတရာကို ထပ်မံရရှိသည့်အခါ၊ မှုပြစ်ပုံစံ ဂ၃ ကိုဒုတိယအကြိမ်တင်ပို့ရန်ကန့်
ကွက်ခြင်းမရှိ။သို့သော်လည်း၊ပဌမတင်ပို့သောမှုပြစ်ပုံစံ ဂ၃ ပို့သောပုံစံ၏နံပါတ်စဉ်မှာ အ
မြဲအတူတူဖြစ်စေရမည်။

၆၃။ ။ကိုယ်အင်္ဂါချုံ့တဲ့ခြင်းများနှင့်စပ်လျဉ်းသည့်သတင်းချက်များကို၊မှုပြစ်ပုံစံ ဂ၃
နှင့် ဂ၅ တွင်နောက်ဆက်တွဲ ၂ ၌ဖော်ပြပါရှိသည့်အတိုင်းအမြဲထည့်သွင်းရမည်။

၆၄။ ။ရာဇဝတ်သင့်သူ၏ ပုံသဏ္ဍာန်ကို မှုပြစ်ပုံစံ ဂ၅ တွင် နောက်ဆက်တွဲ ၄။ပုံ
သဏ္ဍာန်အကြောင်းအရာစီစဉ်ဖော်ပြရာ စာရွက်ကြီး၌ပါရှိသည့် အတိုင်းအမြဲထည့်သွင်းရ
မည်။

၆၅။ ။မှုပြစ်ကျူးလွန်နည်းအကြောင်းအရာနှင့်သက်ဆိုင်သည့်ခေါင်းစဉ်ကြီးများ မျိုး
မည်ခွဲခြားဖော်ပြချက်၊တဆင့်မျိုးမည်ခွဲခြားဖော်ပြချက်များကို၊မှုပြစ်ပုံစံ ဂ၃ နှင့် ဂ၅ တွင်
အထူးသဖြင့်ထူးဆန်းသော မှုပြစ်ကျူးလွန်နည်းမှတပါး၊ နောက်ဆက်တွဲ ၃ တွင်မှုပြစ်ပြု
ကျင့်နည်းအကြောင်းအရာစာရွက်ကြီး၌ ဖော်ပြပါရှိသည့်အတိုင်းအမြဲထည့်သွင်းရမည်။

၆၆။ ။မှုပြစ်ပြုကျင့်ကျူးလွန်နည်းအကြောင်းအရာကိုစီစဉ်ဖော်ပြရာစာရွက်ကြီးတွင်မ
ပါမှု၍၊ အထူးသဖြင့်ထူးဆန်းသော တဆင့်မျိုးမည်ခွဲခြားဖော်ပြချက်ရှိခဲ့သော်၊ ငင်းတို့ကိုမှု
ပြစ်ပုံစံ ဂ၃ နှင့် ဂ၅ တွင်အကျယ်တဝင့်ထည့်တွင်းရေးသားရမည့်ပြင်၊ရာဇဝတ်မှုပြစ်မျိုး
မည်ခွဲခြားရေးဌာန ကြီးကြပ်အုပ်ချုပ်သူ အရာရှိ၏သဘောအတိုင်း၊ ခေါင်းစဉ်သစ်များကို
မှုပြစ်ပြုကျင့်ကျူးလွန်နည်းဖော်ပြရန် မာတိကာစကြောတွင်ထည့်သွင်းရမည်။ ငင်းခေါင်းစဉ်
များမှာအရေအတွက်နည်းနိုင်သရွေ့နည်းစေရမည့်ပြင်၊ ထူးခြားသည့်မှုပြစ်ပြုကျင့်ကျူးလွန်
နည်းမျိုးကြွင်းကျန်မှသာလျှင်ဖွင့်လှစ်စေရမည်။

၆၇။ ။ရာဇဝတ်ဌာနာအသီးသီးမှာ။ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနသို့ ရှာဖွေရန်ပုံစံ ၈၃ မည်ရွေ့မည်မျှတင်ပို့ကြောင်းအရေးအတွက်ပါရှိသည့် စာရင်းစာအုပ် (မှုပြစ်ပုံစံ ၈၈) တအုပ်စီထားရှိစေရမည်။နှစ်သစ်အစတိုင်းနံပါတ်စဉ်အသစ်ပေးရမည်။

၆၈ ။ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာန၌။ ရှာဖွေရန်မှုပြစ်ပုံစံ ၈၃ ရရှိသောအခါ။၎င်းဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိက။အမည်နှင့်ကိုယ်အင်္ဂါချိုတဲ့ခြင်းဖော်ပြရာ။တံတင်းနှင့်မှုပြစ်ကျူးလွန်နည်းဖော်ပြရာ မာတိကာစကြာတွင်ရှာဖွေ၍ မှုပြစ်ပုံစံ ၈၆ ကို ၂ စောင်ရေးသားပြီးလျှင်။(မှုပြစ်ပုံစံ ၈၉) စာရင်းစာအုပ်တွင်လိုအပ်သည့် အကြောင်းအရာများတင်သွင်းပြီးနောက်။ ၎င်းပြင်ဆင်ပြီးလက်ခံတစောင်ကို ဆိုင်ရာရာဇဝတ်ဌာနသို့ပို့ရမည်။

၆၉။ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနတွင် သတင်းချက် တစုံတရာမရှိခဲ့သော်။ မှုပြစ်ပုံစံ ၈၆ ကို (ရှာဖွေ၍မတွေ့) ဟူ၍ရေးသားပြန်ကြားလိုက်မည်။ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိက။မှုပြစ်ပုံစံ ၈၃ တွင်ပါရှိသောသတင်းချက်မှာမလုံလောက်၍။ မှုပြစ်ပုံစံ ၈၅ ပို့သော်လည်း။ အကျိုးကျေးဇူး တစုံတရာရှိမည်မထင်ခဲ့သော် (ရှာဖွေ၍မတွေ့) ဟူ၍ရေးသားပြီးနောက်။ (၎င်းအမှုမှာမှုပြစ်ထင်ရှားစီရင်ချက်မချခဲ့သော်။မှုပြစ်ပုံစံ ၈၅ ပို့ရန်မလို) ဟူ၍ထည့်သွင်းရမည်။

၇၀။ ။ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနတွင် သတင်းချက်တွေ့ရှိသည့်အခါ။ အမည်ရင်းနှင့်အခြားခေါ်ဝေါ်သည့်အမည်များ။ အဘ၏အမည်နှင့်နေရပ်များပြင်။ သက်သေမကင်းရှိခြင်း၏အကြောင်း အရာများဖော်ပြရန်အထူးသတိပြုရမည်။

၇၁။ ။လက်ခံမှုပြစ်ပုံစံ ၈၆ ကို။မှုပြစ်ပုံစံ ၈၃ နှင့်ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာန၌ပူးတွဲထားရှိစေရမည်။ စီရင်စုနယ်အသီးသီးအတွက်ဖိုင်တွဲများကိုနှစ်စဉ်သီးသန့်၍ရာဇဝတ်ဌာနာစာရေးသည်။ မှုပြစ်ပုံစံ ၈၈ တွင်လိုအပ်သည့် အကြောင်းအရာများကိုထည့်သွင်းပြီးသော်။ မူလမှုပြစ်ပုံစံလက်ခံကိုရာဇဝတ်ဌာနာရှိအမှုတွဲ၌ပူးတွဲ၍ထားရှိစေရမည်။

၇၂။ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနက သက်သေမကင်းရန် ရှိသူတို့၏ အမည်များကို မှုပြစ်ပုံစံ ၈၆ တွင်ဖော်ပြခဲ့လျှင်။၎င်းဖော်ပြသည့်ရာဇဝတ်သင့်သူများသည်။ ၎င်းရာဇဝတ်မှုဖြစ်ပွားသောနေ့ရက်တွင် သွားလာနေထိုင်ခြင်းများပြင်။ ၎င်းအမှုနှင့် ပတ်သက်သည်မပတ်သက်သည်ကိုစုံထောက်စစ်ဆေးသူအရာရှိကသေချာစွာချက်ခြင်းစုံစမ်းရမည်။

၇၃။ ။အမှုဆုံးခန်းတိုင်ရောက်သောအခါ။ ရာဇဝတ်ဌာနာကြီးကြပ်အုပ်ထိန်းသူအရာရှိကမှုပြစ်ပုံစံ ၈၅ ကို ၂ စောင်ရေးသားရမည်။၎င်းပုံစံကိုမှုပြစ်ပုံစံ ၈၃ နှင့်နံပါတ်စဉ်အတူတူဖြစ်စေရမည်။ မှုပြစ်ထင်ရှားစီရင်ခြင်းခံရသည့် အမှုများမှတပါး အခြားအမှုများ၌လက်ခံတစောင်မှာမှုပြစ်ပုံစံ ၈၈ တွင်လိုအပ်သည့်အကြောင်းအရာများတွင် တင်သွင်းပြီးလျှင်။ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနသို့ပို့၍။ကျန်လက်ခံတစောင်ကို။ရာဇဝတ်ဌာနာအမှုတွဲတွင်ပူးတွဲထားရမည်။ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာန၌အမည်တင်သွင်းသည့်မာတိကာစာချုပ်ထုတွင် သတင်းချက်များပြည့်စုံရန်အလို့ငှါ။ စုံထောက်စစ်ဆေးသူအရာရှိက စုဆောင်းရရှိသောအကြောင်းအရာအားလုံးကို မှုပြစ်ပုံစံ ၈၅ တွင် ထည့်သွင်းရန်သတိပြုရမည်။သတင်းချက်စုဆောင်းခြင်းနှင့် ရာဇဝတ်သင့်သူမျိုးမည်ခွဲခြားခြင်းများမှာ မှုပြစ်ပုံစံ ၈၅ တွင်ပါရှိသည့်သတင်းချက်များမှန်ကန်၍ပြည့်စုံနိုင်သမျှပြည့်စုံမှသာလျှင်။ ၎င်းသတင်းကိုအခြေခံပြုရသည်။

၇၄။ မှုပြစ်ပုံစံ ဂ၅၊ဇယားကွက် ၅ တွင်ရာဇဝတ်ဌာနခွဲကို ကြီးကြပ်အုပ်ချုပ်သူ အရာရှိများသည်၊တရားခံတဦးတယောက်အပြစ်ရှိခဲ့လျှင်၊စီရင်သည့်ရုံးအမည်၊အမှုနံပါတ်နှင့်ရက်စွဲများကိုထည့်သွင်းရမည်။ ၎င်းတရားခံအထက်ကမှုပြစ်ထင်ရှားစီရင်ခြင်း ခံရသည့် ပြစ်ချက်များ ဖေါ်ပြသော လက်မှတ်တစောင်ကို၊ အမှုစုံစမ်းစစ်ဆေးသည့်အရာရှိက ရေးသွင်းလက်မှတ်ရေးထိုးပြီး ပူးတွဲပေးပို့ရမည့်အပြင်၊ ၎င်းရာဇဝတ်သင့်သူသည်၊ စုံထောက်မှုဌာနလက်စွဲဥပဒေအပိုဒ် ၁ ပုဒ်မ ၄၅ နှင့်သက်ဆိုင်သည်၊မသက်ဆိုင်သည်ကိုလည်းရေးသားဖေါ်ပြရမည်။

၇၅။ အမှုဆုံးခန်းတိုင်ရောက်၍၊တရားခံသည်မှုပြစ်ထင်ရှားစီရင်ခြင်း ခံရလျှင်၊ ရာဇဝတ်ဌာနခွဲကိုကြီးကြပ်အုပ်ချုပ်သူအရာရှိတို့က၊ ရာဇဝတ်ပုံစံ ဂ၃ လက်ခံတစောင်နှင့်အတူတကွ ရာဇဝတ်ပုံစံ ဂ၅ လက်ခံတစောင်ကို၊ ဆိုင်ရာစီရင်စုနယ်ရာဇဝတ်ဝန်ထံသို့ပေးပို့ရမည်၊ထိုရာဇဝတ်ဝန်က၊ ၎င်းကို အထူးအမှုတွဲတခုဖွင့်လှစ်ပြီးလျှင်၊အယူခံဝင်ရန်အခွင့်ကာလကုန်သည့်တိုင်အောင် သိမ်းဆည်း ထားရှိစေရမည်။ မှုပြစ်ထင်ရှားစီရင်ခြင်းကိုအတည်ပြုသောအခါ၊ ဆိုင်ရာစီရင်စုနယ်ရာဇဝတ်ဝန်ကရာဇဝတ်ပုံစံ ဂ၅ ဇယားကွက် ၁၀ နှင့် ၁၁ တို့တွင်ဖြည့်သွင်းရေးသား၍၊ရာဇဝတ်မကင်းသူ၏ပုံသဏ္ဌာန်အကြောင်းအရာအစုံနှင့်တကွ၊ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနသို့၊ မာတိကာစာချုပ်တူ ပြုလုပ်ထားရန်ပေးပို့ရမည်။

တရားခံအား၊တရားရှင်လွှတ်သည့်ဖြစ်စေ၊တရားသေလွှတ်သည်ဖြစ်စေ၊ သို့မဟုတ်အမှုကို‘‘မှားယွင်းသည်’’ ‘‘လည်ဆယ်သည်’’ဟူ၍မျိုးမည်ခွဲခြားလျှင်၊ရာဇဝတ်ပုံစံ ဂ၅ ကို၊ ရာဇဝတ်ဌာနခွဲကိုကြီးကြပ်အုပ်ချုပ်သူအရာရှိက၊ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနသို့ တိုက်ရိုက်ပေးပို့ရမည်။

အယူခံဝင်ရာ၌စီရင်ချက်များကိုပြောင်းလဲခြင်းအကြောင်းအရာလနှင့်မှတ်တမ်းတခုကို၊ စီရင်စုနယ်ရာဇဝတ်ဝန်များကမှုပြစ်မျိုးမည်ခွဲခြားရေးဌာနသို့ပေးပို့ရမည်၊ ဤအလုပ်ဝတ်တရားများကိုသာမန်အားဖြင့်၊ စီရင်စုနယ်ရာဇဝတ်ဝန်ရုံးရှိလက်ဗွေနှိပ်မှတ်ဌာနခွဲကို ကြီးကြပ်အုပ်ချုပ်သူရာဇဝတ်အုပ်ကထမ်းဆောင်ရမည်။

၇၆။ စီရင်စုနယ်ရာဇဝတ်မျိုးမည်ခွဲခြား ရေးဌာနတွင်မှုပြစ်ပုံစံ ဂ၅ ကိုရရှိသောအခါ၊ကြီးကြပ်အုပ်ချုပ်သူအရာရှိက၊ ၎င်းရှိုးကြောင်းကိုမှုပြစ်ပုံစံ ဂ၉ တွင်တင်သွင်းရမည်။ အယူခံတွင်၎င်းမှုပြစ်ထင်ရှားစီရင်ခြင်းကိုအတည်ပြုခဲ့လျှင်၊ ၎င်းအရာရှိကရာဇဝတ်သင့်သူ၏နာမည်မာတိကာစာချုပ်တူဖြင့်ကြန့်အင်္ဂါရုပ်ပုံလက္ခဏာနှင့် မှုခင်းမျိုးမည် ကျူးလွန်နည်း များခွဲခြားပြသောစာရွက်သယ်များတွင် လိုအပ်သည့်အချက်များကိုရေးသွင်းပြီးလျှင်၊ မှုပြစ်ပုံစံ ဂ၃ နှင့် ဂ၆ တို့ကိုအတူတကွပူးတွဲထားရှိစေရမည်။ မှုပြစ်ထင်ရှားစီရင်ခြင်းခံရသူ၏ အမည်စာချုပ်တူကို ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနရှိမှတ်ပုံတင်သွင်းထားခြင်းမရှိသေးသော အမှုများ၌မှုပြစ်ပုံစံ ဂ၅ နှင့်ပူးတွဲထားသော ၎င်းသူ့အထက်က မှုခင်းထင်ရှားစီရင်ခြင်းခံရသောလက်မှတ်တွင် ၎င်းသူသည်အထက်ပါပုဒ်မ ၄၅ နှင့်သက်ဆိုင်ကြောင်းပါရှိလျှင်၊မှုပြစ်မျိုးမည်ခွဲခြားရေးဌာနကိုကြီးကြပ်သူအရာရှိက၊ ဆိုင်ရာစီရင်စုနယ်ရာဇဝတ်ဝန်ထံမှ၎င်းရာဇဝတ်သင့်သူအတွက်၊ လက်ရေးဖြင့်ရေးသားထားသောအမည်စာချုပ်တူတခုကိုတောင်းဆိုလိမ့်မည်။

## စတုတ္ထပိုင်း။ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနနှင့်လက်ထိပ်ဗွေနှိပ်မှတ်ဌာနဆက်သွယ်ခြင်းအကြောင်း။

၇၇။ လက်ထိပ်ဗွေနှိပ်မှတ်ဌာန ကြီးကြပ်အုပ်ချုပ်သူအရာရှိမှာ၊ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာန ကြီးကြပ်အုပ်ချုပ်သူ အရာရှိထံသို့၊ နေ့စဉ်ရာဇဝတ် ဌာနများမှ ရရှိသောပြစ်ချက်ဟောင်းများကိုရှာဖွေရန်လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များကိုရှာဖွေ၍တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ မှုပြစ်ပုံစံ ၉၀ တွင်စာရင်းလုပ်၍ပို့ရမည်။

၇၈။ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနကြီးကြပ်အုပ်ချုပ်သူအရာရှိမှာ၊ မှုပြစ်ပုံစံ ၉၀ ကိုရရှိသောအခါ၊ အမည်မာတိကာစာချပ်ထူထားသည့်တံဇင်းတွင်၎င်းအမည်ကိုရှာဖွေစေရမည်။

၇၉။ ၎င်းအမည်ကိုရှာဖွေ၍မတွေ့ရှိခဲ့သော်၊ ထပ်မံအရေးယူလိမ့်မည်မဟုတ်။

၈၀။ ၎င်းအမည်ကိုရှာဖွေတွေ့ရှိသည့်ပြင်၊ ၎င်းလူ၏မှုပြစ်မှာပုဒ်မ ၄၅ တွင်ဖော်ပြထားသော မှုပြစ်များအနက် ပြစ်မှုတစုံတရာဖြစ်ခဲ့လျှင်၊ ရာဇဝတ်မှုပြစ်မျိုးမည် ခွဲခြားရေးဌာနကြီးကြပ်အုပ်ချုပ်သူအရာရှိက၊ မှုပြစ်ပုံစံ ၉၁ ကို ၂ စောင်ပြင်ဆင်စေ၍၊ တစောင်မှာလိုအပ်သည့်အကြောင်းအရာများကို မှုပြစ်ပုံစံ ၉၂ တွင်တင်သွင်းပြီးနောက်၊ တစောင်ကိုဆိုင်ရာရာဇဝတ်ဌာနသို့ပေးပို့ရမည်။

၈၁။ မှုပြစ်ပုံစံ ၉၁ ကိုရရှိသောအခါ၊ ရာဇဝတ်ဌာနအုပ်အရာရှိက၊ ပုဒ်မ ၇၁ နှင့် ၇၂ တွင်ညွှန်ပြထားသောနည်းလမ်းအတိုင်းလိုက်နာဆောင်ရွက်ရမည်။

၈၂။ အမှုဆုံးခန်းတိုင်ရောက်သည့် အခါ၊ ရာဇဝတ်ဌာန ကြီးကြပ်အုပ်ထိန်းသူအရာရှိက မှုပြစ်ပုံစံ ၈၅ ကိုမိတ္တူပြင်ဆင်ရေးသား၍ ပုဒ်မ ၇၃ တွင်ညွှန်ပြသည့်နည်းလမ်းအတိုင်းလိုက်နာဆောင်ရွက်ရမည်။

၈၃။ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနကြီးကြပ်အုပ်ချုပ်သူအရာရှိသည်၊ မှုပြစ်ပုံစံ ၈၅ ကိုရရှိသောအခါ၊ မှုပြစ်ပုံစံ ၉၂ တွင်လိုအပ်သောအကြောင်းအရာများကိုတင်သွင်းရေးသည့်နောက်၊ ပုဒ်မ ၇၆ တွင်ညွှန်ပြထားသည့် နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၈၄။ ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာန၌မာတိကာစာချပ်ထူများထားသောတံဇင်းတွင်ထားရှိရမည့်မှတ်တမ်းတင်သွင်းရန်စာအုပ်နှင့်အမှုတွဲများမှာ၊

(၁) စီရင်စုနယ်ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေးဌာနက ရည်ညွှန်းချက် တောင်းဆိုခြင်းများမှတ်တမ်းတင်သွင်းရန်စာရင်းစာအုပ် (မှုပြစ်ပုံစံ ၈၉)။

(၂) စီရင်စုနယ်အသီးသီးမှရရှိသည့် မှုပြစ်ပုံစံ ၈၃၊ ၈၅ နှင့် ၈၆ တွင်ရည်ညွှန်းတောင်းဆိုခြင်းများနံပါတ်စဉ်အတိုင်း ပူးတွဲထားရမည် ဖြစ်သောနှစ်ရှည်အမှုတွဲ။

(၃) ပြောင်းလွှဲရန်အစီရင်ခံစာအမှုတွဲ မှုပြစ်ပုံစံ (၈၇)။

(၄) မည်သူ့အမှန်ဖြစ်သည်ကိုစစ်ဆေးရှာဖွေရန် လက်ထိပ်ဗွေနှိပ်မှတ်စာချပ်စာရင်းထည့်သွင်းထားသည့် မှုပြစ်ပုံစံ ၉၀ နှစ်စဉ်အမှုတွဲ။

(၅) မည်သူ့အမှန် ဖြစ်ကြောင်းကို၊ ရာဇဝတ် မှုပြစ်မျိုးမည် ခွဲခြားရေးဌာနက၊ စစ်ဆေးရရှိပြီး၍၊ လက်ထိပ်ဗွေနှိပ်မှတ် ဌာန၌တဖန် စစ်ဆေးမရရှိသေးသောရာဇဝတ်ကောင်းသူတို့နှင့်သက်ဆိုင်၍၊ စီရင်စုနယ် ရာဇဝတ်မှုပြစ်

မျိုးမည်ခွဲခြားရေးဌာနတို့သို့ ပို့သော မှုပြစ်ပုံစံ ၉၁ ကိုအပိုကူးရေးယူထားသောစာရွက်တို့၏နှစ်စဉ်အမှုတွဲနှင့်တကွမှုပြစ်ပုံစံ ၁၅ ကိုစီရင်စုနယ်အသီးသီးအတွက်အစဉ်အလိုက်။

(၆) မည်သူအမှန် ဖြစ်ကြောင်းကို ရာဇဝတ်မှုပြစ်မျိုးမည်ခွဲခြားရေး ဌာနကစစ်ဆေးရရှိပြီး၍၊ လက်ထိပ်ခွေနှိပ် မှတ်ဌာနကမှ၊ စစ်ဆေးမရသောရာဇဝတ်မကောင်းသူတို့နှင့်သက်ဆိုင်၍၊ စီရင်စုနယ်များသို့ အကြောင်းကြားရောက်ခြင်းများ၏စာရင်းစာအုပ်၊

(၇) ပေးစာပြန်စာအထွေထွေအမှုတွဲ။

(၈) အမိန့်ဆာကြလာအမှုဖိုင်တွဲ။

(၉) ပို့သောစာများမှတ်တမ်းတင်ရန်စာအုပ်။

(၂၀) ရရှိသောစာများမှတ်တမ်းတင်ရန်စာအုပ်။

အခန်း ၄။

## မှုပြစ်ထင်ရှားစီရင်ခံရသူများနှင့်၊အခြားသူများ၏ဓါတ်ပုံများကိုကူးယူခြင်း၊ မှတ်ပုံစာရင်းတင်ခြင်းနှင့်စပ်လျဉ်းသောနည်းဥပဒေများ အကြောင်း။

၁၅။ ။စစ်ဆေးစီရင်ခံရဆဲဖြစ်သောအကျဉ်းသားများကို၊အစဉ်အလာအားဖြင့်ဓါတ်ပုံမကူးမယူရ၊ သို့သော်လည်း ဓါတ်ပုံကူးရန်လိုလျှင်၊ ပဋ္ဌမတန်းရာဇဝတ်တရားသူကြီးထံဓါတ်ပုံကူးယူရန်အမိန့်ရရန်အလို့ငှါလျှောက်လွှာရေးသားတင်သွင်းရမည်၊ဒုတိယရာဇဝတ်ဝန်ထောက်တန်းအောက်နိမ့်သည့်မည်သည့်အရာရှိမဆို၊ ၎င်းလျှောက်လွှာကိုလက်မှတ်မရေးထိုးရ။

၁၆။ ။ပြစ်မှုထင်ရှားစီရင်ခံရသောသူများ၏ဓါတ်ပုံများကို၊ ၎င်းတို့သဘောတူသည်ဖြစ်စေ၊မတူသည်ဖြစ်စေ၊၎င်းတို့သည်ၤလက်ရှိဥပဒေအခန်း ၃၊ပုဒ်မ ၄၅ တွင်သတ်မှတ်ထားသော၊မည်သည့်ပြစ်မှုကိုမဆိုကျူးလွန်လျှင်၊ကူးယူလိမ့်မည်။ ဤကဲ့သို့ ပြုလုပ်ရန်အခွင့်အာဏာကို၊၁၉၂၀ပြည့်နှစ်၊အက်ဥပဒေ ၃၃၊ပုဒ်မ-၃-က အပ်နှင်းလေသည်။

၁၇။ ။ဓါတ်ပုံများကိုအောက်တွင်ဖေါ်ပြပါရှိသော နေရာဌာနများ၌သာ ကူးယူနိုင်ခွင့်ရှိသည်။

(က) အကျဉ်းထောင်များ။

(ခ) ရာဇဝတ်တရားသူကြီးရုံးများ။

(ဂ) ရာဇဝတ်ဌာနများ။

(ဃ) ရာဇဝတ်အချုပ်ထောင်များ။

၁၈။ ။ယောကျ်ားတယောက်ကိုဓါတ်ပုံရိုက်မည့်အခါ၌၊၎င်းမှာခါးအထက်တွင် အဝတ်အထည်များမဝတ်မဆင်ရ။ မိန်းမတဦးတယောက်ကိုဓါတ်ပုံရိုက်မည့်အခါတွင်၊ ၎င်းမိန်းမသည်ပြစ်မှုထင်ရှားစီရင်ခံရသူဖြစ်မဖြစ်အလျောက်၊ထောင်အဝတ်အထည်သော်၎င်း၊ဝတ်ဆင်မြဲအဝတ်အထည်သော်၎င်းဝတ်ဆင်ရမည်။

၁၉။ ။အထက်ပါပုဒ်မ ၁၆ တွင်သတ်မှတ်ထားပြီးလျှင်၊ (ထားဝယ်နှင့်မြိတ်မှတပါး) ပဲခူး၊ ရောဝတီ၊ တနင်္သာရီနှင့် မကွေးခရိုင်နယ်များရှိ အကျဉ်းထောင်များနှင့်၊မိတ္ထီ

လား၊ရမည်းသင်း၊မြင်းခြံ၊ပုဂံ၊မန္တလေးနှင့် မုံရွာအကျဉ်းထောင်များ၌၊အကျဉ်းခံနေရသော သူအရပ်ရပ်ကို၊စုံထောက်မှုဌာနဓါတ်ပုံကူးအရာရှိကဓါတ်ပုံရိုက်ယူလိမ့်မည်။ စီရင်စုနယ်ရာဇဝတ်ဝန်များနှင့် ရန်ကုန်မြို့မရာဇဝတ်ဝန်ကြီးသည်။ အင်္ဂလိပ်လဆန်း ၁ ရက်နေ့တိုင်း၌ စုံထောက်မှုဌာန ဓါတ်ပုံကူးအရာရှိဓါတ်ပုံရိုက်ယူရန်ရှိ၍၊ယင်းအကျဉ်းထောင်များတွင်။ အကျဉ်းခံရသူများ၏အမည်များကို မှုပြစ်ပုံစံ ၉၃ တွင်ထည့်သွင်းဖေါ်ပြလျက်။ စုံထောက်မှုဌာနဆိုင်ရာ။ ပြစ်မှုမျိုးမည်ခွဲခြား ရေးဆိုင်ရာဌာနသို့ အစီရင်ခံစာ ရေးသားပေးပို့ရမည်။ အကျဉ်းခံရသူအသီးသီးတို့၏အကျဉ်းထောင်နံပါတ်နှင့် အကျဉ်းထောင်သို့ပို့သောနေ့စွဲတို့ကိုပုံစံအကြောင်းအရာဇယားကွက်တွင်ထည့်သွင်းရမည်။ အကျဉ်းထောင်ရှိသော အခြားအရပ်ဒေသများ၌၊ဒေသန္တရဆိုင်ရာစီမံခြင်းများကိုပြုလုပ်ရမည်။

၉၀။ ။(၆ လ၊သို့မဟုတ် ၆ လအောက်) ရက်တိုထောင်ဒဏ်၊သို့မဟုတ်ကြိမ်ဒဏ် အစီရင်ခံရသည့်တရားခံ၊သို့မဟုတ်အာမခံနှင့်လွှတ်ထားသည့် တရားခံဖြစ်သည့် အမှုများတွင်ဖြစ်စေ။ သို့မဟုတ်စစ်ဆေးစီရင်ဆဲဖြစ်သည့် အကျဉ်းသားများဖြစ်သည့်အချက်တွင်ဖြစ်စေ၊ ဆိုင်ရာအကျဉ်းသား၏ ဓါတ်ပုံများရိုက်ယူရန်ဒေသန္တရဆိုင်ရာ စီမံခြင်းများပြုလုပ်ရမည်။၎င်းကိစ္စ၌စုံထောက်အရာရှိတို့၏အကူအညီကိုတတ်နိုင်လျှင်ရယူရမည်။အထက်ကမှုပြစ်ထင်ရှားစီရင်ခြင်းမခံရဘူးသူတယောက်အတွက်အမည်စာချုပ်ထုတ်ဖွင့်သောအခါ၊၎င်းသူ၏ဓါတ်ပုံကိုအတင်းအကြပ်မရိုက်ယူရ။

၉၁။ ။ဒေသန္တရဆိုင်ရာဓါတ်ပုံရိုက်ယူသောအကျဉ်းသားများ၏မှန်များကို၊ပြစ်မှုမျိုးမည်ခွဲခြားရေးဆိုင်ရာဌာနသို့မှတ်တမ်းတင်သွင်းထားရန်ပေးပို့ရမည်။

၉၂။ ။ဓါတ်ပုံများကိုအစဉ်အလာအားဖြင့်အယူခံဝင်ရန်အချိန်ကာလမကုန်မီမရိုက်မကူးရ။

ဒေသန္တရဆိုင်ရာစီမံခြင်းပြုလုပ်ရာစီရင်စုနယ်များ၌၊ ၎င်းအချက်ကို မေ့လျော့လစ်လပ်ခြင်းတစုံတရာမရှိစေရန်အလို့ငှါ။ လက်ထိပ်ခွဲနှိပ်မှတ်ဌာနသို့ လက်ထိပ်ခွဲနှိပ်မှတ်စာချုပ်များပေးပို့သောအခါ။ဓါတ်ပုံများကိုရိုက်ယူရမည်။

၉၃။ ။ဓါတ်ပုံများသည် ကိုယ်အထက်ပိုင်းမျက်နှာရှေ့တည့်တည့်နှင့်။ ကိုယ်အထက်ပိုင်းဘေးစောင်း ၂ မျိုး ၂ စားရှိစေ၍၊အနံ ၃½ လက်မနှင့်၊အလျား ၄ ½ လက်မရှိစေရမည်။အမှားမရှိစေရန်အကျဉ်းသား၏အမည်များနှင့်။ ၎င်းတို့၏အဘအမည်များကိုမင်နှင့်ရေး၍။ ၎င်းတို့၏ဓါတ်ပုံမှန်များ၏ကျောဘက်၌ကပ်ထားရမည်။ ဓါတ်ပုံတစုံကို။ ပြစ်မှုမျိုးမည်ခွဲခြားရေးဆိုင်ရာဌာန၌။ ၎င်းအကျဉ်းသား၏အမည်မာတိကာစဉ် စက္ကူထုချပ်နှင့် တွဲထားလိမ့်မည်။

၉၄။ ။စီရင်စုနယ်များသို့ဓါတ်ပုံအစုံများပေးပို့ရာ၌၊ပြစ်မှုမျိုးမည်ခွဲခြားရေးဆိုင်ရာဌာနကို ကြီးကြပ်အုပ်ချုပ်သူအရာရှိသည်။ ရာဇဝတ်ပုံစံ ၆၄ ကိုစာချုပ် ၂ စောင်ပြုလုပ်လိမ့်မည်၊တစောင်ကိုပြစ်မှုမျိုးမည်ခွဲခြားရေးဆိုင်ရာဌာန၌ စီရင်စုနယ် အသီးသီးအတွက်။ အမှုတွဲများသတ်သတ်ပြုလုပ်တွဲထား၍၊ နှစ်အဦးအစတိုင်း၌အမှုတွဲသစ်တခုဖွင့်ရမည်။ မူလစာစောင်ကိုစီရင်စုနယ်ရာဇဝတ်ဝန်ရုံး၌၊ အမှုတွဲပြုလုပ်တွဲထား၍၊ နှစ်အဦးအစတိုင်း၌အမှုတွဲသစ်တခုဖွင့်ရမည်။

၉၅။ ။အောက်ပါအကျဉ်းသားများနှင့် သက်ဆိုင်သောအမှုများ၌၊ စီရင်စုနယ်ပြစ်မှုမျိုးမည်ခွဲခြားရေးဆိုင်ရာဌာနများသို့ဓါတ်ပုံတမျိုးလျှင်တခုကျစီအပိုပေးပို့လိမ့်မည်။

(က) ထားပြတိုက်ခြင်း၊ လုယက်ခြင်း၊ အိမ်ဖေါက်ထွင်းခြင်းများဖြင့် အသက်မွေးသူများနှင့်

(ခ) ခါးပိုက်နှိုက်ခြင်းနှင့်အသက်မွေးသူများ။

အောက်ပါရာဇဝတ်မကောင်းသူတို့နှင့် သက်ဆိုင်လျှင်၊ မျက်နှာရှေ့တည့်တည့်နှင့် ဘေးစောင်းဖြစ်သောနှစ်မျိုးနှစ်စားသော ဓါတ်ပုံတို့ကိုရန်ကုန်မြို့မျိုးမည် ခွဲခြားရေးဆိုင်ရာဌာနသို့အပိုတခုကူးယူပေးပို့လိမ့်မည်။

(၁) ထားပြများ၊ သို့မဟုတ်လုယက်သူများ၊
(၂) အိမ်ဖေါက်ထွင်းသူများ၊
(၃) သူခိုးများ၊
(၄) ခါးပိုက်နှိုက်များ၊
(၅) လိမ်လည်သူများ၊

၉၆။ အထက်ပါမှုပြစ်ကျူးလွန်သူအမျိုးမျိုးအတွက်၊ ဓါတ်ပုံများကိုထည့်သွင်းရန် အယူးစက္ကူအုပ်တခုစီဖွင့်ထား၍၊ ၎င်းတို့၏ဓါတ်ပုံများကို သေချာစွာအစဉ်အတိုင်း ကပ်ထားပြီးလျှင်နံပါတ်စဉ်များပေးထားလိမ့်မည်။ စီရင်စုနယ်ရာဇဝတ်ဝန်၏ရုံး၌ ဤကဲ့သို့သော စက္ကူအုပ်နှစ်အုပ်ဖွင့်ထား၍၊ တအုပ်ကိုထားပြများနှင့်လုယက်သူတို့အတွက်နှင့်၊ အခြားတအုပ်ကိုအိမ်ဖေါက်ထွင်းသူများနှင့်ခါးပိုက်နှိုက်များအတွက်ထားရှိလိမ့်မည်။ ဤစက္ကူအုပ်အသီးသီးအတွက်နံပါတ်စဉ်တခုစီပေးထား၍၊ ထားပြတို့၏ဓါတ်ပုံများကို လုယက်သူတို့၏ဓါတ်ပုံများမှသော်၎င်း၊ အိမ်ဖေါက်ထွင်းသူတို့၏ဓါတ်ပုံများကိုခါးပိုက်နှိုက်တို့၏ ဓါတ်ပုံများမှသော်၎င်း၊ ခွဲထုတ်ရန်ကြိုးစည်ပြုလုပ်ခြင်းမရှိရ။ ဤစက္ကူအုပ်များတွင်ထည့်သွင်းရမည့်အရာများမှာ ဓါတ်ပုံများ၏နံပါတ်စဉ်များသာဖြစ်သည်။ ရာဇဝတ်မကောင်းသူတို့၏အမည်များနှင့် အခြားအကြောင်းအရာများကို၎င်းစက္ကူအုပ်များ၌မည်သည့်အကြောင်းကြောင့်မျှ မထည့်သွင်းရ။ ဤစက္ကူအုပ်များအတွက်မာတိကာစဉ်များကို သီးသန့်သောစာရင်းစာအုပ်တခုတွင် ရေးသွင်းထား၍၊ ဓါတ်ပုံတခု၏နံပါတ်စဉ်နှင့်တည့်တည့်၌၊ ရာဇဝတ်မကောင်းသူ၏အမည်၊ ၎င်း၏အဘအမည် ၎င်း၏နေရပ်နှင့်၊ ၎င်း၏စီရင်စုနယ်လက်ထိပ်မှတ်တမ်းမှတ်နံပါတ်နှင့်နေ့စွဲတို့ကို မှတ်သားရေးသားလိမ့်မည်။ အထက်ဖေါ်ပြပါအမှုမျိုး၌တရားလိုကပြ၍ သက်သေတဦးတယောက်ကဖြစ်စေ၊ မှုပြစ်ကျူးလွန်သူတို့ကိုမှတ်မိသည်ဟုပြောဆိုသောအခါများ၌ မည်သူမည်ဝါအမှန်ဖြစ်ကြောင်းညွှန်ပြရန်အလို့ငှါ၊ ဓါတ်ပုံစက္ကူအုပ်များနှင့် ၎င်းတို့၏ မာတိကာစဉ်များကိုတတ်နိုင်လျှင်အသုံးပြုရမည်။ မည်သူအမှန်ဖြစ်ကြောင်းညွှန်ပြမည့်သူအား စက္ကူအုပ်ကိုသာပြရမည်။ ရုံးပိုင်ဝန်ထောက်သည်အမှုစစ်ဆေးသူအရာရှိအား၊ ရာဇဝတ်မကောင်းသူတယောက်ကို၎င်း၏ဓါတ်ပုံအားဖြင့်မည်သူအမှန်ဖြစ်ကြောင်းညွှန်ပြပြီးမှသာ၊ မာတိကာစဉ်များကို ကြည့်ရှုခွင့်ပြုရမည်။

၉၇။ ရာဇဝတ်ပြစ်မှုကျူးလွန်သူ တဦးတယောက်၏ဓါတ်ပုံကို၊ မှတ်ပုံတင်ထားရှိကြောင်း၊ မှတ်ပုံစာရင်းစာအုပ် ၂၊၃ နှင့် ၇ တွင်ပါရှိသော ကြောင်းအရေးအသားကွက်၌ " P.H. " ပီအိတ်-ချ် ဟူသောအင်္ဂလိပ်အက္ခရာများကိုမင်နီဖြင့်ရေး၍မှတ်သားရမည်။

၉၈။ ရာဇဝတ်ပြစ်မှုမျိုးမည်ခွဲခြားရေးဆိုင်ရာဌာနကို ကြီးကြပ်အုပ်ချုပ်သူ အရာရှိသည်သေတ်မှတ်ထားသောရာဇဝတ်ပြစ်မှုကျူးလွန်သူတို့၏ဓါတ်ပုံများပူးတွဲ၍မရှိသိသာရန်၊ မိမိ၏အမည်မာတိကာစဉ်စက္ကူထုချုပ်ကိုမကြာခဏစစ်ဆေးရမည်။ ပျောက်ရှနေသည်ကိုတွေ့ရှိခဲ့လျှင်ရုံးထောက်မှုဌာနဓါတ်ပုံကူးအရာရှိထံ၊ မိမိအားဓါတ်ပုံများပေးရန် ချက်ခြင်းအမိန့်ထုတ်ပေးရမည်။

၉၉။ ဓါတ်ပုံရိုက်ကူးထားရှိ၍ ရာဇဝတ်ပြစ်မှုကျူးလွန် ထွက်ပြေး တိမ်းရှောင်နေသောသူမည်သူမဆို၏စာရင်းကို ရာဇဝတ်ပြစ်မှုဆိုင်ရာဂဇက်တွင် ထည့်သွင်းကြော်ငြာရန်၊ စုံထောက်မှုဌာနသို့ပေးပို့သောအခါ၊ ၎င်းမှာပုံစံ ပြစ်မှု ၂၀ / ရာဇဝတ် ၆၂ လက်ယာဘက် အထက်ထောင့်တွင်မင်နီဖြင့် "P.H." ပီအိတ်-ချ်ဟူသော အင်္ဂလိပ် အက္ခရာများပါရှိစေရမည်။ စုံထောက်မှုဌာနက၊ ၎င်းဓါတ်ပုံကိုရာဇဝတ်ပြစ်မှုဆိုင်ရာဂဇက်တွင်ကူးယူထည့်သွင်းရန်လိုအပ်သည်ဟုထင်မြင်လျှင်၊ ကူးယူထည့်သွင်းရမည်။

၁၀၀။ ရာဇဝတ်ပုံစံ ၆၄ နှင့် ၉၃ တို့၏စံနမူနာများကို ဤလက်စွဲဥပဒေ နောက်ဆက်တွဲ ၆ ၌တွေ့ရှိလိမ့်မည်။

## အခန်း ၅။

## သေနတ်လက်နက်များပျောက်ဆုံးခြင်း၊ နိုင်ငံခြားမှယူလာခြင်းနှင့်စပ်လျဉ်း၍ အစီရင်ခံရန်နည်းဥပဒေများအကြောင်း။

၁၀၁။ ရာဇဝတ်ဝန်များနှင့်နိုင်ငံရေးအရေးပိုင်တို့သည်၊ အောက်၌ဖေါ်ပြသည့်အမျိုးအစား၌ပါဝင်သောလက်နက်များ၊ လက်နက်နှင့်သက်ဆိုင်သည့်အရေးကြီးသောအစိတ်အပိုင်း၊ ခဲယမ်းမီးကျောက်များပျောက်ဆုံးခြင်း၊ သူခိုးခိုးခြင်း၊ ပြန်လည်ရရှိခြင်းနှင့် စပ်လျဉ်း၍ သတင်းများကို၊ စစ်ဘက်ဆိုင်ရာမှဖြစ်စေ၊ တရားဘက်ဆိုင်ရာမှဖြစ်စေ၊ ပြည်သူပြည်သားတို့ထံမှဖြစ်စေ ရရှိက၊ မြန်မာနိုင်ငံတော်စုံထောက်မှုဆိုင်ရာရာဇဝတ်ဝန်ကြီးထံသို့ အစီရင်ခံစာပေးပို့ကြရမည်။

(၁) စက်သေနတ်များ၊ ပေါ်သောဘော်တိုဖက်တစ်လက်နက်များ၊ လက်ပစ်ဗုံးများနှင့်ကောင်းကင်တပ်တော်ဆိုင်ရာလက်နက်ကိရိယာများ။

(၂) အစိုးရသို့မဟုတ်ပြည်သူပြည်သားတို့ပိုင်ဆိုင်သော ရိုက်ဖယ်သေနတ်များ၊ ခြောက်လုံးပြူးနှင့်ပြောင်းသေနတ်များ။

(၃) ·၃၀၃ အခေါင်းရှိသည့်သေနတ်ပြောင်းများနှင့်မောင်းတံများ။

(၄) အပြောက်စက်သေနတ်နှင့်လွန်မင်းစွာလျင်မြန်သည့် ရိုက်ဖယ်သေနတ်များအတွက်ခဲယမ်းမီးကျောက်များ။

(၅) စနက်များနှင့်မြည်လျက်ပေါက်ကွဲသည့်အရာများပါဝင်သော၊ အရိုင်းအခဲအတိုင်းဖြစ်စေ၊ တကြိမ်ပစ်ရန် ထည့်သည့် ခဲယမ်း ကိရိယာအတိုင်းဖြစ်စေ၊ လွန်မင်းစွာပေါက်ကွဲစေတတ်သည့်ဓါတ်သေ့ဒ္ဒများ။

၁၀၂။ သူခိုးခိုးယူကြောင်းနှင့် သက်သေခံထင်ရှား ရှိသည့်အခါတိုင်း၌ ဖြစ်စေ၊ သက်သေမကင်းရန် အကြောင်းယုတ္တိရှိသည့်အခါတိုင်း၌ဖြစ်စေ၊ အထက်ပါအချက်အမျိုးအစားများနှင့်စပ်လျဉ်းသည့် အစီရင်ခံချက်များကိုကြေးနန်းဖြင့်အစီရင်ခံရမည်။ အခြားအချက်များတွင်၊ အစီရင်ခံချက်များကိုစာဖြင့်အစီရင်ခံရမည်။ အချက်အရပ်ရပ်တွင်၊ ပျောက်ဆုံးသည့်လက်နက်များ၊ ၎င်းတို့၏အစိတ်အပိုင်းများ၊ သို့မဟုတ်ခဲယမ်းမီးကျောက်များကိုခွဲခြား၍သိနိုင်စေရန်အလို့ငှါ၎င်း၊ ခိုးသူများ၏ခိုးယူပုံနည်းနာများမှစ၍၊ ၎င်းတို့၏အသွင်သဏ္ဌာန်နှင့်စပ်လျဉ်း၍၎င်း၊ ရရှိနိုင်သရွေ့အခြင်းအရာအလုံးစုံကို၊ အစဦးအစီရင်ခံချက်၌သော်၎င်း၊ နောက်လျင်စွာဆက်လက်ပေးပို့သည့်အစီရင်ခံချက်၌သော်၎င်း၊ ပါဝင်နိုင်စေရန် စွမ်းနိုင်သလောက်လုံ့လထုတ်ရမည်။

၁၀၃။ ။မြန်မာနိုင်ငံတော်စုံထောက်မှုဌာနမှာ။ အထက်ဖော်ပြရာပါ အစီရင်ခံချက်များကိုရရှိသည့်အခါ။စုံထောက်၍ပြန်လည်ရရှိနိုင်ရန်အလို့ငှါသင့်လျော်သောဆောင်ရွက်မှုဆောင်ရွက်ခင်းကိုကြီးကြပ်စီမံရန်အတွက်တာဝန်ခံယူရမည်။ မည်သည့်အချက်၌မဆို။ အနောက်မြောက်နယ်ခြားမှ။ လက်နက်များကိုခိုးယူခြင်းအားဖြင့်။ အသက်ဆုံးရှုံးသည့်ခိုးသူများပါဝင်ခိုးယူကြောင်းနှင့်ယုံမှားရှိရန်အကြောင်းယုတ္တိပေါ်ပေါက်လျှင်။ ရရှိနိုင်သရွေ့အခြင်းအရာအလုံးစုံနှင့်တကွ။အနောက်မြောက်နယ်ခြားနိုင်ငံပက်ယှာဝါရှိ။သတင်းပေးဌာနခွဲသို့ကြေးနန်းဖြင့် သတင်းပေးရမည်။ (ကြေးနန်းလိပ်-ပန်နစ်စမင့်) (Punishment) ပက်ယှာဝါ(Peshawar).

၁၀၄။ ။အတွင်းပြောင်းချော သေနတ် လက်နက်များ။ ၎င်းတို့အတွက် ခဲယမ်းမီးကျောက်များ။ထားလွယ်များ။လှံစွပ်များ။ စစ်ဝတ်တန်းဆာများပျောက်ဆုံးခြင်းနှင့်သူခိုးခိုးယူခြင်းတို့ကို။ယခုနည်းဥပဒေများအရအစီရင်ခံရန်မလို။ပြောင်းလဲပြုပြင်ထားသည့် မာတနီဟင်နရီခေါ်သေနတ်နှင့်။ ဆနိုက်ဒါခေါ်သောဖွင့်သေနတ်များလည်း။ အတွင်းပြောင်းချောသေနတ်လက်နက်အမျိုးများတွင်ပါဝင်သည်။

၁၀၅။ ။ရိုက်ဖတ်သေနတ်လက်နက်များအတွက်။ခဲယမ်းမီးကျောက်များဖြစ်သည့်အချက်တွင်။ယမ်းထောင့်ဆယ်တောင့်ထက်မများဘဲပျောက်ဆုံးလျှင်သော်၎င်း။ ပြန်လည်တွေ့ရှိလျှင်သော်၎င်း။အစီရင်ခံရန်မလို။

၁၀၆။ ။မြန်မာနိုင်ငံတော်တွင်းသို့။ လက်နက်များနှင့်ခဲယမ်းမီးကျောက်များကို လျှို့ဝှက်တင်သွင်းယူဆောင်လာရန်စဥ်းစား၍ ကြိုးစားအားထုတ်ခြင်းများကို သတင်းပေးဌာနဝန်ထံသို့ချက်ခြင်းအစီရင်ခံရမည်။ထိုနည်းအတူမြန်မာနိုင်ငံသို့လျှို့ဝှက်တင်သွင်း ယူဆောင်လာသည်ဟုအထင်ရှိသော သေနတ်လက်နက်တို့ကို တွေ့ရှိလျှင်။၎င်းဝန်ထံသို့ပင်အစီရင်ခံရမည်။

၁၀၇။ ။မည်သည့်အခါမဆို။ ဖမ်းဆီးရမိသောအရာဝတ္ထုတို့အကြောင်းအရာ အစုံအလင်ကိုအစီရင်ခံရသောအခါ၌ဖြစ်စေ။ အစီရင်ခံပြီးများမကြာမီဖြစ်စေ။ ပေးပို့ရမည်။ဥပမာ။သေနတ်လက်နက်ဖြစ်လျှင်။ လုပ်သောသူ၏အမည်။ လုပ်သောနေရာဌာန။ နံပါတ်။ ပြောင်းဝအကျယ်နှင့် အခြားသိသာထင်ရှားသော အမှတ်များ။ယမ်းတောင့်များဖြစ်လျှင်။ လုပ်သောသူ၏အမည်။ပြောင်းဝအကျယ်နှင့်အခြားသိသာထင်ရှားသောအမှတ်များ။လက်နက်နှင့်ခဲယမ်းမီးကျောက်တို့ကို လျှို့ဝှက်တင်ဆောင် ယူသွင်းသည်။ သို့မဟုတ်လျှို့ဝှက်တင်ဆောင်ယူသွင်းရန် ကြိုးစားအားထုတ်သည်ဟု။ တိုင်တန်းချက်နှင့်စပ်လျဥ်း၍။စတင်တရားစွဲဆိုသောအခါတိုင်း၌အစီရင်ဆုံးဖြတ်ချက်ကိုလည်းသတင်းပေးဌာနဝန်ထံသို့ပေးပို့ရမည်။

၁၀၈။ ။ပုဒ်မ ၁၀၆ နှင့် ၁၀၇ တွင်ပါဝင်သော ညွှန်းချက်တို့သည်။ အကောက်ဘဏ်ဆိုင်ရာဌာနကဖမ်းဆီးရမိသောသေနတ်နှင့်ခဲယမ်းမီးကျောက်တို့၏ ၃ လတကြိမ်အစီရင်ခံစာစာရင်းနှင့်မသက်ဆိုင်ချေ။၎င်းစာရင်းတို့ကိုအစဥ်အလာအားဖြင့် စုံထောက်မှုဆိုင်ရာဌာနကဆက်လက်၍ပေးမြဲပေးပို့ရမည်။

၁၀၉။ ။လက်နက်များ။ သို့မဟုတ်ခဲယမ်းမီးကျောက်များကို။ မြန်မာနိုင်ငံတော်အတွင်းသို့ရေကြောင်းဖြင့်ဖြစ်စေ။ ကြည်းကြောင်းဖြင့်ဖြစ်စေ။ လျှို့ဝှက်ယူသွင်းရန်ကြံစည်အားထုတ်ခြင်းများကို။ ဆင်မလာမြို့သတင်းပေးဌာနဆိုင်ရာဝန်သို့။ ပုဒ်မ ၁၀၆ နှင့်၁၀၇ တို့တွင်ပြဌာန်းထားသည့်အတိုင်းအစီရင်ခံနိုင်ရန်။စီရင်စုနယ်ရာဇဝတ်ဝန်များက။ မြန်မာနိုင်ငံတော်မီးရထားဌာနနှင့်။စုံထောက်မှုဆိုင်ရာရာဇဝတ်ဝန်ကြီးထံသို့ကြေးနန်းဖြင့် အစီရင်ခံကြရမည်။

၁၁၀။ နိုင်ငံတွင်းလုပ်သောသေနတ်လက်နက်များ၊ သို့မဟုတ်ရှေ့ထိုးသေနတ်လက်နက်များမှတပါး အခြားသေနတ်လက်နက်စသည်တို့ပျောက်ဆုံးခြင်း၊သူခိုးခိုးယူခြင်း၊ဖမ်းဆီးခြင်း၊ပြန်လည်ရရှိခြင်းများနှင့်စပ်လျဉ်းသည့်အစီရင်ခံစာအရပ်ရပ်ကို၊ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်၌ထည့်သွင်းကြော်ငြာစေမည်။၎င်းအစီရင်ခံစာများတွင် သီးခြားလက်နက်တစုံတရာ၊သို့မဟုတ်၎င်း၏အစိတ်အပိုင်းတစုံတရာကိုခွဲခြားသိနိုင်စေရန်လိုသည့်အကြောင်းအရာအရပ်ရပ်ကို၊ယင်းအစီရင်ခံစာများတွင်အစဉ်သဖြင့်ထည့်သွင်းရမည်။

၁၁၁။ ပျောက်ဆုံးခြင်းများမှာ၊ အိန္ဒိယအစိုးရမင်းတို့သိရှိစေလောက်အောင် ရေးကြီးခွင်ကျယ်ဖြစ်သည့်အခါ၌သော်၎င်း၊သို့မဟုတ်တိုင်းသူပြည်သားတို့အကျိုး ပါဝင်သက်ဆိုင်သည့်အကြောင်းအရာများနှင့်တန်းတူဖြစ်လောက်အောင်ရေးကြီးခွင့်ကျယ်ဖြစ်သည့်အခါ၌သော်၎င်း၊၎င်းပြင်လည်းဆိုလတ္တံ့သည့်အချက်များတွင်၊

(၁) အခွံခဲခေါ်ကုလားလူမျိုးများ၊ သို့မဟုတ်သေနတ်ခိုးခြင်းဖြင့်အသက်မွေးမှုသောအခြားသေနတ်သူခိုးများပါဝင်သည့်လက္ခဏာရှိသော သေနတ်ခိုးမှုဖြစ်သည့်အခါ၊

(၂) စစ်တပ်များတွင်ရှိရာ၌ဖြစ်စေ၊ သီးခြားလူများလက်တွင်ရှိရာ၌ဖြစ်စေ၊ မီးရထား၊သို့မဟုတ်အခြားလမ်းခရီးများဖြင့်ယူဆောင်ရာ၌ဖြစ်စေ၊သေနတ်လက်နက်နှင့်ခဲယမ်းမီးကျောက်များ သိမ်းဆည်းခြင်းအတွက်ဖြစ်သည့်တည်ဆဲ နည်းဥပဒေများမှာ၊ ချွတ်ယွင်း၍ပြင်ဆင်ရန်သင့်ကြောင်းကို၊ ၎င်းပျောက်ဆုံးခြင်း၌ ပေါ်ပေါက်သိရှိရသည့်အခါ၊ ယင်းပျောက်ဆုံးခြင်းများအကြောင်းကို၊မြန်မာနိုင်ငံတော်မီးရထားဌာနနှင့်စုံထောက်မှုဆိုင်ရာရာဇဝတ်ဝန်ကြီးက၊ ဆင်မလာမြို့၊ သတင်းပေးဌာနဝန်ကြီးထံသို့ကြေးနန်းဖြင့်အကြောင်းကြားလိမ့်မည်။ ၎င်းပြင်စီရင်စုနယ်ရာဇဝတ်ဝန်ကတင်သွင်းသည့်နောက်ထပ်အစီရင်ခံစာ အရပ်ရပ်ကိုလည်း၊ရေးကူး၍၊ယင်းသတင်းပေးဌာနဝန်ကြီးထံသို့ပေးပို့လိမ့်မည်။

၁၁၂။ စီရင်စုနယ်အသီးသီးတို့၌၊စီရင်စုနယ်ရာဇဝတ်ဝန်ကိုယ်တိုင်၊ သေနတ်လက်နက်များနှင့်ခဲယမ်းမီးကျောက်မှတ်ပုံစာရင်းတခုကို စာအုပ်လွတ်တခုတွင် ပြုလုပ်ရေးသားထားရမည်။၎င်းစာအုပ်ကိုခြောက်ပိုင်းခွဲခြားထား၍၊ သုံးလလျှင်တကြိမ်ကျ ရေးသွင်းခြင်းပြုလုပ်ရမည်။၎င်းအပိုင်းများသည်အောက်ပါအတိုင်းရေးသွင်းရန်ဖြစ်သည်။

(၁) စီရင်စုနယ်တွင်းရှိထုတ်ပေးထားသောရိုက်ဖတ်သေနတ်များ၊သေနတ်များ၊ခြောက်လုံးပြူးနှင့်မြင်းသေနတ်များအတွက်လိုက်ဆင်အစုစုပေါင်း။
(၂) မှုပြစ်ကျူးလွန်ရန် သေနတ်များငှါးသည်၊ သို့မဟုတ်ခဲယမ်းမီးကျောက်ပေးကမ်းသည်ဟုသင်္ကာမကင်းရန်ရှိသောလိုက်ဆင်ရသူတို့၏အမည်များ။
(၃) စီရင်စုနယ်တွင်းရှိ၊ လိုက်ဆင်မရရှိသောသေနတ်များ၊သို့မဟုတ်ခိုးယူသောသေနတ်များကိုပိုင်ဆိုင်သည်ဟုသင်္ကာမကင်းရန်ရှိသူတို့၏ အမည်များ လွန်ခဲ့သည့်သုံးလအတွင်းက၊၎င်းကဲ့သို့သောသေနတ်များကို ဖမ်းဆီးရန်မည်သည့် အရေးယူခဲ့ကြောင်းပြရန်၊ သုံးလတကြိမ် အစီရင်ခံစာတမ်းများပြုလုပ်ရမည်။

(၄) စီရင်စုနယ်တွင်းရှိ ခဲယမ်းမီးကျောက်ကိုမတရားသဖြင့် ထောက်ပံ့ပေးကမ်းခြင်းနှင့် ၎င်းကိုပိတ်ပင်တားဆီးရန်အရေးယူချက်များအတွက်သုံးလတကြိမ်အစီရင်ခံစာတမ်းများ။

(၅) စီရင်စုနယ်တွင်းရှိ သေနတ်လက်နက်များကိုခိုးယူခြင်းခံရသောသူများ၏အမည်များနှင့်ခိုးယူသွားသောလက်နက်များ၏အကြောင်းအရာ၊ ၎င်းတို့ကိုပြန်လည်ရရှိရန်လွန်ခဲ့သည့် သုံးလအတွင်းက မည်သည့်အရေးယူခဲ့ကြောင်းပြရန်၊ သုံးလတကြိမ်အစီရင်ခံစာတမ်းများပြုလုပ်ရမည်။

(၆) စီရင်စုနယ်အတွင်းနေထိုင်၍သေနတ်များကိုပြန်လည်ရုပ်သိမ်းခြင်းခံရသောလူအသီးသီး၏အမည်များနှင့်ရုပ်သိမ်းရသည့်အကြောင်းအရာများ။

၁၁၃။ နိုင်ငံတော်အတွင်း၌ပျောက်ဆုံးကြောင်း၊ သို့မဟုတ်ခိုးယူ ကြောင်းနှင့် အစီရင်ခံ၍ပြန်လည်မရရှိသေးသောသေနတ် လက်နက်များအတွက်နှစ်စဉ်ဖေါ်ပြရာ စာတမ်းတရပ်ကိုပြုလုပ်၍ စုံထောက်မှုဆိုင်ရာဌာနရှိ ရာဇဝတ်ပြစ်မှုဆိုင်ရာဌာနက၊ ဇန္နဝါရီလတွင်ရာဇဝတ် ပြစ်မှုဂေဇက်၌ အထူးလက်နက်နောက်ဆက်တွဲ အဖြစ်ဖြင့် ထုတ်ပြန်သည်။ ၎င်းအထူးလက်နက်နောက်ဆက်တွဲတစောင်ကို လွယ်ကူစွာပြန်လည်ကြည့် ရှုနိုင်ရန်၊ ပုဒ်မ ၁း၂ ၌ ဖေါ်ပြပါရှိသောမြို့နယ်ဆိုင်ရာလက်နက်အမှုတွဲ၌ထည့်သွင်း၍ထားရမည်။ ယင်းအထူးလက်နက်နောက်ဆက်တွဲအခြားတစောင်ကို စီရင်စုနယ်ရာဇဝတ်ဝန်ရုံး၌ ရာဇဝတ်ပြစ်မှုဆိုင်ရာစာရေးက လွယ်ကူစွာပြန်၍ကြည့်ရှုနိုင်ရန် သိမ်းဆည်းထားရမည်။

ရာဇဝတ်အရာရှိ အရပ်ရပ်မှာ၊ ဆိုခဲ့သည့်သေနတ်လက်နက် များကိုသတိပြုကြည့်ရှု၍ လက်နက်တစုံတရာကိုမည်သည့်အခါ၌ ဖမ်းဆီးရမိသည်ဖြစ်စေ၊ ပြန်လည်ရရှိသည်ဖြစ်စေ ထိုစာရင်းစာတမ်းကိုပြန်၍တိုက်ဆိုင်ကြည့်ရှုကြရမည်။

အထူးလက်နက်နောက်ဆက်တွဲကို အချိန်ကာလနောက်မကျအောင် ထားရှိစေရန်၊ အမှားပြင်ဆင်ချက်နှင့် ထပ်မံဖြည့်စွက်ချက်များကို စဉ်ဆက်ပြုလုပ်ရမည်။

၎င်းနှစ်စဉ်ဖေါ်ပြရာစာရင်းစာတမ်း တစောင်ကိုသတင်းပေးဆိုင်ရာဌာန ဝန်ထံသို့ပေးပို့ရမည်။

၁၁၄။ ပြင်လယ်နှင့်နီးစပ်လျက်ရှိသော စီရင်စုနယ်ရာဇဝတ်ဝန်များနှင့် ရန်ကုန်မြို့ရာဇဝတ်ဝန်ကြီးတို့သည် ပြင်လယ်သွားသင်္ဘောများမှဖမ်းဆီး သို့မဟုတ် ပြန်လည်ရရှိသော သေနတ်လက်နက်များနှင့်ပတ်သက်သည့် လစဉ်အစီရင်ခံစာတို့ကို၊ နောက်ဆက်တွဲ ၇-တွင်ပြထားသောပုံစံဖြင့်ဆက်သွင်းရမည်။ ၎င်းအစီရင်ခံစာတို့မှ ကောက်နုတ်၍ သုံးလတကြိမ်စာရင်းစာတမ်းတခုကိုစုံထောက်မှုဌာနဆိုင်ရာရာဇဝတ်ပြစ်မှုဌာနသို့ပြုလုပ်၍၊ အိန္ဒိယပြည်သတင်းပေးဌာနဝန်ထံသို့ဆက်သွင်းလိမ့်မည်။

၁၁၅။ လက်နက်ဥပဒေအရ သေနတ်လက်နက်ကိုင်ဆောင်ရန် လိုင်စင် ရရှိထိုက်သူတို့သည် ၎င်းတို့၏လိုင်စင်များပါ စည်းကမ်းအချက်များကို ကျူးလွန်သောကြောင့်၊ မိမိတို့လိုင်စင် ဖျက်သိမ်းခြင်းခံရသော အမှုများ ကြာမကြာ ဖြစ်လေ့ရှိသည်။ ယင်းအကြောင်း ခြင်းရာကို စီရင်စုနယ်များနှင့်စပ်လျဉ်းဖြစ်ပွားခဲ့သော် ဆိုင်ရာစီရင်စုနယ် ရာဇဝတ်အဖွဲ့ကသာလျှင်သိရှိ၍၊ ရန်ကုန်မြို့နှင့်စပ်လျဉ်းဖြစ်ပွားသည့် အချက်တွင်ရန်ကုန်မြို့ ရာဇဝတ်အဖွဲ့ကသာလျှင်သိရှိသည်။ အနာဂတ်ကာလ၌ စီရင်စုနယ်ရာဇဝတ်ဝန်များက၊ မြန်မာနိုင်ငံတော်မီးရထားဌာနနှင့်စုံထောက်မှုဆိုင်ရာရာဇဝတ်ဝန်ကြီးထံသို့၊ အသက်မွေးကောင်းခြင်းကြောင့်သော်၎င်း၊ လိုင်စင်ရရှိသူတို့ကလိုင်စင်ပါစည်းကမ်းအချက်များကိုကျူးလွန်သောကြောင့်သော်၎င်း၊ လိုင်စင်ရထိုက်လျက်အပယ်ခံရသူတို့ကိုလိုင်စင်မပေးခြင်းငြင်းပယ်

သည့်အမှုသို့ပေါ်တင်သူတို့၏လိုက်ဆင်များကိုရုပ်သိမ်းသည့်အမှုအရေးတို့ကိုနက်နဲစွာ အစီရင်ခံကြရမည်။ ၎င်းတို့၏အမည်များကိုရာဇဝတ်မှုဆိုင်ရာ အရေးပေါ်နက်ရှိုင်းစွာ ဆက်တွဲတွင်ထည့်သွင်းဖော်ပြထားရမည်။ သို့ဖြစ်ရာ ၎င်းများ၏စီရင်စုနယ်အတွင်း၌ နေထိုင်၍ သေနတ်ကိုင်ဆောင်ခြင်းအတွက်လိုက်ဆင်ထုတ်ပေးရန် မသင့်တော်သူတို့ သည်။ ၎င်းတို့ကိုသိသည့်အခြားစီရင်စုနယ်သို့သွားရောက်၍ သေနတ်လိုက်ဆင် တောင်းခံခြင်းကိုတားမြစ်ရန်ရည်ရွယ်ခြင်းဖြစ်သည်။

ယင်းသို့သောသူများကိုစာရင်းစုပေါင်း၍လည်းကောင်း ပုဒ်မ ၁၁၃ တွင်ဖေါ်ပြထား သော စာရင်းစာတမ်းနှင့်အတူနှစ်စဉ်ဇန္နဝါရီလတွင်တင်ပြရမည်။

၁၁၆။ နိုင်ငံအစိုးရမင်းတို့၏အမိန့်အာဏာအရလိုက်ဆင်ရရှိသော သေနတ်လက် နက်အားလုံးကိုလိုက်ဆင်ထုတ်ပေးသူနှင့်လဲလှယ်ပေးသူအရာရှိတို့ကမကြာမကြာစစ်ဆေး ကြည့်ရှုရမည်ဖြစ်ရာ၊ ထိုသို့စစ်ဆေးကြည့်ရှုခြင်းကို၊ ရာဇဝတ်အမှုထမ်း အရာထမ်း တို့အား အပ်နှင်းပြီးစီးစေနိုင်သည်။ သာမန်အားဖြင့်လိုက်ဆင်ရရှိသူတို့သည်၎င်းတို့၏ လိုက်ဆင် များကြောင့်ကိုင်ဆောင်ရသောသေနတ်လက်နက်တို့ကိုအင်စပက်တော်ထက်ရာထူး မနိမ့် သောအရာရှိတဦးထံယူဆောင်လာ၍ စစ်ဆေးသောအခါ၊ ထုတ်ပြရမည်။ အင်စပက်တော်များသည်မိမိတို့ဆိုင်ရာနယ်မြေအတွင်းရှိအားလုံးသော သေနတ်လက်နက် တို့ကိုစစ်ဆေးရန်မတတ်နိုင်သည့် အရပ်ဒေသများ၌ရာဇဝတ်အုပ်နှင့် စာရေးများကို၎င်း ကိုယ်စားအလို့ငှါအသုံးပြုနိုင်သည်။

၁၁၇။ အထက်ပါပုဒ်မတွင် ပြောဆိုခဲ့သောရာဇဝတ် အရာရှိတို့အား၊ လိုက်ဆင် ထုတ်ပေးသူနှင့်လဲလှယ်ပေးသူအရာရှိကလက်မှတ်ထိုး၍စာချုပ်ရေးသား ထားသော အမိန့် အာဏာများပေးအပ်ရမည်။ အမိန့်အာဏာတွင်။ အရာရှိ၏အမည်အဆင့် ဖေါ်ပြ၍။ အောက်ပါပုံစံအတိုင်းဖြစ်စေရမည်။

၁၉၂၄ ခုနှစ်၊ အိန္ဒိယနိုင်ငံလက်နက်များဥပဒေအရထုတ်ဆင့်သောအမိန့်အာဏာ။

ဤ ______________________________ ကိုပေးရန်။

ခင်ဗျားသည်၊ အိန္ဒိယနိုင်ငံ လက်နက်များဥပဒေပါ နည်းဥပဒေ ၄၅ အရ၊ ကျွန်ုပ် ထုတ်ပေး/လဲလှယ်ပေး လိုက်သော * __________ နေ့စွဲပါ လိုက်ဆင် နံပါတ် * __________

အရခင်ဗျားကိုင်ဆောင်ထားသော သေနတ်လက်နက်များကို၊ * __________ က စစ်ဆေးရန်အတွက်။ ၁၉၂ ခုနှစ်။ † __________ နေ့ (နေ့စွဲ) † __________

အချိန်တွင် † __________ (နေရာ) ၌ထုတ်ပေးရမည်။ လိုက်ဆင် ထုတ်ပေး/လဲလှယ်ပေး သူ

အရာရှိ __________ စီရင်စုနယ်/နယ်ပိုင်နယ် __________။

(အမိန့်အာဏာမချအပ်မီဆုတ်ယူရမည်။)

မှတ်ရန်။ *လိုက်ဆင် ထုတ်ပေး/လဲလှယ်ပေး သူအရာရှိကဖြည့်သွင်းရေးမှတ်ရမည်။

† အမိန့်အာဏာတွင်ဖေါ်ပြပါရှိသည့်အရာရှိကဖြည့်သွင်းရေးမှတ်ရမည်။ နေရာသည် သာမန်အားဖြင့်၎င်းလိုက်ဆင်ရရှိသူ၏နေအိမ်ဖြစ်စေရမည်ဖြစ်၍။ အချိန်မှာမူ နေထွက်နှင့်နေ ဝင်စပ်ကြားဖြစ်ရမည်။

၁၁၈။ ။သေနတ်သက်နက်ကို အင်စပက်တော်ရောဇဝတ်အုပ်၊ သို့မဟုတ်စာဇင်က စစ်ဆေးကြည့်ရှုနေစဉ်ကိုးရာဇဝတ်ဌာနအရှိုရင်းလိုက်ဆင်၏ မိတ်တူပေါ်တွင် မှတ်သားရေး ထားရမည်၊

၁၁၉။ ။စုံထောက်မှုဆိုင်ရာဌာနက၊ ရောင်းဝယ်ဖေါက်ကားသူများသွင်းသည့် သေနတ်လက်နက်များရောင်းချကြောင်းရေးကူးချက်များကို၊ နိုင်ငံအချင်းချင်းအပြန်အလှန်မှန်မမှန်စစ်ဆေးခြင်းအမှုကိုပြုလုပ်ဆောင်ရွက်သည်၊ သို့သော်လည်း လူအသီးအခြားတို့ကမိမိတို့ဝန်စည်အဖြစ်နှင့် ယူဆောင်လာသည့်သေနတ် လက်နက်များသွင်းယူကြောင်း ရေးကူးချက်များနှင့်စပ်လျဉ်း၍ကားဆောင်ရွက်ပြုလုပ်ခြင်းမရှိ။

၁၂၀။ ။ပုံစံ "ရောင်းသောစာအုပ်မှကောက်နုတ်ချက်" ၌လက်နက်များကို မှန်မမှန် စစ်ဆေးသောအခါ၊ ဇီရင်စုနယ်ရာဇဝတ်ဝန်သည်နောက်ဆုံးပုံနှိပ်စာတိုင်း၌၊ အောက်ပါအကြောင်းအရာများသည့် သွင်းပါရှိစေရမည်။

("မှန်မမှန်စစ်ဆေးခြင်းနှင့်စပ်လျဉ်းသည့်အကျိုးအပြစ်။")

(၁) ဇီရင်စုနယ်လိုက်ဆင်နံပါတ်။

(၂) လိုက်ဆင်ကို ဇီရင်စုနယ်ရာဇဝတ်ဝန်ရုံးစာရင်း စာအုပ်နံပါတ် ၄၉ တွင် မှတ်သားပြီးမပြီး။ (ဇီရင်စုနယ်ရာဇဝတ်ရုံး ဥပဒေလက်စွဲပုဒ်မ ၂၄၄ ကိုကြည့်)။

(၃) ဆိုင်ရာရာဇဝတ်ဌာနဘ၌ရင်းလိုက်ဆင်ကိုကူးယူ၍ပူးတွဲထားမထား။

အခန်း ၆။

ဗင်္ဂါးလိပ်များ၊ဗင်္ဂါးလုပ်သောကိရိယာတန်ဆာများ၊အစိုးရမင်းတို့ ထုတ်ဝေသော ငွေစက္ကူများကို၊ တုပလိမ်လည်ပြုလုပ်မှုများနှင့် စပ်လျဉ်းသည့် ဥပဒေများ အကြောင်း။

၁၂၁။ ။တရားရုံးတော်တွင်စစ်ကြောစီရင်သည့်အမှုများ၌ဗင်္ဂါးလိပ်များ၊ ဗင်္ဂါးလုပ်သော ကိရိယာ တန်ဆာများကို၊ စစ်ကြောစီရင်သည့် ရာဇဝတ်တရားသူကြီးက၊ငွေတိုက်အရာရှိထံသို့ ပေးပို့ရမည်၊ ၎င်းငွေတိုက်အရာရှိက၊ အင်းစိန်မြို့ မြန်မာနိုင်ငံတော် ဓါးရထားဌာနနှင့် စုံထောက်မှုဆိုင်ရာ ရာဇဝတ်ဝန်ကြီးရုံးသို့၊ ၎င်းတို့ကိုပေးပို့ရမည်။

၁၂၂။ ။၎င်းတို့ကိုစီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်းသည့်နည်းဥပဒေများမှာ၊ အောက်ပါအတိုင်းဖြစ်သည်။

(က) ရာဇဝတ်ကျင့်ထုံး ကိုဥပဒေပုဒ်မ ၅၁၇၊ ၅၂၃၊ သို့မဟုတ် ၅၂၄ အရ၊ တရားရုံးတော်သို့ တင်ပို့သော ဗင်္ဂါးလိပ်များအတွက်၊ ဆက်လက်၍ ဆောင်ရွက်ရန် မလိုသည့်အခါ၊အစိုးရမင်းတို့ဗင်္ဂါးလုပ်သော ဌာနသို့၊ အင်းစိန်မြို့မြန်မာနိုင်ငံတော်ဓါးရထားဌာနနှင့်စုံထောက်မှု ဆိုင်ရာရာဇဝတ်ဝန်ကြီးရုံးရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ထံမှတဆင့်ပေးပို့နိုင်ရန် အလို့ငှါ၊၎င်းရာဇဝတ်တရားသူကြီးကအနီးဆုံးငွေတိုက် အရာရှိထံသို့ဖြစ်စေ၊ဒုတိယငွေတိုက်အရာရှိထံသို့ဖြစ်စေပေးပို့ရမည်။

(ခ) ဗင်္ဂါးလိပ်များလုပ်ရာတွင် အသုံးပြုသောညှပ်ပုံများ၊ တံဆိပ်တုံးများမှစ၍ အခြားကိရိယာ တန်ဆာ များကို၊ ၎င်းနည်းတူပင် စီမံဆောင်ရွက်ရမည်။

(ဂ) အင်းစိန်ရှိ မြန်မာနိုင်ငံတော်မီးရထားဌာနနှင့်စုံထောက်မှုဆိုင်ရာဓာတ်ခွဲခန်းကြီးရှိ ဓာတ်ဗေဒဆိုင်ရာ ဝန်ထောက်ထံသို့ပေးပို့သော ဗင်္ဂါလီဇမ်များ၊ သို့မဟုတ် ကိရိယာ တန်ဆာများနှင့်အတူ၊ အမှတ်ရှိမည့်အကြောင်းအရာအလုံးစုံကို အောက်ပါခေါင်းစဉ်များအတိုင်း၊ ငွေကိုက်အရာရှိ သို့မဟုတ် ဒုတိယငွေကိုက်အရာရှိက ရေးသား ဖော်ပြပေးပို့ရမည်။

(၁) တရားခံများရှိလျှင်၊ ၎င်းတို့အရေအတွက်။
(၂) ဖမ်းဆီးသောနေ့စွဲ။
(၃) စီရင်စုနယ်။
(၄) သက်ဆိုင်သည့်ရာဇသတ်ကြီးဥပဒေပုဒ်မ။
(၅) သုံးစွဲပြီး၊ သို့မဟုတ်တွေ့ရှိသောဗင်္ဂါလီဇမ် အမျိုးအမည်နှင့် အရေအတွက်၊ ကိရိယာတန်ဆာများရှိခဲ့လျှင်၊ အမျိုးနှင့် အရေအတွက်ပြင်၊ အမှတ်အဖြစ်အပျက် အကြောင်းအရာအစုံအလင်၊
(၆) ဗင်္ဂါလီဇမ်လုပ်သည့်သေတ္တာပုံသဏ္ဌာန်၊
(၇) လုပ်ပုံနည်းလမ်းများ။
(၈) မည်ကဲ့သို့အမှုကိုစီရင်ဆုံးဖြတ်ခြင်း။

(ဃ) စီရင်ချက်ကိုရေးကူး၍ပေးပို့ရန်မလို၊ ပေးပို့လိုက်သော အစီရင်ခံစာမှာ အကျိုးရှိမည့် သို့မဟုတ်အရေးကြီးသည့်အကြောင်း အချက်အရာရာကို အကျဉ်းချုပ်ဖော်ပြရမည်။

၁၂၃။ စစ်ဆေးကြားနာစီရင်ရန်မတင်မပို့ဘဲ ဆောင်ရွက်ဆုံးဖြတ်သည့်အမှုတွင်၊ ဗင်္ဂါလီဇမ်များကို၊ ၎င်းတို့မှာမှန်ကန်သည်မှာ ရှိအမျိုးအစားနှင့်ခြား၍ ဓာတ်ဗေဒတရားသူကြီးတဦးဦး၏အမိန့်နှင့်၊ ပိုင်ရှင်သို့ ပြန်ပေးသည် မဟုတ်လျှင်၊ ၎င်းပြင် ဗင်္ဂါလီပြုလုပ်သော ကိရိယာတန်ဆာများကို၊ ပုဒ်မ ၁၂၂ တွင်ဖော်ပြထားသည့် အတိုင်း၊ အမှတ်အကြောင်း အရာအတွက်များ ပြည့်စုံအကျဉ်းချုပ်နှင့်တကွ ရေးသား၍ စီရင်စုနယ် ဓာတ်ဗေဒတရားသူကြီးထံသို့ ပေးပို့ရမည်၊ ၎င်းကတဖန် အင်းစိန်ရှိ မြန်မာနိုင်ငံတော်မီးရထားဌာနနှင့်စုံထောက်မှုဆိုင်ရာ ဓာတ်ခွဲခန်းကြီးရှိ ဓာတ်ဗေဒဆိုင်ရာ ဝန်ထောက်၏ ရုံးသို့ပေးပို့ရန် ငွေကိုက်အရာရှိသို့ပေးအပ်ရမည်။

၁၂၄။ အောက်ပါပုဒ်မများ အရ၊ ကာလကတ္တားရှိ အစိုးရတိုက်၏ ငွေဗင်္ဂါလုပ်ရာဌာနဝန်သို့၊ ငွေဗင်္ဂါလုပ်မှုနှင့် ပတ်သက်၍ပေးပို့ရန် ကိရိယာတန်ဆာများမှာ၊ ပုံများလုပ်ရန်ညှပ်များ၊ ဗင်္ဂါများလုပ်ရန်ပုံများ၊ ဗင်္ဂါများသွန်းရန်ပုံများသာဖြစ်သည်။

ဗင်္ဂါလုပ်ရာတွင်သုံးစွဲသော အခြားမည်သည့်ကိရိယာတန်ဆာနှင့် ဝတ္ထုများ မဆို၊ အစိုးရဗင်္ဂါလုပ်သောဌာနအသုံးမဝင်၊ ၎င်းတို့ကိုဖျက်ဆီးရန်၊ သို့မဟုတ်အခြားနည်းဖြင့် လုပ်ရန်အမိန့်များကို ဆိုင်ရာဓာတ်ဗေဒတရားသူကြီး ထံမှခံယူရမည်။

၁၂၅။ ယင်းအကြောင်းနှင့် စပ်လျဉ်း၍ စုံထောက်မှုဆိုင်ရာဌာနရှိ ဓာတ်ပြင်မှုဆိုင်ရာဌာနက ဆောင်ရွက်ရမည့် ဝတ်တရားများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကာလကတ္တားရှိ အစိုးရမင်းတိုက်ဗင်္ဂါလုပ်သော ဌာနဝန်သို့၊ အထက်၂ါ အမိန့်များအရ ၎င်းထံပေးပို့သည့် အစီရင်ခံစာနှင့် အစီရင်ခံစာရင်း အရပ်ရပ်ကို ပေးပို့ရမည်။

(ခ) ကာလကြာသွားမှ အစိုးရမင်းတို့အင်္ဂါလုပ်ငန်းဆိုင်ရာဌာန ဝန်ထံပို့သော အင်္ဂါလိပ်များကိုပေးပို့ရမည်။ (အင်္ဂါ၏စံနှုန်းနှင့်အညွှန်းတုံးများရှိနေ သည့်အချက်များဖော်ပြထားသို့မပေးပို့ရသေး။ ၎င်းတို့ကိုဆိုင်းဆည်းထား ၍အစိုးရမင်းတို့အင်္ဂါလုပ်ငန်းဌာနဝန်သို့ ကြောင်းကြားရမည်။)

(ဂ) ကာလကြာသွားမှအစိုးရမင်းတို့အင်္ဂါလုပ်ငန်းဆိုင်ရာဌာနဝန်သို့ (တံဆိပ်ပုံ၊ သွင်းပုံအစရှိသော) အင်္ဂါလုပ်ရန်ကိရိယာတန်ဆာ အရေအတွက်ကိုပေးပို့ ရမည်။

(ဃ) ရရှိသောအင်္ဂါလိပ်များကို၊ လက်ဝယ်ရှိပြီးဖြစ်သောအင်္ဂါ စံနှုန်းများနှင့် ယှဉ်၍ကြည့်ရှု၍ လိုအပ်သည့် အခါဆိုင်ရာစီရင်စုနယ် အရာရှိများ အားအထောက်အကူရှိသည့်အင်္ဂါလိပ်များနှင့်၎င်းတို့ကပေးပို့သည့် အင်္ဂါ လိပ်များသည်တစ်ပုံတစ်ရာတည်းသည်ကိုတွေ့ရှိကြောင်းနှင့် ညှိပြီးရမည်။ သိမြင်းဘဲသက္ကရာဇ်ကွက် တစ်ပုံတစ်ရာတည်းတည်က လုပ်ဟန်လက္ခ ဏာရှိသောအင်္ဂါလိပ်များကိုအခြေအနေများပြင်ဆင်ပြီးသောအခါ၊ ဆိုင်ရာစီရင်စုနယ်ရာဇဝတ်အရာရှိ၏ ထံအားကြောင်းကြား၍အရေးယူ ရန်အကြံပေးရမည်။ သို့ရာတွင်ရာဇဝတ်မှုဖြစ်ရာဒေသ၏ရုံးထံမှ သတင်းရရှိ ရာတွင်၊ လိုအပ်သည်ဟုမြင်သည့်အခါတိုင်း ယင်းနည်းအတူအရေး ယူဆောင်ရွက်ရမည်။

၁၂၆။ အထက်ပါ အမိန့်များကိုလိုက်နာဆောင်ရွက်ရာတွင် မိမိရုံးဌာနနှင့် ဓာ ဆောက်မှုဆိုင်ရာရာဇဝတ်ဝန်ကြီးဌာနကာလကြာသွားမှအစိုးရအင်္ဂါလုပ်ငန်းဆိုင်ရာဌာနဝန် နှင့်တိုက်ရိုက်စာရေး၍ဆက်သွယ်နိုင်ခွင့်ရှိသည်။ သို့သော်လည်းပြဋ္ဌာန်းမထားသည့် အစီရင်ခံစာ ကိုဤစာအစီရင်ခံစာရင်းကိုဖြင့်ပေးသင့်မည်။

၁၂၇။ ငွေစက္ကူလိပ်များပေါ်ပေါက်သည့်အခါ ရာဇဝတ်အဖွဲ့က လိုအပ်သည်ဟု အထင်ရှိသည့် စုံစမ်းမေးမြန်းခြင်းကို ပြုလုပ်ရမည်။ အချို့အမှုအခင်းတို့ကို စုံထောက်ရာ၌ လက်ဦးပြမကာပင် မြော်လင့်ဘွယ်မရှိကြောင်း သိသာသောအမှုအခင်းမျိုး၌ပင်လျှင် သတင်းချက်ဖွင့် ရန်မလိုချေ။ စုံထောက်စစ်ဆေးရန်လည်းမလိုချေ။

၁၂၈။ ပြမှုသတင်းချက်ဖွင့်ရမည်မဖွင့်ရမည်ကိုတိုက်ပိုင်အင်စပက်တော်တာ၏ မြို့ အသက်ပေးလိုမည်ဖြစ်သည့်စုံထောက်စစ်ဆေးရန်တော်သင့်သည့်အမှုမျိုးကို ရွေးချယ် ရာ၌ခေတ်ပိုင်းခြားစဉ်းစားဉာဏ်ကိုထုတ်ရမည်။

၁၂၉။ ဤနည်းနိသျကိုလိုက်နာခြင်းအားဖြင့်၊ ရာဇဝတ်အဖွဲ့သည်၊ အထမြောက် အောင်ဆောင်ရွက်နိုင်ရန်အကြောင်းရှိသောအမှုအခင်းတို့တွင်အထူးဂရုစိုက်၍အားထုတ် ဆောင်ရွက်နိုင်လေသည်။ ထို့ပြင် မြော်လင့်ဘွယ်မရှိသောအမှုများကို တာဝန်မကင်း၍ ရှောင်ပြီးစစ်ဆေးစုံစမ်းသည့်အစား အထူးကျင်လည်သောအရာရှိတို့သည်၊ ပေါ်ပေါက်မည် အထင်ရှိသောအမှုအခင်းတို့ကို၊ သေချာပြီးပြစ်စစ်ဆေးစုံစမ်းလျှင်၊ ငွေစက္ကူလိပ်လည်တုပ ပြုလုပ်သောသူတို့ကိုစုံထောက်ခြင်း၌ပိုလွယ်၍အကျိုးရှိလေသည်။

၁၃၀။ စီရင်စုနယ်ရာဇဝတ်ဝန်များနှင့်စီရင်စုနယ်ရာဇဝတ်ဝန်ထောက်၊ သို့မဟုတ် ဒုတိယထောက်ဝန်ထောက်တို့သည်၊ မိမိတို့၏ လက်အောက်ငယ်သားတို့ငွေစက္ကူလိပ်လည်း တုပပြု လုပ်သောအမှုအခင်းတို့ကိုစုံစမ်းမေးမြန်းရာ၌၊ သေချာစွာဂရုစိုက်၍ကြီးကြပ် ကြည့်ရှုရန်လို လေသည်။

၁၃၁။ ငွေစက္ကူ ၁၀ တန်နှင့်၊ ၎င်းထက်နိမ့်သောအကိုးဆိုက်သော ငွေစက္ကူလိမ်အသစ်ဖြန့်ဝေထားသောကြောင့်ဖြစ်ပေါ်ရာဖြစ်သော ပြဿနာပေါ်ပေါက်ခြင်းကို ရန်ကုန်မြို့ ငွေစက္ကူဝန်ထံသို့၊ ၎င်းငွေစက္ကူပေါ်ပေါက်ရာ ပြည်နယ်စိုင်ရာ ရာဇဝတ်ဝန်ကထောက်ခြင်းစာအားဖြင့် အစီရင်ခံရမည်။ ငွေ ၁၀ အောက်အကိုးနည်းသော အကိုးရှိသော ငွေစက္ကူ လိမ်များဖြစ်ပြီး အချက်[illegible] အသစ်ဖြစ်သော အမှုများကိုသာ ရန်ကုန်မြို့ငွေစက္ကူဝန်ထံ အစီရင်ခံရမည်။ ယင်းသို့အစီရင်ခံသောအခါ၌ ၎င်းလိမ်ညတုပသော ငွေစက္ကူ၏ အမျိုးအမည်[illegible] နံပါတ်တို့ အသင်းစဉ်အမှတ်များကိုထည့်သွင်းဖော်ပြရမည်။ ၎င်း[illegible] ဗဟိုဘဏ်ဌာန ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စုံထောက်မှုဆိုင်ရာ ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ထံသို့ ၎င်းအစီရင်ခံချက် မိတ္တူပေးပို့ရမည်။

[illegible] ၁၀ တန်နှင့် ၎င်းထက်[illegible] [illegible]

[illegible]

၁၃၄။ ငွေ ၁၀ အောက်[illegible] [illegible] ၎င်းအစီရင်ခံစာကို ရေးကူးပေးပို့ရမည်။

၁၃၅။ ငွေစက္ကူများလိမ်လည်တုပပြုလုပ်ရန်သုံးစွဲသည့် ကိရိယာတန်ဆာနှင့် ငွေများကိုသုံးခြင်းကို အမှုစစ်ဆေးသောအခါက ဆုံးဖြတ်သိမ်းမည်။ သက်သေခံပစ္စည်း[illegible] အသုံးအဆောင်များကိုဖျက်ဆီးပြစ်ရန်အလို့ငှါ ရာဇဝတ် အမှုထမ်းအရာထမ်းများထံသို့ပေးပို့ရမည်ဖြစ်သောအခါ ခရိုင်ရာဇဝတ်ဝန်က တင်ပြထားသော အမှုများသည် အလွန်အရေးကြီး မှတ်သားဖွယ်ဖြစ်၍ သိမ်းဆည်းထားသင့်သည်ဟုထင်မြင်လျှင်း အင်းစိန်မြို့ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုရဲတပ်ဖွဲ့ စုံထောက်မှုဆိုင်ရာ ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ထံသို့ရာဇဝတ်ပြတိုက်တွင် ထားရန်ပေးပို့ရမည်။ ကျန်ရှိသောပစ္စည်းများ၌ တင်ပြထားသောအရာများကို ဖျက်ဆီးပြစ်ရန် ခရိုင်ရာဇဝတ်ဝန်ကိုယ်တိုင်စီမံလုပ်ရမည်။

၁၃၆။ ခရိုင်ရာဇဝတ်အတွင်းရှိသည့် ဒင်္ဂါး လုပ်ကိုင်ခြင်းနှင့် လိမ်လည်တုပသည့်အကိုးရငွေစက္ကူများနှင့်စပ်လျဉ်းသည့် သတင်းများ အတွက် စာအုပ်လွှတ်တစ်ခုကို နှစ်ပိုင်းခွဲ၍ခြား

ပြုလုပ်ထားရှိလိမ့်မည်။ ဤစာအုပ်အလွှတ်ကို ရာဇဝတ်ပြစ်မှုဆိုင်ရာစာရေးက ရေးသွင်းထားရှိလိမ့်မည်။ လွန်ခဲ့သော သုံးလအတွင်းက ဖမ်းဆီးရမိသော အဂ္ဂါလိမ်များ အမျိုးအစား၊ ၎င်းတို့ကိုပြုလုပ်သည့်နည်းနိဿယ၊ မတရားထုတ်ပေးရာနေရာဌာန၊ ၎င်းတို့ကို ပြုလုပ်ရာ၌ ပါဝင်သက်ဆိုင်ကြောင်းသက်သေမကောင်းရှိသည့်သူများနှင့်ရင်ကွက်များ၏အမည်များ၊ ၎င်းတို့ကိုကူညီအားပေးသူများနှင့်လဲလှယ်သုံးစွဲသူများနှင့်စပ်လျဉ်း၍သုံးလတကြိမ်မှတ်သားချက်များရေးသွင်းပြုလုပ်ရမည်။ လိမ်လည်တုပသည့် အစိုးရငွေစက္ကူများကို ဖမ်းဆီးရမိခြင်းနှင့်စပ်လျဉ်း၍သုံးလတကြိမ်ရေးသွင်းရာ၌ ၎င်းနည်းအတိုင်း လိုက်နာပြုလုပ်ရမည်။ စီရင်စုနယ်တခုအတွင်း၌ထူးခြားသော အမျိုးတူဖြစ်သည့်ငွေစက္ကူလိမ်များ ပေါ်ရာ၌ ပေါ်ပေါက်လာသည့်အခါများ၌၊ ဤအမျိုးတူများ အတွက် အထူးစာမျက်နှာများ ထားရှိရမည်။ ထိုမှသာအလျင်စလိုကြည့်ရှုစစ်ဆေးသောအခါ၌၊ ၎င်းအမျိုးတူများကိုဖမ်းဆီးရမိသော နေရာများနှင့်၊ ၎င်းတို့ကိုထုတ်ပေးသုံးစွဲသည့်သူတို့၏ အမည်များကိုသိနိုင်လိမ့်မည်။

အဂ္ဂါလိမ်များနှင့်လိမ်လည်တုပပြုလုပ်သောငွေစက္ကူများနှင့် စပ်လျဉ်းသော သုံးလတကြိမ်မှတ်သားချက်ကို တစောင်ရေးကူး၍၊ အင်းစိန်၌၊ မြန်မာနိုင်ငံတော် မီးရထားနှင့်ရုံးထောက်မှုဆိုင်ရာရာဇဝတ်ဝန်ကြီး၏ရုံး ရာဇဝတ်ရေးဆိုင်ရာဌာနထောက်ထံသို့ပေးပို့ရမည်။ ၎င်းကသို့မှတ်သားချက်ကိုစီရင်စုနယ်အသီးသီးအတွက်ထားသောအမြဲးမှတ်ပုံ ဘင် ဖိုင်တွဲထားလိမ့်မည်။

၁၃၇။ အဂ္ဂါလိမ်များနှင့်၊ ၎င်းတို့ကို လုပ်သော ကိရိယာတန်ဆာများကိုဖမ်းဆီးခြင်း၊ သိမ်းဆည်းခြင်း၊ လိမ်လည်တုပသောငွေစက္ကူများ ပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်းသောအစီရင်ခံစာများကို၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်၊ လိမ်လည်တုပသော ငွေစက္ကူများအတွက် အထူးနောက်ဆက်တွဲ အပိုင်း ၃ တွင်ထည့်သွင်းကြော်ငြာသည်။ ၎င်းအစီရင်ခံစာမျိုးများတွင် အဂ္ဂါလိမ်များ ဖြစ်သည့်အချက်၌၊ အထက်ပါပုဒ်မ ၁၂၂ ၌ဖော်ပြထားသည့်အတိုင်းအကြောင်းအရာထည့်သွင်း၍၊ အမှတ်အခြင်းအရာအလုံးစုံကိုပါဝင်စေ၍၊ လိမ်လည်တုပသော ငွေစက္ကူများ ဖြစ်သည့်အချက်တွင်၊ နံပါတ်စဉ်၊ သာမန်နံပါတ်၊ တိုက်နယ်၊ နေ့စွဲ၊ တန်ဖိုး၊ နေရာဌာန၊ ပေါ်ပေါက်သည့်နေ့စွဲနှင့် ပြုလုပ်သည့် နည်းနိဿယများပါဝင်စေရမည်။

၁၃၈။ ငွေတိုက်အရာရှိများသည်၊ ငွေတိုက်များတွင်ရရှိသောအဂ္ဂါလိမ်များ၏သုံးလတကြိမ်အစီရင်ခံစာများကို၊အင်းစိန်၌မြန်မာနိုင်ငံတော်မီးရထားနှင့်ရုံးထောက်မှုဆိုင်ရာရာဇဝတ်ဝန်ကြီး၏ရုံးရာဇဝတ်ရေးဆိုင်ရာဌာနထောက်ထံသို့ပေးပို့ကြရမည်။

ရှေးပါ်းရေးသားသည့်ဖော်ပြရာစာတမ်းတစောင်ကို၊ အဂ္ဂါလိမ်မြန်မာနိုင်ငံသားဖြင့်ပြုလုပ်၍စီရင်စုနယ်အရာရှိများက၊ မိမိတို့၏စီရင်စုနယ်များ၌ အဂ္ဂါလိမ်များပြုလုပ်ခြင်းကို၊ ရုံးထောက်အရေးယူနိုင်ရန်ရည်ရွယ်၍ အများကြားသိစေရန် ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက် အပိုင်း ၃ တွင်ထည့်သွင်းဖော်ပြရမည်။ မီးရထားအရာရှိများထံမှရရှိသည့် ထိုင်းသို့သော သုံးလတကြိမ်စာရင်း~~နှင့်ငွေစာရင်းချုပ်စာရင်းမျိုးများ~~ကိုလည်း၊ ရုံးထောက်မှုဆိုင်ရာ ဌာနက ၎င်းနည်းတူဆောင်ရွက်ရမည်။

၁၃၉။ အဂ္ဂါလိမ်များပြုလုပ်ခြင်းနှင့်၊ လိမ်လည်တုပသော ငွေစက္ကူနှင့် သက်ဆိုင်သောအမှုများကို ဆောင်ရွက်ရန်အထူးအဖွဲ့တခုကို၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဌာန၏အစိတ်အပိုင်းအဖြစ်ဖွဲ့ထားရှိလိမ့်မည်။ ၎င်းအဖွဲ့ဆိုင်ရာအရာရှိတို့သည်၊ ကာလကတ္တား၌၊ အစိုးရတို့အဂ္ဂါလုပ်ငန်းဌာနနှင့်၊ ကာလကတ္တား၌၊ ငွေစက္ကူရုံးတော်သို့၊ ပညာသင်သွားကြရမည်။

၁၄၀။ ။ရင်းအရာရှိတို့သည်၊ လိမ်လည်တုပသော ငွေစက္ကူများနှင့် ရာဇဝတ်ပြစ်မှုဆိုင်ရာဌာနသို့ရောက်လာသောဒင်္ဂါးလိမ်များကို စစ်ဆေးကြည့်ရှုရန်နှင့်၊ ၎င်းလိမ်လည်တုပခြင်းတို့သည်အသစ်ဖြစ်သည်၊ သို့မဟုတ် အဟောင်းဖြစ်သည်တို့ကို ဆုံးဖြတ်ရန်တာဝန်ဝတ်တရားရှိလေသည်။

၁၄၁။ ။၎င်းတို့သည်၊ မြန်မာနိုင်ငံတော်အတွင်း၌ ကျော်ကြားသော ဒင်္ဂါးလိမ်လုပ်သူများနှင့်၊ အမှတ်အသားပြုလုပ်ခြင်းခံရသည့်ငွေစက္ကူ လိမ်လည်တုပ ပြုလုပ်သူများ၏အကြောင်းစာရင်းအစုံအလင်များရေးသားထားရှိသောစာများကိုသိမ်းဆည်းထားရန်တာဝန်ဝတ်တရားလည်းရှိသည်။

၁၄၂။ ။ဒင်္ဂါးပြုလုပ်ခြင်း၊ ငွေစက္ကူ လိမ်လည်တုပ ပြုလုပ်ခြင်းတို့နှင့် သက်ဆိုင်၍၊ ဗီရင်စုနယ်များမှ ရရှိသော အစီရင်ခံစာများအတွက်မှတ်ပုံစာရင်းတခု အမြဲတမ်း၊ နောက်ဆက်တွဲ ၇ ပါပုံစံများထဲတွင်၊ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဌာန၌၊ ဗီရင်စုနယ် အသီးသီးအတွက်၊ အမြဲအမှုတွဲများသီးခြားပြုလုပ်ထားလိမ့်မည်။

၁၄၃။ ။တမျိုးတည်း၌ထူးခြားစွာနားလည်သူတို့အဖွဲ့သည်၊ ၎င်းအမှုတွဲများကိုကောင်းစွာကြည့်ရှုစိုင်ပယ်ခြင်းပြုရမည်။ နိုင်ငံတော်အတွင်း၌အကြီးအကျယ်အသုံးပြုလျက်ရှိသော ဒင်္ဂါးလိမ်၊ သို့မဟုတ် လိမ်လည်တုပပြုလုပ်သော ငွေစက္ကူများနှင့်ထူးခြားသော ၎င်းအရာအမျိုးအမည်ဖြင့်ပေါ်ပေါက်ခဲ့လျှင်၊ ရာဇဝတ်ဝန်ကြီးရုံးရာဇဝတ်ရေးဆိုင်ရာ ဝန်ထောက်ထံချက်ခြင်းအကြောင်းကြားရမည်။

၁၄၄။ ။မည်သည့်ဒင်္ဂါးလိမ်နှင့်၊ မည်မျှအဘိုးတိုက်တန်သော လိမ်လည်တုပပြုလုပ်သောငွေစက္ကူဆိုးအသစ်ပေါ်ပေါက်ခဲ့လျှင်၊ ထမျိုးကိုပုံစံတနေရာ၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဌာနသို့သွေးထဲ၌သော ခတ်၍သိမ်းဆည်းထားရမည်။ ၎င်းကဲ့သို့ပြုလုပ်ခြင်းသည်၊ တမျိုးတည်းထူးခြားနားလည်သူတို့အဖွဲ့က၊ အသစ်နှင့် အဟောင်းခွဲခြားသိသာရန်၊ နှိုင်းယှဉ်ကြည့်ရှုရာ၌လွယ်ကူခြင်းဖြစ်စေသည်။

အခန်း ၇။

ရာဇဝတ်ပြစ်မှုဂေဇက်အကြောင်း။

၁၄၅။ ။ရာဇဝတ်ပြစ်မှုဂေဇက်၊ လိမ်လည်တုပပြုလုပ်သောငွေစက္ကူ အတူးနောက်ဆက်တွဲနှင့်၎င်း၏လျှို့ဝှက်အပ်သည့် နောက်ဆက်တွဲများကိုအင်းစိန်မြို့တွင် ကြာသပတေးနေ့တိုင်းထုတ်ဝေသည်။

၁၄၆။ ။ရာဇဝတ်ပြစ်မှုဂေဇက်ကိုနောက်ဆက်တွဲ ၂ ခုနှင့်အတူတကွ သုံးတွဲပိုင်းခြား၍ထုတ်ဝေသည်၊ ၎င်းတို့ကို သီးခြား၍ ပူးတွဲထားနိုင်ရန်၊ အတွဲအသီးသီးနှင့် နောက်ဆက်တွဲတို့၏ရေမျက်နှာတို့၌နံပါတ်များပါရှိသည်။ အတွဲတိုင်းတွင် (အင်္ဂလိပ်နှင့်မြန်မာ) နှစ်ဘာသာဖြစ်သည်။ အင်းစိန်မြို့၊ မြန်မာနိုင်ငံတော်မီးရထားနှင့် စုံထောက်မှုဆိုင်ရာ ရာဇဝတ်ဝန်ကြီးရုံး ရာဇဝတ်ရေး ဆိုင်ရာဝန်ထောက်က ၎င်းဂေဇက်ကို ကြံကြံ ထုတ်ဝေသောကြောင့်၊ ၎င်းရုံးသို့ ထည့်သွင်း ကြော်ငြာရန် ကြော်ငြာစာ အရပ်ရပ်ကို ပေးပို့ရမည်။

ရာဇဝတ်ပြစ်မှုဂဇက်အတွဲများကို အောက်ပါအတိုင်းပိုင်းခြားထားသည်။

ရာဇဝတ်ပြစ်မှုဂဇက်။

ပဌမတွဲ။ (အင်္ဂလိပ်နှင့်မြန်မာနှစ်ဘာသာ။)

(က) ပုဒ်မ [၂၄၇] တွင်ဖေါ်ပြပါရှိသောပြစ်မှုများကိုကျူးလွန်၍ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၅၁၂ အရ သက်သေ အစစ်ခံချက်များကို မှတ်သားခံရပြီးသည့်ထွက်ပြေးတိမ်းရှောင်နေသူများ။

(ခ) ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၄၀၁ အရ စည်းကမ်းအချက်အလက်ဖြင့် ပြစ်ဒဏ်ကိုလျှော့ပေါ့ချမ်းသာခွင့်ပေး၍လွှတ်ထားသည့် ပျောက်ကွယ်နေသော အကျဉ်းသားများနှင့် အကျဉ်းသားများတဲစခန်းမှ ထွက်ပြေး တိမ်းရှောင်သွားသောခွင့်လက်မှတ်ရ အကျဉ်းသားများ။

(ဂ) ထောင်မှထွက်ပြေးသောအကျဉ်းသားများ။

(ဃ) မှုခင်းအမြဲပြုကျင့်သူတို့အား ကန့်သတ်ပိုင်းခြားထားရန်အက်ဥပဒေအရ ကန့်သတ်ပိုင်းခြားခြင်းခံရ၍ ၎င်းတို့ကို ကန့်သတ်ထားရာကျေးရွာများမှအခွင့်အမိန့်မရှိဘဲထွက်ခွါသွားသည့်ရာဇဝတ်ပြစ်မှုကျူးလွန်သူတို့၏အမည်များ။

(လူဆိုးကာကွယ်ရေးဥပဒေပုဒ်မများလက်စွဲအပိုင်း ၂ ကိုကြည့်။)

(င) ရာဇဝတ်ကောင်း အသက်မွေးပြုသူ လူစုဘွဲ့၊ မှတ်ပုံစာရင်းဝင်သည့်။ ၎င်းတို့ကျေးရွာမှအခွင့်အမိန့်မရှိဘဲ ထွက်ခွါ၍ မည်သည့်အရပ်တွင်ရှိကြောင်းကို ရှာဖွေ၍မရသော သူများ၏ အမည်များ။ (လူဆိုးကာကွယ်ရေး ဥပဒေပုဒ်မများ လက်စွဲအပိုင်း ၃ တွင်ကြည့်။)

ဒုတိယတွဲ။ (အင်္ဂလိပ်နှင့်မြန်မာနှစ်ဘာသာ။)

(က) ဖမ်းဆီးရန်ထုတ်ပြီးကြသောဝရမ်းတော်များ။

(ခ) နယ်နှင်ဒဏ်များကို ဖွင့်ပြီးများအက်ဥပဒေအရ နယ်ခြားစီရင်စုနယ်များနှင့် ရှမ်းပြည်များမှအခြားသို့ရွှေ့ပြောင်းထားသူများ။

(ဂ) ၁၈၆၄ ခုနှစ်၊ အမှတ်၃ ပါ ရွှေ့ပြောင်းထားသော နိုင်ငံခြားများနှင့်သက်ဆိုင်သည့် အက်ဥပဒေသို့မဟုတ် ၁၉၂၅ ခုနှစ်၊ လူနှင်ခြင်း ပြစ်မှုကျူးလွန်သူတို့ကို နှင်ထုတ်ခြင်းနှင့်သက်ဆိုင်သောအက်ဥပဒေအရမြန်မာနိုင်ငံတော်မှအခြားတပါးသို့ရွှေ့ပြောင်း ထားသောနိုင်ငံခြားသားများ၏မျိုးမည်ပုံသဏ္ဌာန်များ။

(ဃ) ပျောက်နေသောသူများအတွက်ကြော်ငြာစာများ။

(င) မည်သူမည်ဝါဟူ၍ခွဲခြားမသိ၊ တွေ့ရှိသောလူသေအလောင်းများ။

(စ) ခိုးယူသောသူ့ရ ဥစ္စာကို ရှာဖွေတွေ့ရှိသည့် ဆုငွေအမြောက်အများပေးရန်ကြော်ငြာထားသော၊ ထင်လွန်းအရေးကြီးသည့် ရာဇဝတ် ပြစ်မှုများနှင့်စပ်လျဉ်းသည့်ကြော်ငြာစာများ။

တတိယတွဲ။ (အင်္ဂလိပ်နှင့်မြန်မာနှစ်ဘာသာ။)

(က) ရိုက်ဖတ်သေနတ်များ၊ ခြောက်လုံးပူးသေနတ်များ၊ ခြင်းသေနတ်များနှင့် နောက်ထိုးသေနတ်များကိုခိုးယူ၊ ပျောက်ဆုံး၊ သို့မဟုတ် ပြန်လည်ရရှိသည့်အမှုများနှင့် စပ်လျဉ်းသည့်အစီရင်ခံချက်များ။

(ခ) အခြောက်ကျည်ဆံအတွက်၊ ခဲယမ်းမီးကျောက်များ၊ ရိုက်ဖတ် သေနတ်လက်နက်၊ စက်သံများ၊ ဒိုင်းနမိုက်ဒေါ်ယမ်းဘီလူးများ၊ ကော်ဒိုက် ယမ်းမြှုံများ၊ သို့မဟုတ် အခြားပေါက်ကွဲစေတတ်သောအရာဝတ္ထုများပျောက်ဆုံးခြင်း ခိုးယူသွားခြင်း၊ သို့မဟုတ် ပြန်လည်ရရှိခြင်းနှင့်စပ်လျဉ်းသည့်အမှုများ။

(ဂ) သံတမန်များနှင့် ရင်းတိုက်ကိုလုပ်သော ကိုခိုယာ တန်ဆာများကို ဖမ်းဆီးရမိခြင်းများ။

(ဃ) သတင်းစာဆိုင်ရာဌာနနှင့် အခြားနေရာများက သင်္ကေတများနှင့် စပ်လျဉ်းသည့် ဖေါ်ပြချက်များ။

(င) ဌာနဆိုင်ရာကြော်ငြာစာများ။

လိမ်လည်တုပပြုလုပ်သော ငွေစက္ကူအတွဲနောက်ဆက်တွဲ။ (အင်္ဂလိပ်နှင့်မြန်မာ နှစ်ဘာသာ)

"လိမ်လည်တုပပြုလုပ်သောငွေစက္ကူနောက်ဆက်တွဲ" ဟူသောအတွဲနောက်ဆက်တွဲတခုကို ရာဇဝတ်ထုတ်ဝေစာတွင်တည်ဆောက်ကြော်ငြာလိမ့်မည်။ ၎င်းနောက်ဆက်တွဲ၌ပါဝင်မည့်အကြောင်းအရာများမှာ (က) မြို့နယ်တော်အတွင်း၌မိရှိရသည့်တုပငွေစက္ကူများကိုတွေ့ရှိ သို့မဟုတ် ဖေါ်ထုတ်ဖမ်းဆီးရမိခြင်းနှင့်စပ်လျဉ်း၍၊ အစီရင်ခံပြီးဖြစ်သောလိမ်လည်တုပပြုလုပ်သော ငွေစက္ကူများအတွက်အပတ်စဉ်ဖေါ်ပြချက်။ (ခ) ကိရိယာ တန်ဆာများမှစ၍ ပုံများကိုဖမ်းဆီးရမိခြင်းအစီရင်ခံချက်များနှင့် လိမ်လည်တုပပြုလုပ်သောငွေစက္ကူများနှင့်သက်ဆိုင်သည့်သတင်းများ။ (ဂ) သတင်းစာဌာနဆိုင်ရာဝန်ထမ်းကလိမ်လည်တုပပြုလုပ်သော ငွေစက္ကူများအကြောင်းလစဉ်ဖေါ်ပြချက်များ။

ဤအတွဲနောက်ဆက်တွဲကို၊ သက်ဆိုင်သည့် အဖွဲ့အစည်းများသို့ အတွဲအမှတ်စဉ်ပြုလုပ်၍ တွဲဘားရည်ညွှန်းနိုင်သည့်နည်းလည်း ရှိစေရမည်။

လျှို့ဝှက်အပ်သည့်နောက်ဆက်တွဲ။

(အင်္ဂလိပ်ဘာသာသက်သက်။)

(က) ရာဇဝတ်ပြစ်မှုကျူးလွန်သည့် အသက်ငွေ မြို့နယ်ဘက်ကူးသွားသောသူ၊ နယ်တိုင်ရွှေ့ပြောင်းခြင်းသည့်ကြေညာချက်များနှင့် စပ်လျဉ်းသည့်အစီရင်ခံချက်များ။ (လူဆိုးကာကွယ်ရေးဥပဒေပုဒ်မများဆောက်နှင့်အညီ ၊ ကိုကြည့်။)

(ခ) သံသယဖြစ်ဖွယ်ရှိသည့်ဥရောပတိုက်သားများနှင့်၊ အမေရိကတိုက်သားများ၏သွားလာခြင်းများ။

(ဂ) နိုင်ငံတော်ဆိုင်ရာ အရေးကြီးသော ရာဇဝတ်ပြစ်မှု ကျူးလွန်သူများ၏ အထွေထွေနှင့် ဓါတ်ပုံများ။

(ဃ) နိုင်ငံအချင်းချင်းအတွင်း၌ဖြစ်စေ၊ တနိုင်ငံတွင်း၌ဖြစ်စေ၊ အစည်းအရုံးပြုလုပ်၍ပြစ်မှုကျူးလွန်ခြင်းများကိုရာဇဝတ်ဌာနကစုံစမ်းစေမြန်းခြင်းနှင့်စပ်လျဉ်းသည့်အစီရင်ခံချက်များ။

(င) အခြားနိုင်ငံများက ထုတ်ဝေသော ရာဇဝတ်ဖြစ်မှုဂဇက်၊ လိုက်ရှာအပ်သည့် နောက်ဆက်တွဲများနှင့် ထုတ်နှုတ်ထားသည့် အရေးယူဘွယ်သတင်းထူးများ။

(စ) ရာဇဝတ်မှုများလုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် အရေးတကြီး သက်ဆိုင်သည့် ဥပဒေသတင်းများ၊ ဟိုက်ကုတ်လွှတ်တော်များ၏ စီရင်ထုံးများ။

(ဆ) ရေးကြီးခွင့်ကျယ်ဖြစ်သည့် ရာဇဝတ်မှုဖြစ်အစီရင်ခံစာများ၊ စီရင်စုနယ်ရာဇဝတ်အဖွဲ့ကနေထောက်ရှု၍ သောမှတ်သားလောက်သည့် အမှုများ၏ အကြောင်းအရာများ၊ စီရင်စုနယ်အများနှင့်ဆက်ဆိုင်သော ရာဇဝတ်ကောင်းသူတို့၏ အဖွဲ့အစည်းကြီးများဖွဲ့စည်းခြင်းနှင့် အများ မှတ်သားလောက်အောင်ဖြစ်သည့် ရာဇဝတ်မှုဖြစ်နှင့် စပ်လျဉ်းသည့် အခြားသတင်းများ။

၁၄၇။ ရာဇဝတ် ဖြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူ တဦးတယောက်သည် အောက်ပါဖြစ်မှုတခုခုကို ကျူးလွန်ခဲ့သော်၎င်း၏အမည်ကို၊ ရာဇဝတ်ဖြစ်မှုဂဇက်ပဉ္စမတွဲ (က) ၌သာလျှင်ထည့်သွင်းကြော်ငြာလိမ့်မည်။

(၁) သေဒဏ်ထိုက်သင့်သည့် လူသတ်မှု။
(၂) ဓားပြတိုက်မှု။
(၃) မုဒိမ်းပြုကျင့်မှု။
(၄) လူပြန်ပေးလုပ်ခြင်း၊
(၅) အင်္ဂါလိမ်များပြုလုပ်မှု။
(၆) လိမ်လည်တုပသောငွေစက္ကူများပြုလုပ်မှု။
(၇) လုယက်မှု၊ ထိမ်ဖောက်ထွင်းမှု၊ မီးရှို့မှု၊ ယုံမှတ်အပ်နှံသည့် ပစ္စည်းကို ဖေါက်လွှဲဖေါက်ပြန်သုံးစွဲမှု၊ လိမ်လည်မှု၊ ရာဇဝတ်ဖြစ်ဒဏ်ထိုက်သင့်အောင်အလွဲသုံးစားမှု၊ ယင်းသို့ဖြစ်သည့်ဖြစ်မှုများတွင် ရာဇဝတ်ဖြစ်မှုကျူးလွန်၍ထွက်ပြေးတိမ်းရှောင်နေသူ၏ လက်ဗွေနှိပ်မှတ်များကို လက်ဗွေနှိပ်မှတ်ဌာန၌ မှတ်တမ်းတင်ထားပြီးသော် ကြော်ငြာရမည်။

၁၄၈။ အထက်ပုဒ်မ ၁၄၇ တွင်ပါရှိသောဖြစ်မှုများကိုကျူးလွန်၍ထွက်ပြေးတိမ်းရှောင်နေသူများမှာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရသက်သေ အစစ်ခံချက်များကိုမှတ်ယူခြင်းနှင့် ၎င်းဥပဒေပုဒ်မ ၈၇ နှင့် ၈၈ အရအရေးယူခြင်းကို ခံကြရမှသာ လျှင်၎င်းတို့၏အမည်ကို ရာဇဝတ်ဖြစ်မှု ဂဇက်ပဉ္စမတွဲ (က) ၌ထည့်သွင်းကြော်ငြာရမည်။

၁၄၉။ ရာဇဝတ်ဖြစ်မှုကျူးလွန်၍ ထွက်ပြေး တိမ်းရှောင်နေသူ တဦးတယောက်သည် အထက်ပါပုဒ်မ ၁၄၇ နှင့် ၁၄၈ တွင်ပါရှိသည့် စည်းကမ်းအချက်များနှင့်ညီညွတ်ခဲ့လျှင်ဆိုင်ရာရာဇဝတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သော အရာရှိကစီရင်ခွင့်အာဏာလည်းရှိသဖြင့်၎င်း၏အမည်နှင့်သဏ္ဍာန်အကြောင်းအရာစာရင်းကို၊ ရာဇဝတ်ပုံစံ ၆၂ ဖြင့်၊ စီရင်စုနယ်ရာဇဝတ်ဝန်ထံသို့တိုက်ရိုက်ပေးပို့ရမည်။ ၎င်းအရာရှိက ၎င်းပုံစံပေါ်၌ ရာဇဝတ်တရားသူကြီး၏ရာထူးနှင့်အတူ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ နှင့် ၅၁၂ အရအရေးယူထားသောအမှုများ၏နံပါတ်များနှင့်နေ့စွဲများကိုလည်းမှတ်သား ဖေါ်ပြပါရှိစေရမည်။၎င်းနောက်ရာဇဝတ်ဝန်သည်ရာဇဝတ်ဖြစ်မှုနှင့် ထွက်ပြေးတိမ်းရှောင်နေသူ၏ အမည်ကိုမြန်မာနိုင်ငံတော်ရာဇဝတ်လက်စွဲဥပဒေပုဒ်မ ၁၄၆ မှ ၁၅၀ အထိတွင်ပါရှိသည့်အတိုင်း၊ ရာဇဝတ်ဖြစ်မှုကိုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူတို့ အညွှန်းမာတိကာ (ရုံးမှတ်ပုံစာရင်းစာအုပ်နံပါတ် ၃) တွင် တင်သွင်းစေရမည်။၎င်းအမည်ကို၊ ၎င်းစာရင်း

တွင်တင်သွင်းပြီးသောအခါ၊ ရာဇဝတ်ဌာနကရေးသည့် ရာဇဝတ်ပုံစံ ၆၂ အရေးအခင်းစီရင်ချက်ကိုအင်္ဂလိပ်ဘာသာပြန်ဆိုချက်နှင့်တကွ အင်းဒိယနှင့်မြန်မာနိုင်ငံတော်ဝန်ထောက်မှဌာန ရာဇဝတ်ဝန်ကြီးနှုံးရာဇဝတ်ရေးဆိုင်ရာ ဝန်ထောက်ထံသို့ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက် ပဌမတွဲ (က) တွင်ထည့်သွင်းကြော်ငြာရန်။ စီရင်စုနယ်ရာဇဝတ်ဝန်က ချက်ခြင်းပေးပို့ရမည်။

၁၅၀။ ရာဇဝတ်ပြစ်မှုကျူးလွန်၍ထွက်ပြေးတိမ်းရှောင်နေသူတို့အတွက် ကြော်ငြာစာများရေးရင်းချွင်းမှုပြစ်မှုအပြင်ကျင့်သူတို့အား ကနဲ့သတင်းပြောကြားထားရန်အက်ဥပဒေနှင့်ရာဇဝတ်ကျင့်ထုံးအသက်မွေးမြူသူလူဆိုးတို့ဆိုင်ရာ ဒ ကိုယ် ဥပဒေများအရရှိခြင်းသည်။ ပျောက်ကွယ်နေသောရာဇဝတ်ပြစ်မှု ကျူးလွန်သူများအလော်မှထွက်ပြေးသောသူများ နှင့် ထွက်ပြေးတိမ်းရှောင်နေသောအခွင့်လက်မှတ်အကျဉ်းသားတို့အတွက်ကြော်ငြာစာများတို့။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ပဌမတွဲ၌ကြော်ငြာရန်အင်းဒိယနှင့်နိုင်ငံတော်မိုးရထားဌာနနှင့် ဝန်ထောက်မှ ရာဇဝတ်ဝန်ကြီးရုံးတော်သို့ပို့သောအခါ၊ ဆိုင်ရာရာဇဝတ်ပြစ်မှုကျူးလွန်သူတို့၏ အထက်ကပြစ်မှုထင်ရှားစီရင်ချက်များရှိလျှင်၎င်းအချက်များနှင့်စပ်လျဉ်းသည့်ရှေးသွင်းချက်အသီးသီးနှင့်ယှဉ်လျက်ပေးသတင်းချက်နံပါတ် အကြောင်းအရာအစုဆွယ်ရှိများ။ (နံပါတ်နှင့်နေ့စွဲ) နှင့်ရာဇဝတ်ဌာန၏အမည်ပါထည့်သွင်းရမည်။

၁၅၁။ အင်ဒမန်ကျွန်းများ(Andamans)မှမြန်မာနိုင်ငံတော်အကျဉ်းထောင်များမှပြန်ပေး သို့မဟုတ် ရာဇဝတ်အခါပ် အနှောင်မှပြန်ပေး အကျဉ်းသားတလောက်လွတ်သွားသောအခါ၊ အင်းဒိယနှင့်မြန်မာနိုင်ငံတော်မိုးရထားဌာနနှင့် ဝန်ထောက်မှရာဇဝတ်ဝန်ကြီးရုံးရာဇဝတ်ရေးဆိုင်ရာ ဝန်ထောက်ထံသို့ကြေးနန်းရိုက်ကြား အစီရင်ခံစာတစောင်ချက်ခြင်းပေးပို့ရမည်။ ၎င်းကဲ့သို့ပို့လိုက်ပြီးနောက်၊ ၎င်းသူ၏ရုပ်ပုံသဏ္ဌာန်အကျဉ်းချုပ်လက်ထိပ်မွေးမှတ်နံပါတ်နှင့် နေ့စွဲနှင့်၊ ဓါတ်ပုံနံပါတ်နှင့် နေ့စွဲတို့ကိုဖော်ပြပါရှိသောအင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့်ရုံးလင်စွာရေးသားသည့် အစီရင်ခံစာတစောင်ကိုလည်း ပေးပို့ရမည်။ ၎င်းအကြောင်းကိုရာဇဝတ်မှုပြစ်ဆိုင်ရာဂေဇက်ပဌမတွဲ (ဂ) တွင်ထည့်သွင်းကြော်ငြာ၍၊ လက်ထိပ်မွေးနှိပ်မှတ်စာချုပ်ကိုလည်းပြောနှင့် စုဘျူရိုတွင်မှတ်ထားလိမ့်မည်။ ဆုတော်ငွေထုတ်ပေးမည်ဟု ကြော်ငြာသောအခါ ရာဇဝတ်မှုပြစ်ဆိုင်ရာဂေဇက်ဒုတိယတွဲ (စ) တွင်ထည့်သွင်းကြော်ငြာရန်။ အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့်ရေးသားသည့် ကြော်ငြာတစောင်ထပ်မံပေးပို့ရမည်။

၁၅၂။ မှုပြစ်ပြုကျင့်သူတို့အားကနဲ့သတင်းပြောကြားထားရန် အက်ဥပဒေနှင့် ရာဇဝတ်မကင်းအသက်မွေးမြူသူလူဆိုးတို့ဆိုင်ရာအက်ဥပဒေများအရရှိသည် ပျောက်ကွယ်နေသောရာဇဝတ်မှုပြစ် ကျူးလွန်သူတို့အမည်များ၊ ထွက်ပြေးတိမ်းရှောင်နေသော အခွင့်လက်မှတ်အကျဉ်းသားများနှင့်၊ အင်ဒမန်ကျွန်းများ (Andamans) မှဖြစ်စေ မြန်မာနိုင်ငံတော်အကျဉ်းထောင်များမှဖြစ်စေ၊ သို့မဟုတ်ရာဇဝတ်အချုပ်အနှောင်မှဖြစ်စေ လွတ်ပြေးသောအကျဉ်းသားများကို ရာဇဝတ်မှုပြစ်ကျူးလွန်၍ထွက်ပြေးတိမ်းရှောင်နေသူတို့စာရင်းမဟုတ်ကာစဉ် (ရုံးစာရင်းစာအုပ်နံပါတ် ၃) တွင်ရေးသွင်းလိမ့်မည်။

၁၅၃။ (၁) ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ပေါ်ရှိရှင်းအကြောင်းကိုစာပိုဒ် ၁၇၁ တွင်ပြထားသည့်အတိုင်း အင်းစပက်တော်ဆတန်းသို့ဖော်ပြသောအရာရှိများနှင့် ၎င်းထက်ရာထူးကြီးမြင့်သောအရာရှိအသီးသီးမှာရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်အစွေစွေ

အခိုင်များတွင်ဖော်ပြခဲ့ပါပြီ။ မိမိတို့ဆိုင်ရာနယ်များသို့ လာရောက်မည့်လက္ခဏာရှိသော ရာဇဝတ်ပြစ်မှုကျူးလွန်၍ထွက်ပြေးတိမ်းရှောင်နေသူတို့၏အမည်များပါရှိသော တိုက်ဆိုင်စစ်ဆေးရန်မှတ်ပုံတင်စာရင်းအသေးစိတ်ကို [illegible] ရှိရမည်။ ရာဇဝတ်ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူတို့ သွားရောက်နေထိုင်မည့် လက္ခဏာရှိသောနယ်ပယ်ဆိုင်ရာ ရာဇဝတ်ဌာနများကိုလည်း [illegible] ၎င်းအကြောင်းကိုကြားသိစေရမည်။ ထိုရာဇဝတ်ဌာနအသီးသီးတို့နှင့် [illegible] ဖော်ပြပါ [illegible] အမှုကိုထိုကဲ့သို့ထွက်ပြေး တိမ်းရှောင်နေသူတို့နှင့် [illegible] ရမည်။

(၂) ရာဇဝတ်ပြစ်မှုဆိုင်ရာ [illegible] ရှိသော ရာဇဝတ်ဌာနများနှင့် မိမိတို့ [illegible] ရာဇဝတ်ပြစ်မှုကျူးလွန်၍ ထွက်ပြေး တိမ်း [illegible] မိမိတို့၏မှတ်စာများထက် ရေးသားခြင်းနှင့် [illegible] ထိုနည်းတူသည် လူတိုများကို ဖော်ပြ [illegible] ထွက်ပြေးတိမ်းရှောင်နေသူတို့ကို ရှာဖွေ [illegible] အကြောင်းအရာများကိုလည်း မိမိတို့ [illegible] ရမည်။

(၃) ရာဇဝတ်ပြစ်မှုဆိုင်ရာ [illegible] သော ရာဇဝတ်ဌာနများအတွက်။ တိုက်ရိုက် [illegible] ရာဇဝတ်ဌာနများနှင့် [illegible] ရှိသော ဖော်ပြမှတ်တမ်းများကို ရေး [illegible] အတိုင်းအရေးယူရန်။ လူဆိုးဖော်ပြ [illegible] ရမည်။

၁၅၄။ [illegible] ရာဇဝတ်ပြစ်မှုကျူးလွန်၍ ဝ၈၆ အရေးကြီးသူကြီး [illegible] လာရောက်မည့်လက္ခဏာရှိ [illegible] ဂေဇက်တွင် ဖော်ပြထား သောထွက်ပြေးတိမ်းရှောင်နေသူတို့၏စာရင်းကိုရာဇဝတ်ပုံစံ ၇၈ တွင် (ရာဇဝတ်အရာရှိ [illegible] ) ထည့်သွင်းမှတ်သားရမည်။ ဌာနအသစ် [illegible] ကျေးရွာတနယ်သို့ ထွက်ပြေး တိမ်းရှောင်နေသူ [illegible] လာရောက်မည့်လက္ခဏာရှိကြောင်း သတင်းရရှိသည်နှင့် တပြိုင်နက် [illegible] ရာဇဝတ်ပုံစံ ၇၈ တွင်ထည့်သွင်းရန်။ ၎င်းကိုကူးယူ၍ [illegible] ရမည်။

၁၅၅။ ရာဇဝတ်ပြစ်မှု ဆိုင်ရာဂေဇက် တွင်ပုံနှိပ်မည့်အကြောင်းအရာ ထည့်သွင်း ဖော်ပြ ထားသည့်ရာဇဝတ်ပြစ်မှုကျူးလွန်သူလူမျိုးလူစားတဦးတယောက်ကိုဖမ်းဆီးရမည့် [illegible] မှတ်ပုံတင်ရမည့်ရာဇဝတ်ဝန်ကြီးအစီရင်ခံစာ (ပုံစံ ငြိမ်ဝ ၃၁ / ရာဇဝတ် ၃၇ ) တွင်ဖြည့်သွင်းရမည်။ [illegible] ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက်တွင်ထည့်သွင်းဖော်ပြရန်အလို့ငှာ မြို့နယ်ရဲစခန်းမှ ဌာန နှင့်စုံထောက်မှုဆိုင်ရာ ရာဇဝတ်ဝန်ကြီးနှင့် ရာဇဝတ်ရေးဆိုင်ရာဝန်ထောက် ထံသို့ပေးပို့ရမည်။ ၎င်းပြင်ရင်းသူနှင့်စပ်လျဉ်းသောဖော်ပြချက်ကိုယ်ထူးခြားသောအချက်အလက်များဖော်ပြထားပါသောရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်နောက်ဆုံးထုတ်ဝေသည့်နေ့ရက်နှင့်ထိုဂေဇက်၏အမှတ်စဉ်ကိုဖော်ပြ၍ ရမည့်ရာဇဝတ်ဝန်များသည်။ မိမိတို့နှင့်မိမိတို့လက်အောက်အရာရှိများသို့ ထုတ်

ဝေသည့်ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်အရပ်ရပ်နှင့်၊ ပြေမှုဆိုင်းအညွှန်းမာတိကာတွင် ပယ်ဖျက်ခြင်းများပြုလုပ်ရန်ကြည့်ရှုစီစဉ်ရမည်။

၁၅၆။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ပုံနှိပ်ထုတ်ဝေပြီး [illegible] ရာဇဝတ်ပြစ်မှုကျူးလွန်၍ထွက်ပြေးတိမ်းရှောင်နေသူများ၏ အကြောင်းအရာကို၊ [illegible] နိုင်ငံတော်သို့ [illegible] ရာဇဝတ်ပြစ်မှုဆိုင်ရာဌာနက လွန်ခဲ့သည့် ၆ လများ [illegible] မာတိကာအညွှန်းကိုရှာဖွေ [illegible] ရမည်။

၁၅၇။ မြန်မာနိုင်ငံတော်တွင်ဖမ်းဆီးရန် [illegible] ထွက်ပြေးတိမ်းရှောင်သူ အသီးသီး၏အညွှန်းမာတိကာကို၊ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက်အတွဲ နောက်ဆက်တွဲအဖြစ်ဖြင့် ထုတ်ဝေရမည်။ ထွက်ပြေးတိမ်းရှောင်သူများ၏ အမည်ကိုဖော်ပြခဲ့သောမာတိကာအညွှန်းမှာ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်၏ နောက်ဆက်တွဲတွင်ပါရှိပြီး မာတိကာအသစ်၌မပါရှိလျှင် [illegible] ဖမ်းဆီးရန်မလိုဟု မှတ်ယူရမည်။

၁၅၈။ ပျောက်ဆုံးနေသောသူများ၏အကြောင်းအရာများကို၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ဒုတိယတွဲ (ဃ) ၌အစဉ်အလာအတိုင်းထည့်သွင်းကြော်ငြာရန် ပေးပို့ရမည်မဟုတ်။ ၎င်းလူများပျောက်ဆုံးခြင်းသည် [illegible] ကြောင့်ဖြစ်သည်ဟု ယုံကြည်ရန်အကြောင်းမရှိ [illegible] ~~[illegible]~~၊ ဆိုခဲ့သည့်အတိုင်းပေးပို့ရမည်။ ၎င်းဓါတ်ပုံကိုကူး၍ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်၌ ထည့်သွင်းဖော်ပြရမည်။

၁၅၉။ မည်သူမည်ဝါဟူ၍မသိသာသောလူသေအလောင်းများ၏ အကြောင်းအရာများကို၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ဒုတိယတွဲ (င) ၌ထည့်သွင်းကြော်ငြာရန်မပေးပို့ရ။ ၎င်းအလောင်း၏ အကြောင်းအရာအချုပ်အလင်းနှင့်ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက်တွင် ကူးယူထည့်သွင်းရန်ဓါတ်ပုံရနိုင်မှသာလျှင်ပေးပို့ရမည်။ မည်သူမည်ဝါဟူ၍ မသိသာသော လူသေအလောင်း၏လက်ဗွေနှိပ်မှတ်များကိုလည်း၊ အခါခပ်သိမ်းနှိပ်ယူ၍၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ရှာဖွေစုံစမ်းရန်ပေးပို့ရမည်။

၁၆၀။ ခိုးရာပါပစ္စည်းနှင့်စပ်လျဉ်းသည့် ကြော်ငြာနှင့်ဆုတော်ငွေပေးရန်ကြော်ငြာစာများကို၊ တနိုင်ငံလုံးအတွက်အရေးကြီးသောရာဇဝတ်ပြစ်မှုဖြစ်သည့် အချက်၌သာလျှင်၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ဒုတိယတွဲ (စ) တွင်ထည့်သွင်းရန်ပေးပို့ရမည်။ ကျူးလွန်သည့်ရာဇဝတ်ပြစ်မှုများမှာ၊ ဒေသန္တရရပ်ကွက်ဆိုင်ရာအတွက်သာလျှင်အရေးကြီးသည့် အခါ၊ ဆိုခဲ့သည့်ကြော်ငြာစာများကိုပေးပို့ရန် အကြောင်းမရှိ။ ယခုအချက်တွင်၊ စီရင်စုနယ်ရာဇဝတ်ဝန်များကလိုသည်ဟုထင်မြင်လျှင်၊ ကြော်ငြာစာများကို ပုံနှိပ်၍သော်၎င်း၊ စာကူးစက်ဖြင့်နှိပ်၍သော်၎င်းဝေငှနိုင်သည်။

၁၆၁။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ဒုတိယတွဲ (စ) တွင် ထည့်သွင်းကြော်ငြာရန်ကြော်ငြာစာများကိုပေးပို့သောအခါ၊ ၎င်းဆုတော်ငွေပေးရန်ကြော်ငြာထားသည့် ပြစ်မှုအကြောင်းအရာသို့မဟုတ်ပစ္စည်းခိုးယူသွားသည့် အကြောင်းအရာအတိုကောက်ကို၊ အခါခပ်သိမ်းဖော်ပြရမည်။

၁၆၂။ နိုင်ငံတွင်းတွင်လုပ်သောသေနတ်၊ သို့မဟုတ်၊ ရှေးဟိုးသေနတ်များကိုခိုးယူ၊ ပျောက်ဆုံး၊ သို့မဟုတ်ပြန်လည်ရရှိသည့် အချက်များတွင်၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက် တတိယတွဲ (က) တွင်အစီရင်ခံချက်များထည့်သွင်းရန်မလို။

၁၆၃။ ရိုက်ဖက်သေနတ်များအတွက်ခဲယမ်းမီးကျောက်များပျောက်ဆုံးရာ၌ ယမ်းတောင့် ၁၀ တောင့်ထက်ပိုမို၍ပျောက်ဆုံးခိုးယူသို့မဟုတ်ပြန်လည် ရရှိခြင်းမဟုတ်လျှင်၊ ဘတီယတွဲ (ခ) တွင်ထည့်သွင်းရန်အစီရင်ခံချက်များပြုလုပ်ရန်မလို။

၁၆၄။ လိမ်လည်တုပသောငွေစက္ကူများကို ဖမ်းဆီးရမိသော အမှုများ၌ ၎င်းငွေစက္ကူတုများ၏တန်ဘိုးသည် ၁၀၀ သို့မဟုတ် ၁၀၀ ထက်ပိုသည်ဖြစ်လျှင်၊ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်လိမ်လည်တုပသော ငွေစက္ကူအလူးနောက်ဆက်တွဲတွင်ကြော်ငြာရန် အမှုအရပ်ရပ်၌အစီရင်ခံချက်များလိုသည်။ ၎င်းငွေစက္ကူတု၏တန်ဘိုး သည် ၁၀၀ အောက်လျော့လျှင် ၎င်းငွေစက္ကူမျိုးများနောက်သပ်မံဖမ်းဆီးရမိသည့်အမှုများနှင့်စပ်၍သာလျှင်အစီရင်ခံချက်များလိုသည်။

၁၆၅။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ပဋ္ဌမတွဲမှာ မြန်မာနိုင်ငံတော်ရာဇဝတ်လက်စွဲဥပဒေအပိုဒ် ၆၀၀ တွင်ပြဋ္ဌာန်းပါရှိသည့်အတိုင်း ရာဇဝတ်ပြစ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူများနှင့်စပ်လျဉ်းသည့် ရာဇဝတ်ပုံစံ ၆၂ သို့မဟုတ် အခြားကြော်ငြာစာများကိုရာဇဝတ်ဌာနတခုမှတခုသို့တိုက်ရိုက်ပေးဝေသည့်အလေ့ကို မည်သည့်နည်းနှင့်မျှ ဖျက်သိမ်းပယ်ဖျက်ရန်ရည်ရွယ်သည်မဟုတ်။

၁၆၆။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်တွင် ထည့်သွင်းရန်ရေးပို့သည့် ကြော်ငြာစာများကိုအင်္ဂလိပ်-မြန်မာနှစ်ဘာသာလုံးနှင့်ရေးသားရမည်။ ဘာသာတမျိုးစီအတွက် သီးခြားစက္ကူချပ်များတွင်ရေးသားရမည်။ စက္ကူတချပ်တည်း၌တဝက်စီယှဉ်ပြိုင်၍မရေးရ။ ၎င်းတို့ကိုစက္ကူတဘက်တွင်သာရေးရမည်ဖြစ်၏။ အမှာစာသို့မဟုတ်အကြောင်းအရာ ပေါ်ပြရာမှတ်ချက်တခုခုတရာမှာလည်း သီးခြားစက္ကူပေါ်တွင်ရေးရမည်။ အမည်များကိုအင်္ဂလိပ်ဘာသာဖြင့်အသံဖမ်းရေးသားရာ၌ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း တလုံးပေါင်း၍ရေးသားရမည်။ (မြန်မာဘာသာကိုအင်္ဂလိပ်ဘာသာဖြင့်အသံဖမ်းရေးသားခြင်းစာအုပ်ကိုကြည့်။) လူအမည်နှင့်နေရာဌာနအမည်အရပ်ရပ်ကိုပုံနှိပ်ရမည်။

၁၆၇။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်တွင်ဖြစ်စေ၊ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက်နောက်ဆက်တွဲတွင်ဖြစ်စေထည့်သွင်းကြော်ငြာရန်ဖိုးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးရုံးပြစ်မှုဌာနသို့ရရှိသည့်များစွာသောကြော်ငြာစာများမှာ၊ မမှန်မကန်စိစဉ်ပေးပို့ကြသည်၊ သို့မဟုတ်အစီရင်ခံရာပါရာဇဝတ်ပြစ်မှုကျူးလွန်သူများ၊ သို့မဟုတ်၎င်းတို့၏ မိဘများ၊ သို့မဟုတ်ဆွေမျိုးများနှင့်သက်ဆိုင်သည့်ကျေးရွာ၊ ရာဇဝတ်ဌာနသို့မဟုတ်စီရင်စုနယ်များစသည်အမည်များဟူသောပဓါနအချက်များမပါရှိကြ၊ ၎င်းကြော်ငြာစာများကို ပြင်ဆင်ရန်အလို့ငှါ ပြန်ပို့ခြင်းနှင့်၎င်းများကိုထပ်မံပြုပြင်စစ်ဆေးခြင်းမှာ များစွာအချိန်ကုန်ပြန်းခြင်းဖြစ်စေသည်။ မြို့မရာဇဝတ်ဝန်လောက်များကသော်၎င်း၊ တာဝန်ခံအရာရှိ တဦးတယောက်ကသော်၎င်း၊ ထိုသို့သောကြော်ငြာစာများကိုမှန်ကန်စွာပြုလုပ်စီစဉ်ရန်နှင့်၎င်းတို့တွင်အလိုရှိအပ်သည့်ပဓါနအချက်အရပ်ရပ်ပါရှိရန်များကိုကိုယ်တိုင်ကြည့်ရှုစီမံရမည်။

၁၆၈။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်တွင်ထုတ်ပြန်ကြော်ငြာသည့်အတိုင်း၊ ၎င်းအချက်များသည်မှန်မကန်ကြောင်း၊ သို့မဟုတ်အကျိုးရှိလောက်အောင် ချဲ့ထွင်ဖြည့်စွက်နိုင်ကြောင်းတွေ့ရှိလျှင်မှန်ကန်သောအကြောင်းအချက်များနှင့်၊ ရရှိနိုင်သည့် ထပ်မံအသုံးကျသောသတင်းများကို၊ ကြော်ငြာစာအသစ်ထပ်မံထုတ်ပြန်နိုင်စေရန်သော၄ ါ။ ပြစ်မှုဌာနသို့ပေးပို့ရမည်။

၁၆၉။ ဂေဇက်တွင်ထည့်သွင်းကြော်ငြာမည်ဖြစ်သောလူများ၏အမည် ပုံသဏ္ဌာန် အကြောင်းအရာ စာရင်းများတွင် အစဉ်ထည့်သွင်းရမည့် အကြောင်း အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ဘမိများ၏အမည်များ။ (မိန်းမရှိလျှင်မိန်းမ၏အမည်)။

(ခ) ဤဥပဒေလက်စွဲနောက်ဆက်တွဲ ၄ တွင် ပါရှိသည့်အတိုင်း။ အခြင်းအရာ တစုံတရာပုံသဏ္ဌာန်၊

(ဂ) အသက်။

(ဃ) ဇာတိအရပ်၊ သို့မဟုတ်မွေးဖွားရာနေရာ (ဆိုလိုသည်မှာ၊ ကျေးရွာ၊ ရာဇဝတ်ဌာနနှင့်စီရင်စုနယ်)။

(င) နေမြဲအရပ်ဒေသ။ (ဆိုလိုသည်မှာ၊ ကျေးရွာရာဇဝတ်ဌာနနှင့်စီရင်စုနယ်)။

(စ) လက်ဗွေမှတ်ပုံနံပါတ်နှင့်နေ့စွဲရှိလျှင်၎င်းနံပါတ်နှင့်နေ့စွဲ။

(ဆ) ရာဇဝတ်ပြစ်မှုကျူးလွန်သူ၏ ရာဇဝတ်ပြစ်မှု မျိုးမည်ခွဲခြားရေး ဌာနတွင်၊ ၎င်း၏အမည်မာတိကာစဉ်ကတ်စာရွက်ရှိမရှိ။

၁၇၀။ ရာဇဝတ်ပြစ်မှုကျူးလွန်၍ထွက်ပြေးတိမ်းရှောင်နေသူ တဦး တယောက်၏ ဓါတ်ပုံကို ဇာတိ ရာဇဝတ်ပြစ်မှုမျိုးမည်ခွဲခြားရေးဌာန၌၊ မှတ်ပုံတင်သွင်း သိမ်းဆည်းထားရှိ သည့်အရေးတကြီးဖြစ်သောအချက်များတွင်။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်တွင်၎င်း၏ဓါတ် ပုံကိုထပ်တူကူးယူ၍ထည့်သွင်းဖော်ပြရမည်။

၁၇၁။ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်များကို စီရင်စုနယ်ရာဇဝတ်ဝန်များ၊ နယ်ပိုင် ရာဇဝတ်ဝန်ထောက်များ၊တိုက်နယ်အင်စပက်တော်များနှင့်၊ စစ်ကိုင်းအထက်ချင်းတွင်း၊ အောက်ချင်းတွင်းသံလွင်နှင့်ရခိုင်တောင်ရိုးနယ်များမှလွဲ၍၊ စီရင်စုနယ်တိုင်းရှိ အရေးကြီး သောအမှုရာဇဝတ်ဌာနများသို့၊ မီးရထားဌာနနှင့်စုံထောက်မှုဌာန ရာဇဝတ်ဝန်ကြီးရုံး ကတိုက်ရိုက်ပေးပို့ရမည်။ ၎င်းပြင်ဆိုင်ရာရှမ်းပြည်မှ ရာဇဝတ်ဝန်ထောက်တို့ထံမှတဆင့်၊ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက်ပဌမတွဲများကို၊ ရှမ်းပြည်ရှိစော်ဘွားကြီးများ ထံသို့လည်း ပေးပို့ရမည်။

၁၇၂။ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက်များကို အတွဲအတွဲပြုလုပ်၍ သေချာစွာတွဲ ထားရမည်။ ပဌမတွဲအညွှန်းမာတိကာကို၊ နှစ်ဝက်တိုင်း၎င်း၏အတွဲနှင့်အတူ တွဲထားရ မည်။ ကြည့်ရှုစစ်ဆေးသူ အရာရှိများကို၊ ယင်းသို့ပြုလုပ်စေရန်ကြည့်ရှုစီမံရမည် အထူး ဆင့်ဆိုသည်။

၁၇၃။ စီရင်စုနယ်ရာဇဝတ်ဝန်ရုံးများနှင့် နယ်ပိုင်ရာဇဝတ်ဝန်ထောက် ရုံးအသီး သီး၌ ရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက်ပဌမတွဲနှင့်လျှို့ဝှက်အပ်သည့်နောက်ဆက်တွဲရာဇဝတ် ပြစ်မှုဆိုင်ရာဂေဇက်များကိုနှစ်ဝက်တိုင်းတသီးတခြားစီ ပူးတွဲချုပ်ထားရမည်။ ဒုတိယတွဲ တတိယတွဲနှင့်လိမ်လည်တုပပြုလုပ်သော ငွေစက္ကူအတုအထူး နောက်ဆက်တွဲများကို ၁၀ နှစ် ပတ်လုံးတွဲထားရမည်။ ၁၀ နှစ်ကျော်လွန်မှဖျက်ဆီးရမည်။ စီရင်စုနယ်ရာဇဝတ်ဝန်များ သည်၊ နယ်ပိုင်ရာဇဝတ်ဝန်ထောက်ရုံးများကို ကြည့်ရှုစစ်ဆေးသောအခါ ရာဇဝတ်ပြစ်မှု ဆိုင်ရာဂေဇက်ချုပ်နှင့်အတွဲများအားလုံးအလင် နေရာတကျ ရှိသည်မရှိသည်ကို ကြည့်ရှုစီမံရ မည်။ တိုက်နယ်အင်စပက်တော်များသည်၊ မိမိတို့ရရှိကြသောရာဇဝတ်ပြစ်မှုဆိုင်ရာဂေဇက် များကို ၅ နှစ်တိုင်တိုင်တတွဲစီသီးခြား၍ ပူးတွဲထားရမည်။ ၅ နှစ်ကျော်လွန်လျှင်ဖျက်ဆီး နိုင်သည်။

ရာဇဝတ်ဌာနများမှာမူ ရှိသောရာဇဝတ်ပြစ်မှု ဆိုင်ရာဂေဇက်များကို၊ ၅ နှစ်တိုင်တိုင်တသီးတခြားစီ ပိုင်းခြားခြင်းမပြုဘဲထားရမည်၊ ၎င်းတို့ကို ၅ နှစ်ကျော်လွန်မှဖျက်ဆီးနိုင်သည်။

၁၇၄။ နှစ်စဉ်ဇန္နဝါရီလ ၁ ရက်နေ့နှင့်ဇူလိုင်လ ၁ ရက်နေ့များ၌ စီရင်စုနယ်ရာဇဝတ်ဝန်အသီးသီးသည်၊ ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက်ပွဲမှိုင်းတွင်လွှန်ခဲ့သည့်နှစ်ဝက်အတွက်ကြော်ငြာသောမာတိကာအညွှန်းကိုမင်းစိန့်ရှိမြန်မာနိုင်ငံဗိုဟ်ရထားဌာနနှင့်ရုံးထောက်မှဌာနရာဇဝတ်ဝန်ကြီးရုံးရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ထံသို့တင်သွင်းရမည်။

၁၇၅။ ယာဉ်မျိုးဝန်သည် ခုနှင်ရက်အပတ်တိုင်း ရာဇဝတ်ပြစ်မှုဆိုင်ရာ ဂေဇက်ရှိဝင်းအပ်သောယာဉ်မျိုး နောက်ဆက်တွဲကိုထုတ်ဝေရမည်။

စီရင်စုနယ်ရာဇဝတ်ဝန်အသီးသီးကိုတစောင်စီသာပေးပို့ရမည်၊ ၎င်းတို့ကမိမိတို့၏လက်အောက်အရာရှိများကိုပေးပို့ရန် လိုသည်ဟု ထင်မြင်လျှင်၊ ၎င်းအစောင်မှ ထုတ်နုတ်ချက်များပေးပို့ရမည်၊ ၎င်းယာဉ်မျိုး နောက်ဆက်တွဲများကို စီရင်စုနယ်ရာဇဝတ်ဝန်ရုံး ရာဇဝတ်ပြစ်မှုဆိုင်ရာစာရေးကပူးတွဲ သိမ်းဆည်းထားရမည်၊ ၎င်းကို ၅ နှစ် ရောက်သည့်အခါဖျက်ဆီးရမည်။

စီရင်စုနယ်ရာဇဝတ်ဝန်တဦးတယောက်သည်လွှန်ခဲ့သည့်ယာဉ်မျိုး နောက်ဆက်တွဲများကိုကြည့်ရှုလိုလျှင်၊ ယာဉ်မျိုးဝန်ထောက်ရုံး၌ ပူးတွဲချုပ်ထားသည့် စာအုပ်များ၌ ကြည့်ရှုနိုင်သည်။

၁၇၆။ အောက်ပါရာဇဝတ်ပြစ်မှု ဆိုင်ရာ ဂေဇက်အထူး နောက်ဆက်တွဲများကို ထုတ်ပြန်ကြော်ငြာလေသည်။

(က) ရှာဖွေ မရသေးသော စစ်တပ်မှ ထွက်ပြေးသည့် သူတို့၏ မာတိကာ (နှစ်စဉ်)

(ခ) သေနတ်လက်နက်များကိုင် ဆောင်ရန်မသင့် မယုံရသောသူတို့၏ စာရင်း (နှစ်စဉ်။)

(ဂ) ပျောက်ဆုံးသို့မဟုတ်ခိုးယူသွားရှိပြန်မရသေး သော သေနတ် လက်နက်များ၏စာရင်း။ (နှစ်စဉ်။)

(ဃ) မြန်မာနိုင်ငံတော်အတွင်းရှိ ရာဇဝတ် မကောင်းသူ လူမှုများ၏ များပြားစွာသောအစည်းအရုံးတို့၌ပါဝင်သောသူတို့၏စာရင်း (နှစ်စဉ်)

(င) မယုံကြည်ရသောသတင်းပေးသူတို့၏စာရင်း (သုံးနှစ်တခါ)

(စ) အင်ဒမင်ကျွန်းများ (Andamans)၊ မြန်မာ နိုင်ငံ တွင်းရှိ အကျဉ်းထောင်များနှင့်၊ ရာဇဝတ်အချုပ် အနေ့ောင်တို့မှထွက်ပြေး လွတ်သွားသောအကျဉ်းသားတို့၏စာရင်း (ငါးနှစ်တခါ)

## အခန်း ၈။

### လက်ထိပ်ဖွေနှိပ်မှတ်ဌာနအကြောင်း။

၁၇၇။ မြန်မာနိုင်ငံတော်လက်ထိပ်ဖွေနှိပ်မှတ် ဌာနသည်၊ ရုံးထောက်မှုဌာနဆိုင်ရာရုံးတော်ကြီး၏ဌာနခွဲတရပ်ဖြစ်၍မီးရထားဌာနနှင့်ရုံးထောက်မှုရာဇဝတ်ဝန်ကြီး၏ စီမံအုပ်ချုပ်ခြင်း၌လက်အောက်ခံဖြစ်သောရာဇဝတ်ရေးဆိုင်ရာ ဝန်ထောက်၏ အမိန့်အာဏာကိုနာခံရသည်။

၁၇၈။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနသည် ဒုတိယရာဇဝတ်ဝန်ထောက်တယောက်၏ ကြီးကြပ်ခြင်းလက်အောက်ခံဖြစ်၍၊ လက်ထောက် အရာရှိစုတို့သည် ရာဇဝတ်အုပ်များနှင့် ရာဇဝတ်ကြပ်များဖြစ်ကြသည်။

၁၇၉။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနလက်အောက် အရာရှိ စုတို့ကိုထည့်သွင်းခန့်ထားရာ၌ ဤလက်စွဲဥပဒေပုဒ်မ ၁၅ တွင် ပြဋ္ဌာန်း ထားသည့်အတိုင်း၊ စုံထောက်မှုဌာနဆိုင်ရာရုံးတော်ကြီး၏အခြားဌာနခွဲများတွင် ပြုလုပ်ခန့်ထားသည့်အတိုင်းခန့်ထားလိမ့်မည်။ သို့သော်လည်းမည်သည့်ရာဇဝတ်ကြပ်များကိုမျှ၊ လက်ထိပ်ဗွေနှိပ်မှတ်စစ် အရာရှိစာမေးပွဲကို မအောင်သမျှကာလပတ်လုံး၊ ခေတ္တရာဇဝတ်အုပ်အတန်း၌ခန့်ထားလိမ့်မည်မဟုတ်။

၁၈၀။ စီရင်စုနယ်ရာဇဝတ်အဖွဲ့မှ ရွေးချယ်ထားသော ရာဇဝတ်အုပ် ၆ ယောက်သည် လက်ထိပ်ဗွေနှိပ်မှတ်ဌာန၌၊ လက်ထိ ဗွေနှိပ်မှတ်စစ်အရာရှိအတတ်ကို နှစ်စဉ်ဇွန်လကစ၍တနှစ်တိုင်အောင်သင်ကြားရမည်။ ဤအတတ်ပညာသင်အံလေ့ကျက်ရန် စာတစုကို ဤလက်စွဲဥပဒေနောက်တွဲ ၁၀ တွင်တွေ့ရှိလိမ့်မည်။ ၎င်းတို့သည်၊ သင်ကြားသောအချိန်ကာလကုန်လွန်၍၊ လက်ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိအဖြစ်စာမေးပွဲကိုအောင်မြင်လျှင်၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာနတွင်အလုပ်ဝတ်တရားဆောင်ရွက်စေရန်၊ ၎င်းတို့၏အမည်များကို စာရင်းတင်သွင်းထားလိမ့်မည်။ ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်သည်၊ ဤရာဇဝတ်အုပ်များ၏စာရင်းတစောင်ကိုပြုလုပ်ထားလိမ့်မည်။ ၎င်းတို့သည်၊ မိမိတို့အမှုထမ်းရွက်သောစီရင်စုနယ်ရာဇဝတ်ဝန်နှင့်၊ အပိုင်းဆိုင်ရာ ရာဇဝတ်ဝန်ကြီးတို့၏ အလုပ်အကိုင်ကောင်းကြောင်း ချီးမွမ်းခြင်းခံရလျှင်၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာနတွင် ရာဇဝတ်အုပ်များခန့်ထားရာ၌၊ ဒုတိယ ရွေးချယ်ခန့်ထားခြင်းခံရလိမ့်မည်။

၁၈၁။ ''လက်ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိ'' ဆိုသည်မှာ၊ လက်ထိပ်ဗွေနှိပ်မှတ်များကိုစစ်ဆေးအမျိုးခွဲခြားစမ်းသပ်ကြည့်ရှု၊ တိုက်ဆိုင်ကြည့်ရှု၍၊ ထင်မြင်ချက် ပေးနိုင်သည့်အရည်အချင်းနှင့်ပြည့်စုံကြောင်း၊ ပြဋ္ဌာန်းသည့်၊ မီးရထားဌာနနှင့် စုံထောက်မှုရာဇဝတ်ဝန်ကြီးထံမှ သက်သေခံလက်မှတ်တစောင်လက်ခံပြီးသူ အရာရှိကိုဆိုလိုသည်။

၁၈၂။ လက်ထိပ် ဗွေနှိပ်မှတ်စစ် အရာရှိအဖြစ် စာမေးပွဲကို၊ မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးက၊ နှစ်စဉ်ပြုလုပ်ကျင်းပလိမ့်မည်။ လက်ထိပ်ဗွေနှိပ်မှတ် ဌာနရှိရာဇဝတ်ကြပ်များနှင့်၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာန၌ အထူးသင်ကြားပြီးသော စီရင်စုနယ်အရာရှိများကို၊ ၎င်းစာမေးပွဲတွင်ဖြေဆိုရန်ဝင်ခွင့်ပြုလိမ့်မည်။

၁၈၃။ မည်သူမဆို ရာဇဝတ်အုပ်အောက် ရာထူးအောက်နိမ့်လျှင်သော်၎င်း၊ မီးရထားဌာနနှင့်စုံထောက်မှု ရာဇဝတ်ဝန်ကြီး၏ အထူးကျွမ်းကျင်သူဖြစ်ကြောင်း၊ သက်သေခံလက်မှတ်ကိုမရရှိလျှင်သော်၎င်း၊ ဗဟိုသက်သေခံအက်ဥပဒေပုဒ်မ ၄၅ အဓိပ္ပါယ်အရ ''လက်ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိ''ဟူ၍မှတ်ယူလိမ့်မည်မဟုတ်။

၁၈၄။ အရာရှိတဦးတယောက်မှာ၊ လက်ထိပ်ဗွေနှိပ်မှတ် ဌာနမှ ထွက်ခွါသွားသည့်အခါ၊ အထူးကျွမ်းကျင်သူအဖြစ် မှတ်ယူခြင်းမှုပ်စဲစေမည်ဖြစ်၍၊ ဆိုခဲ့သည့် ရာဇဝတ်ဝန်ကြီးရုံး ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်သို့၊ မိမိ၏သက်သေခံလက်မှတ်ကိုလည်းပေးအပ်ရမည်။ သို့ရာတွင်အမှုထမ်းကာလအပိုင်းအခြားအတွင်း၊ မည်သည့်အခါတွင်မဆို၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာနတွင်၊ ၃ လဝင်ရောက်ထမ်းရွက်၍၊ မိမိအတတ်ပညာကိုပြန်၍လေ့လာခြင်းဖြင့်၊ အရည်အချင်းနှင့်ပြည့်စုံအောင်အသစ်တဖန်ပြုလုပ်နိုင်ခွင့်ရှိသည်။

၁၈၅။ ရာဇဝတ်မှုတွင်ဖြစ်စေ၊ တရားမမှုတွင်ဖြစ်စေ၊ ''လက်ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိ''များ၏သက်သေခံအရပ်ရပ်ကို၊ အင်းစိန်၌၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာနကိုကြီးကြပ်အုပ်

ချုပ်သူအရာရှိထံသို့တိုက်ရိုက်တောင်းဆိုရမည်။တရားမမှုများတွင်။လက်ထိပ်ခွေနှိပ်မှတ်စစ် အရာရှိတဦးတယောက်ကိုမစေလွှတ်မီ။ အထူးကျွမ်းကျင်သည့် အတွက်။ အခနှုန်းငွေ ၈ဝိ နှင့်အတူတကွ၊၎င်း၏ခရီးစရိတ်အရပ်ရပ်နှင့်စားစရိတ်ငွေများကို သမ္မာန်စာဆင့်ခေါ်သည့် ရုံးတော်မှတောင်းဆိုလိမ့်မည်။ ၎င်းအမှုမျိုးတွင်။ အထူးကျွမ်းကျင်သည့်အတွက်အခနှုန်း ငွေကို။အစိုးရအား ''ရာဇဝတ်အထွေထွေရငွေ'' အဖြစ်ဖြင့်တင်သွင်းရမည်။

၁၀၆။ ။ပဌမမျိုးမည်ခွဲဝေပိုင်းခြားခြင်း။ဒုတိယမျိုးမည်ခွဲဝေပိုင်းခြားခြင်းနှင့် စာချုပ် များစီစဉ်ခြင်းကို။အင်းစိန်မြို့လက်ထိပ်ခွေနှိပ်မှတ်ဌာနအတွက်ပြဋ္ဌာန်းသောဇယားအညွှန်း အတိုင်းဆောင်ရွက်ရမည်။

၁၀၇။ ။ဒုတိယရာဇဝတ်ဝန်ထောက်၏အလုပ်ဝတ်တရားမှာ။လက်ထိပ်ခွေနှိပ်မှတ် စာချုပ်များကိုလက်ခံ၍ဝေဘန်ခွဲခြားပေးပြီးလျှင်။ ၎င်းတို့နှင့်စပ်လျဉ်းသော လုပ်ငန်းလုပ်စဉ် စာပေးစာယူများကိုဆောင်ရွက်ရမည်။ အမှုတွဲခန်းတွင် ထားသိုရန် ရှိသည့် လက်ထိပ်ခွေ နှိပ်မှတ်စာချုပ်များကိုမျိုးမည်ခွဲဝေပိုင်းခြားခြင်းနှင့်စီစဉ်ခြင်းများကိုလည်း တာဝန်ခံရမည် ပြင်။အခြားအလုပ်ဝတ်တရားများမှာ။

(က) အမှုတွဲခန်းတွင်ထားသိုရန်( ပြစ်မှု ၄၈ / ရာဇဝတ် ၁၀၃ ပုံစံ) ဖြစ်စေ၊ ပြစ်ချက် ပေါင်းများ ရှာဖွေ ရန် ( ပြစ်မှု ၄၉ / ရာဇဝတ် ၁၁၅ ပုံစံ)ဖြစ်စေ။ လက်ခံရရှိသည့်လက်ထိပ် ခွေနှိပ်မှတ်စာချုပ်အရပ်ရပ်ကိုသေချာစွာစစ်ဆေး၍ လက်ထိပ်ခွေနှိပ်မှတ်များကို ခွဲဝေပိုင်း ခြားရန်နိုင်မနိုင်နှင့်ပြည့်စုံစွာနှိပ်မနှိပ်ကိုလည်းကြည့်ရှုရမည်။

(ခ) အမှုတွဲခန်းတွင်ထားသိုရန်သော်၎င်း။ ပြစ်ချက်ပေါင်းများရှာဖွေရန်သော် ၎င်းရရှိသည့်လက်ထိပ်ခွေနှိပ်မှတ်စာချုပ်များကို၊ရှိသမျှသော ရာဇဝတ်အုပ် များနှင့် ရာဇ ဝတ်ကြပ်များအားခွဲဝေပေး၍ ၎င်းတို့ လက်ထိပ်ခွေနှိပ်မှတ်စာချုပ်များကို မျိုးမည်ခွဲဝေပိုင်း ခြားခြင်း၊စီစဉ်ခြင်း၊အမှုတွဲခန်းတွင်ထားသိုခြင်းအရပ်ရပ်ကိုကြီးကြပ်ကြည့်ရှုရမည်။

(ဂ) အခြားလက်ထိပ်ခွေနှိပ်မှတ်ဌာနများသို့။ အမှုတွဲခန်းတွင်ထားသိုရန် လက် ထိပ်ခွေနှိပ်မှတ်စာချုပ်များကို။ ( ပြစ်မှု ၄၅ / ရာဇဝတ် ၁၃၁ ပုံစံနှင့်ပူးတွဲ၍) ပို့ရမည်။

(ဃ) ထွက်ပြေးတိမ်းရှောင်နေသူအရပ်ရပ်။ဝါရမ်းပြေးအရပ်ရပ်။ အထွေထွေစာ ချုပ်ဖွင့်ထား၍ပျောက်နေသည့်ရာဇဝတ်သင့်သူအရပ်ရပ်။ ရာဇဝတ်မကင်း အသက်မွေးမှု ကြောင်းကြော်ငြာထားသည့်လူမျိုးအရပ်ရပ်။ ၎င်းတို့ဆိုင်ရာအမှုတွဲခန်းတွင် ထားသိုသည့် လက်ထိပ်ခွေနှိပ်မှတ်စာချုပ်များကို။သတ်မှတ်ထားသောစက္ကူနီ စာချုပ်ငယ်နှင့်ပူးတွဲရမည်။

(င) အမှုတွဲခန်းတွင်ထားသိုသည့်လက်ထိပ် ခွေနှိပ်မှတ် စာချုပ်များကိုပယ်နုတ် ရန်စီစဉ်ရမည်။

(စ) ''လက်ထိပ်ခွေနှိပ် မှတ်စစ်အရာရှိ'' များ၏ ထင်မြင်ချက်ရေးသားခြင်းကို သော်၎င်း။ကိုယ်တိုင်သွားရောက်၍ အထူးကျွမ်းကျင်သည့် အဖြစ်ဖြင့် သက်သေခံရန်သော် ၎င်း။တရားရုံးများနှင့်အခြားရုံးများမှဆင့်ဆိုခြင်းအစေ်ရှုပ်ကိုကြည့်ရှုဝေဘန်ရမည်။

(ဆ) အောက်ပါမှတ်ပုံစာရင်း စာအုပ်အရပ်ရပ်ကို။ လက်ထိပ်ခွေနှိပ်မှတ် ဌာန တွင်သေသပ်စွာထားရှိရန်ကြည့်ရှုရမည်။

(၁) လက်ခံရရှိသည့်ကြားစာများဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၂) ပေးပို့လိုက်သည့်ကြားစာများဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၃) ပြစ်ချက်ဟောင်းများရှာဖွေရန် လက်ထိပ်ဗွေနှိပ်မှတ် စာချပ်များဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။ (ရာဇဝတ်သင့်သူများအတွက်။)

(၄) ပြစ်ချက်ဟောင်းများရှာဖွေရန်လက်ထိပ်ဗွေနှိပ်မှတ် စာချပ်များဆိုင်ရာမှတ်ပုံ စာရင်း စာအုပ်။ (ရာဇဝတ် အမှုထမ်း အဖွဲ့ဝင်သူများအတွက်။)

(၅) ပြစ်ချက်ဟောင်းများရှာဖွေရန် လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များ ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။ (အလုပ်သင်ရာဇဝတ်အစ်များအတွက်။)

(၆) ပြစ်ချက်ဟောင်းများရှာဖွေရန် လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များ ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။ (မီးရထားဘက်ဆိုင်ရာ။ ရာထူးခန့်အပ်လိုသူများအတွက်။)

(၇) ပြစ်ချက်ဟောင်းများရှာဖွေရန် လက်ထိပ်ဗွေနှိပ်မှတ် စာချပ်များဆိုင်ရာမှတ်ပုံစာရင်းစာအုပ်၊ (ရေနံတွင်းရာ ရပ်ကွက်များဆိုင်ရာ အလုပ်သားများအတွက်။)

(၈) အညွှန်းမာတိကာမှတ်ပုံစာရင်းစာအုပ်များ။ (ရာဇဝတ် ၁၁ ဖြင့်စ။)

(၉) အမှုတွဲခန်းတွင်သိုထားသည့် လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များ လက်ရှိစာရင်းစာအုပ်။

(၁၀) သေဆုံးကြောင်းအစီရင်ခံချက်များဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၁၁)- အထွေထွေစာချပ်ရှိ၍၎င်းတို့၏ လက်ထိပ် ဗွေနှိပ်မှတ်စာချပ်များကို၊ စက္ကူနီစာချပ်ငယ် ပူးတွဲပြီး ဖြစ်သည့်၊ ရာဇဝတ် သင့်သူတို့ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၁၂) လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များကို၊ စက္ကူနီ စာချပ်ငယ် ပူးတွဲပြီး ဖြစ်သည့်၊ ဝါရမ်းပြေးများဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၁၃) အထွေထွေ စာချပ်ရှိ၍၊ လက်ထိပ်ဗွေနှိပ်မှတ် အားဖြင့် တွေ့ရှိသည့် ရာဇဝတ်သင့်သူတို့ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၁၄) လက်ထိပ်ဗွေနှိပ်မှတ်အားဖြင့်တွေ့ရှိသည့် ဝါရမ်းပြေးများဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၁၅) ''လက်ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိ'' များ၏ထင်မြင်ချက်များ ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၁၆) ''လက်ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိ'' များ၏ (ရာဇဝတ်မှုတွင်) သက်သေခံချက်ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၁၇) ''လက်ထိပ်ဗွေနှိပ်မှတ်စစ် အရာရှိ'' များ၏ (တရားမမှုတွင်) သက်သေခံချက်ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၁၈) ''လက်ထိပ်ဗွေနှိပ်မှတ်စစ် အရာရှိ'' ဖြစ်ရန် အတတ်ပညာကို လာရောက်သင်ကြားနေသည့် ရာဇဝတ်အုပ်များ၏ နေ့စဉ် ခေါ်ချိန်စာရင် စာအုပ်။

(၁၉) ''လက်ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိ''အဖြစ်စာမေးပွဲကို၊အောင်မြင်ပြီးသောအရာရှိများဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၂၀) အကျဉ်းထောင် ''ခ''စာရင်းများ (ထောင်ပုံစံနံပါတ် ၆၅) ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၂၁) နေ့စဉ်မှတ်တမ်းဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၂၂) အမှုတွဲများဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(၂၃) လက်ဗွေနှိပ်မှတ် စာချပ်များကို ထုတ်နုတ်ပယ်ဖျက်ခြင်း ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်၊

(၂၄) လက်ဗွေနှိပ်မှတ်ဌာနအမှုတွဲခန်းတွင်ထားသိုလက်ခံသည့်၊ ရာဇဝတ်မကောင်းအသက်မွေး မြသူလူမျိုးတို့ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။

(ဇ) ပြစ်မှုမျိုးမည်ခွဲခြားရေးဆိုင်ရာဌာနနှင့်၊ အလုပ်လုပ်ကိုင်ရာ၌ ထိပ်တူထပ်မျှဖြစ်စေရန်ကြည့်ရှုရမည်။

၁၈၈။ အောင်စာကြက်တော်များ၊ ရာဇဝတ်အုပ်များနှင့် ရာဇဝတ်ကြပ်များ၏ အလုပ်ဝတ်တရားများမှာ။

(က) မည်သည့်အခါမဆို၊ မိမိတို့ကို အလိုရှိသော အခါ၊ ဒုတိယ ရာဇဝတ်ဝန်ထောက်အားကူညီရမည်။

(ခ) မည်သူအမှန်ဖြစ်ကြောင်းစစ်ဆေးသိသာနိုင်ရန်၊ လက်ဗွေနှိပ်မှတ် ဌာနတွင်လက်ခံရရှိသည့်မည်သူ အမှန်ဖြစ်ကြောင်းစစ်ဆေးမရသူများ၏ ပြေးချက် ပေါင်းများ ရှာဖွေရန်စာချပ်များနှင့်၊ အမှုတွဲခန်းတွင်ထားသိုလျက်ရှိသည့်၊ ၎င်းတို့၏ လက်ဗွေနှိပ်မှတ်စာချပ်များကိုရှာဖွေရမည်။

(ဂ) လက်ခံရရှိသည့် လက်ဗွေနှိပ်မှတ် စာချပ်အရစ်ရင်ကိုမျိုးမည် ခွဲဝေပိုင်းခြားရှိ၊ဆိုင်ရာအမှုတွဲခန်း ပေါက်သွင်းထားသိုရန်စီစဉ်ရမည်။၎င်းပြင်၊ ၎င်း၏လက်ဗွေနှိပ်မှတ်စာချပ်အသီးသီး၏ခွဲခြားထားခြင်းနှင့်စီစဉ်ထားခြင်းကိုမှန်မမှန်စစ်ဆေးရမည်၊

(ဃ) ရာဇဝတ်မှုနှင့်တရားမမှုများတွင် အထူး ကျွမ်းကျင်သည့်အဖြစ်ဖြင့်၊ သက်သေခံရန်ဆင့်ခေါ်သည့်အခါ ရုံးသို့သွားရောက်သက်သေခံရမည်။

(င) အပြစ်ပြုကျင့်သူတို့၏ ဖြစ်နိုင်သော လက်ဗွေနှိပ်မှတ်များကို ရှာဖွေရာ၌ဒေသန္တရဆိုင်ရာရာဇဝတ်အရာရှိကိုကူညီရန်၊ ပြစ်မှုဖြစ်ပွားသောနေရာဌာနသို့ သွားရမည်။

၁၈၉။ လက်ဗွေနှိပ်မှတ်ဌာနတွင်ပြေးချက်ပေါင်းများ ရှာဖွေရန်ရှိသော စာချပ်အသီးသီးကို၊တဦးသော''လက်ဗွေနှိပ်မှတ်စစ်အရာရှိ'' ကမျိုးမည်ခွဲခြားရှိ၊ ၎င်းခွဲခြားခြင်းမှန်မမှန်ကို၊ဒုတိယအရာရှိကစစ်ဆေးရမည်။ ၎င်းနောက်တတိယအရာရှိက ရှာဖွေခြင်းပြုလုပ်ရမည်။

၁၉၀။ ပြေးချက်ပေါင်းများရှာဖွေရန်တင်သွင်းသည့်စာချပ်များတွင်၊ လက်ဗွေနှိပ်မှတ်များကိုမျိုးမည်ခွဲခြားခြင်းငှါမစွမ်းနိုင်လောက်အောင် မထင်မရှား ဖြစ်၍သော်၎င်း၊ ရှိနေခဲ့လျှင်ရှာဖွေခြင်းအလျှင်း မပြုမလုပ်ဘဲ ပြန်ပို့ပြီးလျှင်၊ စာချပ်သစ်များကို တောင်းဆိုရမည်။

၁၉၁။ အမှုတွဲခန်းတွင်ထားသိုရန်ရရှိသော၊လက်ဗွေနှိပ်မှတ် စာချပ်အသီးသီးကိုမျိုးမည်ခွဲခြားခြင်း၊စစ်ဆေးခြင်း၊ထားသိုခြင်းမပြုလုပ်မီ၊ သေချာစွာ စစ်ဆေးကြည့်ရှုရမည်။အကယ်၍တစုံတရာချွတ်ယွင်းခဲ့သော်၊ပြင်ဆင်ပြီးစာချပ်ကိုသော်၎င်း၊အသစ်ထပ်မံနှိပ်ယူသည့်စာချပ်ကိုသော်၎င်း၊ တဖန်တင်သွင်းရန်၊ ရာဇဝတ်ပြစ်မှု ၅၂ ပုံစံနှင့်၊ ကန့်ကွက်ခြင်း စာချပ် ( $\frac{\text{ပြစ်မှု ၅၃}}{\text{ရာဇဝတ် ၁၃၅}}$ ပုံစံ) ကိုပူးတွဲ၍ပြန်ပို့ရမည်။

၁၉၂။ ။လက်ထိပ်မွေ့နှိပ်မှတ်များအမှုတွဲခန်းတွင်ထားသိုလျက် ရှိသည့်လူ တဦးတယောက်သည် ပြစ်မှုကျူးလွန်သူအဖြစ် ကြော်ငြာငြင်းခံရကြောင်းဖြစ်စေ၊ အကျဉ်းထောင်မှ သို့မဟုတ်ရာဇဝတ်အချုပ်မှထွက်ပြေးနေကြောင်းဖြစ်စေ၊ မှုပြင်တခုခုကို ကျူးလွန်ပြီးထွက်ပြေးတိမ်းရှောင်နေကြောင်းဖြစ်စေ၊ ပျောက်ကွယ်နေကြောင်းဖြစ်စေ အစီရင်ခံစာတစောင်ရရှိလျှင်၊ သတိမှတ်ထားသော စက္ကူနီစာချပ်ငယ် တစောင်ကို၊ ၎င်း၏လက်ထိပ်မွေ့နှိပ်မှတ်စာချပ်ပေါ်တွင်ဖူးတွဲကပ်ထားရမည်။ ဤနည်းအားဖြင့်၊ နောင်ပြစ်ချက်ဟောင်းများရှာဖွေရန်၊ ၎င်း၏လက်ထိပ်မွေ့နှိပ်မှတ်များရရှိခဲ့လျှင် ဖမ်းဆီးရန်အလိုရှိသည့် ရာဇဝတ် အရာရှိတို့ထံ သတင်းစကားချက်ခြင်းပေးပို့နိုင်သည် ဤသို့သော အရေးကိစ္စများတွင်၊ အခြားစက္ကူနီစာချပ်ငယ်တစောင်ရေးကူး၍၊ ထွက်ပြေးတိမ်းရှောင်နေသူ၏ အမျိုးအမည်ခြားသည့် နံပါတ်နှင့် အတူတကွ လက်ထိပ်မွေ့နှိပ်မှတ်များအမှုတွဲခန်းတွင် ထားသိုလျက်ရှိကြောင်းသိရှိသည့် အခြားလက်ထိပ်မွေ့နှိပ်မှတ်ဌာနများကိုလည်းပေးပို့ရမည်။

၁၉၃။ ။လက်ထိပ် မွေ့နှိပ်မှတ် ဌာနများ စာရင်းနှင့်၊ အိန္ဒိယနိုင်ငံတော်နှင့် စပ်တိတ်ဆက်တာ (လ်) မန်နှိုင်း၎င်းတို့၏လိပ်စာများမှာ၊အောက်ပါအတိုင်းဖြစ်သည်။

(1) (Bengal) : The Crime Assistant to the Deputy Inspector-General, Criminal Investigation Department, Calcutta.

(၁) (ဘင်္ဂလားနယ်) ကာလကတ္တာမြို့၊ စုံထောက်မှုရာဇဝတ် ဝန်ကြီးရုံးရာဇဝတ်ရေးဆိုင်ရာဝန်ထောက်။

(2) (United Provinces of Agra and Oudh) : The Deputy Inspector General-in-charge, Finger Print Bureau, Allahabad.

(၂) (အာဂရနှင့်ဥဒနယ်များ) အလဟာဘတ်မြို့၊ လက်ထိပ်မွေ့နှိပ်မှတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သူရာဇဝတ်ဝန်ကြီး။

(3) (Burma) : The Deputy Inspector-General of Police for Railways and Criminal Investigation, Insein.

(၃) (မြန်မာနိုင်ငံ) အင်းစိန်မြို့၊မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီး။

(4) (Bombay) : The Officer-in-charge, Finger Print Bureau, Bombay Presidency, Poona.

(၄) (ဘုံဘိုင်နယ်) ပူးနာမြို့၊ဘုံဘိုင်နယ်၊ လက်ထိပ် မွေ့နှိပ်မှတ်ဌာနကို ကြီးကြပ်အုပ်ချုပ်သူအရာရှိ။

(5) (Central Provinces) : The Officer-in-charge, Finger Print Bureau, Nagpur.

(၅) (အလယ်ပိုင်းနယ်များ) နာဂပူရ်မြို့၊လက်ထိပ်မွေ့နှိပ်မှတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိ။

(6) (Madras) : The Officer-in-charge, Finger Print Bureau, Madras.

(၆) (မဒရပ်နယ်) မဒရပ်မြို့၊ လက်ထိပ်မွေ့နှိပ်မှတ် ဌာနကို ကြီးကြပ်အုပ်ချုပ်သူအရာရှိ။

(7) (Assam) : The Inspector-General of Police, Assam, Shillong

(၇) (အာသံပြည်) ရှီလုံမြို့၊အာသံပြည်ရာဇဝတ်ဌာနချုပ်ဝန်ကြီး။

(8) (Punjab) : The Superintendent of Police-in-charge Finger Print Bureau, Phillour.

(၈) (ပန်ချာပ်နယ်) ဖီလိုမြို့ လက်ထိပ် ဗွေနှိပ်မှတ် ဌာနကို ကြီးကြပ် အုပ်ချုပ်သူ ရာဇဝတ်ဝန်။

(9) (Hyderabad) : The Officer-in-charge, Finger Print Bureau, Hyderabad (Deccan).

(၉) (ဟိုက်ဒြာဗတ်နယ်) ဟိုက်ဒြာဗတ်မြို့ ဒက္ခိဏကုန်းပြင် လက်ထိပ်ဗွေနှိပ်မှတ် ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိ။

(10) Karachi) : The Officer-in-charge, Finger Print Bureau, Karachi.

(၁၀) (ကရာချီနယ်) ကရာချီမြို့လက်ထိပ်ဗွေနှိပ်မှတ် ဌာနကို ကြီးကြပ်အုပ်ချုပ်သူအရာရှိ။

(11) (Rajputana) : The Officer-in-charge, Finger Print Bureau, ~~Mount~~ Abu.

(၁၁) (ရာဇပုတ္တနနယ်) အဗူမြို့လက်ထိပ်ဗွေနှိပ်မှတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိ။

(12) (Mysore) : The Inspector-General of Police, Mysore, Bangalore.

(၁၂) (မိုက်စိုရ်တိုင်း) ဗန်ဂလိုရ်မြို့ မိုက်စိုရ်တိုင်းရာဇဝတ်ဌာနချုပ်ဝန်ကြီး။

(13) (Baroda State) : The Officer-in-charge, Finger Print Bureau, Baroda.

•၁၃) (ဗရိုဒါပြည်နယ်) ဗရိုဒါမြို့ လက်ထိပ်ဗွေနှိပ်မှတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိ။

(14) (Bihar and Orissa : The Deputy Inspector-General of Police, C.I.D., Bihar and Orissa, Patna.

(၁၄) (ဘီဟာနှင့်ဩရိဿနယ်) ပတ်နာမြို့ ဘီဟာနှင့်ဩရိဿနယ် စုံထောက်မှုရာဇဝတ်ဝန်ကြီး။

(15) (Straits Settlements) : The Registrar of Criminals Kuala Lumpur, Straits Settlements.

(၁၅) (စြိတ်ဆက်(လ်) မန်နယ်) စြိတ်ဆက်(လ်) မန်နယ်၊ ကွာလာလမ်ပူမြို့ ရာဇဝတ်ကောင်းသူတို့ဆိုင်ရာဇီစတြာဝန်။

(16) Cochin State : The Officer-in-charge, Finger Print Bureau, Cochin State, Trichur.

(၁၆) (ကိုချင်နယ်) တြီချာမြို့ကိုချင်နယ်လက်ထိပ်ဗွေနှိပ်မှတ်ဌာနကို ကြီးကြပ်အုပ်ချုပ်သူအရာရှိ။

(17) (Travancore State.) : The Officer-in-charge, Finger Print Bureau, Travancore State, Trivandrum.

(၁၇) (ထြာဗန်ကိုနယ်) တြီဗန်ဒရမ်မြို့ ထြာဗန်ကိုနယ် လက်ထိပ်ဗွေနှိပ်မှတ် ဌာနကို ကြီးကြပ်အုပ်ချုပ်သူအရာရှိ။

## အခန်း ၉။

## လက်ဗွေနှိပ်မှတ်များကိုနှိပ်ယူအသုံးပြုပုံပြုနည်းအကြောင်း။

၁၉၄။ ။လက်ဗွေနှိပ်မှတ်ဆိုသည်တွင်။ ''လှိမ့်နှိပ်'' ။သို့မဟုတ် ''တည့်တည့်နှိပ်'' ဟူ၍နှစ်မျိုးနှစ်စားရှိသည်။

၁၉၅။ ။''လှိမ့်နှိပ်'' အမှတ်ဆိုသည်မှာ။မင်သုတ်လိမ်းထားသောလက်မ။ သို့မဟုတ် လက်ချောင်းကို စက္ကူပေါ်တွင်။ လက်သည်းကို စက္ကူနှင့်ရိုက် ထောင့်ကျအောင် စောင်း ထောင်၍တင်ထားပြီးလျှင်၎င်းလက်မလက်ချောင်းကို ဖြည်းညှင်းစွာစက္ကူပေါ်တွင်ဖိနှိပ်၍။ လက်ဝဲဘက်သည်မှလက်ယာဘက်မှလက်ျာဘက်ထိ။ လက်သည်းသည် စက္ကူနှင့် တစ်ဖန် ရိုက်ထောင့်ကျအောင်လှိမ့်၍ရရှိသောဗွေနှိပ်မှတ်ကိုဆိုသည်။

၁၉၆။ ။''တည့်တည့်နှိပ်'' အမှတ် ဆိုသည်မှာ။ မင်သုတ်လိမ်းထားသောလက်မ။ သို့မဟုတ်လက်ချောင်းများကိုမလှိမ့်ဘဲဖြည်းညှင်း စွာ စက္ကူပေါ်တွင်ဖိနှိပ်၍ရရှိသော ဗွေနှိပ် မှတ်ကိုဆိုသည်။

၁၉၇။ ။''မည်သူအမှန်ဖြစ်ကြောင်း စစ်ဆေးမရသူ'' ဆိုသည်မှာ။ ၎င်း၏နေရပ်နှင့် ရှေးအတ္ထုပ္ပတ္တိကိုမသိရသူကိုဆိုလိုသည်။

၁၉၈။ ။''စစ်လျှောက်ရှာဖွေ၍မတွေ့သူ'' ဆိုသည်မှာ။ ၎င်းသူအပေါ်တွင် အထက် ပြစ်ချက်တစုံတရာစစ်လျှောက်ရှာဖွေ၍မတွေ့သူကိုဆိုလိုသည်။

၁၉၉။ ။''လက်ဗွေနှိပ်အရာရှိဆို'' သည်မှာ။ ငင်ရှားကောင်းမွန်ပြည့်စုံစွာ လှိမ့် ၍နှိပ်သည့်ဗွေမှတ်နှိပ်ယူနိုင်သည့်အရည်အချင်း။ လက်ဗွေနှိပ်မှတ်စာရင်းပါ မှတ်များ အမိအရပုံမှန်မှန်တိုက်ဆိုင်စစ်ဆေးနိုင်သည့် အရည်အချင်း။လက်ဗွေနှိပ်မှတ်ဌာနသို့ တင်သွင်းရန်။ လက်ဗွေ နှိပ်မှတ်စာချပ် ပြစ်မှု ၄၈ / ရာဇဝတ် ၁၀၃ ပုံစံကိုနေရာတကျပြင်ဆင် ရေးသားနိုင်သည့်အရည်အချင်းများနှင့်ပြည့်စုံကြောင်း ပြဋ္ဌာန်းသည့်။ မန္တလေးမြို့၊ မြန်မာ နိုင်ငံတော်ဆိုင်ရာရာဇဝတ်ကျောင်း။ ကျောင်းအုပ်ကြီးထံမှသက်သေခံလက်မှတ်တစောင်။ လက်ခံရပြီးသူအရာရှိကိုဆိုလိုသည်။

၂၀၀။ ။လက်ဗွေနှိပ်မှတ်စာချပ်များနှစ်မျိုးနှစ်စားရှိသည်။၎င်းတို့မှာ။

(က) အမှုတွဲ ခန်းတွင် ထားသိုရန် ဖြစ်သော လက်ဗွေ နှိပ်မှတ်စာချပ် (ပြစ်မှု ၄၀ / ရာဇဝတ် ၁၀၃ ပုံစံ)။ ''အမှုတွဲခန်းတွင် ထားသိုရန် လက်ဗွေနှိပ်မှတ် စာချပ်'' ဆိုသည်မှာ။လက်ဗွေနှိပ်မှတ်ဌာနသို့အမှုတွဲခန်းတွင် ထားသိုရန် တင်သွင်းသည့်။ လူတဦး တယောက်၏လက်ဗွေနှိပ်မှတ်စာချပ်ကိုဆိုလိုသည်။

(ခ) ပြစ်ချက်ဟောင်းများ ရှာဖွေရန်စာချပ် (ပြစ်မှု ၄၉ / ရာဇဝတ် ၁၁၅ ပုံစံ)။ ''ပြစ်ချက် ဟောင်းများရှာဖွေရန်စာချပ်'' ဆိုသည်မှာ။လက်ဗွေနှိပ်မှတ်ဌာနသို့။လူတဦးတယောက် သည်မည်သူအမှန်ဖြစ်ကြောင်း။စုံစမ်းပေးပို့သည့်ပုံစံကိုဆိုလိုသည်။

၂၀၁။ ။အင်းစိန်ရှိလက်ဗွေနှိပ်မှတ်ဌာနတွင် အသုံးပြုသောပုံစံတို့၏ နမူနာများ ကို။၎င်းလက်စွဲ၏ပဒေနောက်ဆက်တွဲ ဂ တွင်တွေ့ရှိလိမ့်မည်။

၂၀၂။ ။လက်ထိပ်ဗွေနှိပ်မှတ်ယူသည့်အခါ၊ လိုအပ်သောကိရိယာများမှာ၊သံပြား သို့မဟုတ်မှန်ပြားတချပ်၊အိန္ဒိယရော်ဘာလိမ့်တုံးတတုံးနှင့် ပုံနှိပ်မင်အိုးတလုံးဖြစ်သည်။ ၎င်းကိရိယာများကို၊ ဖုံအမှုန့်ဆံချည်စသည်တို့မှ၊ စင်ကြယ်သန့်ရှင်းလွတ်ကင်းအောင်ထားရမည်။ မင်ခံပြားကိုအသုံးမပြုမီ၊ နေ့စဉ်မင်ဟောင်းများကိုစင်ကြယ်အောင်ပွတ်တိုက်သုတ်သင်၍ကောင်းစွာသန့်ရှင်းစေရမည်။ လိမ့်တုံးကိုအသုံးမပြုသည့်အခါ၊ စင်ကြယ်သော ဆီစက္ကူတချပ်ဖြင့်ရစ်ပတ်၍ထားရမည်။ မင်ခံပြားနှင့်လိမ့်တုံးနှစ်ခုလုံးကို၊ ကာလ ငိုင်းကြာ၍ ဆပ်ပြာ၊ဗင်ဇင် (ခေါ်ရေနံပုံ) ဆီ၊ရေနံဆီတခုခုနှင့် ဆေးကြောရမည်။ အသုံးမပြုသည့်အခါ၊မင်အိုးကိုကြပ်တည်းနိုင်လုံစွာပိတ်ထားရမည်။

၂၀၃။ ။မင်ခံပြားမှာ၊ အလွန်ချောမွေ့စေရမည့်ပြင်၊ အသုံးမပြုမီ ဖုန်များကိုလည်း သုတ်ပစ်ရမည်။ ထားပေယံဦးဖြင့်မင်အနည်းငယ်ကို၊ ၎င်းမင်ခံပြားပေါ်တွင် ထည့်ထားပြီး လျှင်သံကိုမှုံမှုံမြင်လောက်အောင်၊ မင်ပါးနိုင်သမျှပါးအောင်၊ လိမ့်တုံးဖြင့်လိမ့်ရမည်။လုပ်ကိုင်ရာတွင်တွေ့ရှိသည့်အရာမှာ၊မင်ကိုရှေးဦးစွာအနည်းငယ်မျှသာထည့်၍၊ လိုသလောက်တိုး၍ထည့်လျှင်သာ၍လွယ်ကူသည်ကိုသိရလေသည်။ မင်ခံပြားပေါ်တွင်မင်ထည့်များလွန်းလျှင်၊ စက္ကူတချပ်ကို၎င်းပေါ်တွင်ထား၍ လိမ့်တုံးဖြင့်လိမ့်လျှင်၊သင့်လျော်အောင်မင်လျော့သွားမည်ဖြစ်သည်။မင်သွေ့ခြောက်၍ထူနေလျှင်၊ အတန်ငယ်စွဲမြဲပွတ်လိမ့်လျှင်၊မင်ခံပြားပေါ်တွင်မင်ချောမွေ့စွာဖြစ်လာသည်ကိုတွေ့ရှိလိမ့်မည်။

၂၀၄။ ။လက်ထိပ်ဗွေနှိပ်မှတ်ယူမည့်သူ၏ လက်ထိပ်ဗွေများတွင် ချွေးစေးအနည်းငယ်ရှိလျှင်၊လက်ထိပ်ဗွေနှိပ်မှတ်မထင်မရှားစွန်းထင်းအကွက်များဖြစ်ပေါ်စေတတ်သည်ဖြစ်၍၊လက်ထိပ်ဗွေနှိပ်ခံသူ၏လက်ချောင်းများကိုသေချာစွာတိုက်ပွတ်ဆေးကြောရမည်၊လက်များဆစ်အတွင်းဘက်နေရာကိုသာမင်ထည့်စေရမည်။

၂၀၅။ ။အမှုတွဲခန်းတွင်ထားသိုရန်ဖြစ်သော လက်ထိပ်ဗွေနှိပ်မှတ်များကို၊အမြဲအား ဖြင့်ခွင့်ပြုထားသောလက်ထိပ်ဗွေနှိပ်မှတ်စာချပ် (ပြစ်မှု ၄၈ / ရာဇဝတ်၁၀၃ ပုံစံ) ပေါ်တွင်ယူရမည်။၎င်းစာချပ်တွင်၊လက်ဆယ်ချောင်းလုံးလိမ့်နှိပ်အမှတ်များနှင့်တကွ၊ လက်နှစ်ဘက်ရှိလက်လေးချောင်းစီတည့်တည့်နှိပ်အမှတ်များအတွက် နေရာလပ်ပါရှိသည်။ ခေါင်းစဉ်စကားရပ်များဖြင့်အဓိပ္ပါယ်ရှင်းလင်းဖေါ်ပြပါရှိသည်။

၂၀၆။ ။လိမ့်နှိပ်အမှတ်များကိုယူသည့်အခါ အခွင့်သင့်လျော်ရှိရန်အလို့ငှါ၊ စာချပ်ကိုမှတ်သားသည့်မျဉ်းကြောင်းတွင်ခေါက်၍၊ ၎င်းခေါက်ရိုးကို စားပွဲစွန်းနှင့် တညီတည်း ထားရမည်။

၂၀၇။ ။လက်ယာလက်''လိမ့်နှိပ်အမှတ်''ကို ပဌမယူရမည်၊ နောက်လက်ချောင်းကိုအလှည့်ကျမင်မဆွတ်မီ၊ ရှေ့လက်ချောင်းကိုမင်ဆွတ်၍နှိပ်ပြီးစေရမည်။ လက်ယာလက် ''လိမ့်နှိပ်အမှတ်''များကိုယူပြီးသည့်အခါ၊ယူသူမှာ၊ ''တည့်တည့်နှိပ်အမှတ်''များကို စာချပ်တွင်စီမံပါရှိသည့်နေရာလပ်တွင်၊ ၎င်းဘက်လက်လေးချောင်းဌေမှတ်ကိုတပြိုင်တည်း နှိပ်ယူရမည်၊လက်ယာဘက်လက်ပြီးသောအခါ၊ ၎င်းနည်းတူ ယူသူကလက်ဝဲဘက်လက်ထိပ်ဗွေနှိပ်အမှတ်များကိုဆက်လက်ယူရမည်။

၂၀၈။ ။လက်နှစ်ဘက်လုံးလက်ထိပ်ဗွေနှိပ်မှတ်များကိုယူပြီးသည့်အခါ၊ ၎င်းစာချပ်ကိုလှန်ပြီးလျှင်၊ လက်ထိပ်ဗွေနှိပ်မှတ်ယူခြင်းခံရသူ၏အမည်၊ နေရပ်၊အသက် ပြစ်ချက်များ၏အကြောင်းအရာအကျယ်စသည်တို့ကိုရေးသွင်းထားရမည်၊ လူအမည်၊ နေရာအမည်၊

အရပ်ရပ်ကိုအလွန်ထင်ရှားစွာဖတ်နိုင်အောင်ရေးသားရမည်။ ရေးသွင်းချက်အရပ်ရပ်မှာ၊ တိုနိုင်သမျှတိုစေရမည်။ပြစ်ချက်များကိုရက်စွဲအစဉ်အလိုက်ထည့်သွင်းရမည်။

၂၀၉။ ။ပြစ်ချက်များ၏အကြောင်းအရာအကျယ်စသည်တို့ကို၊ သေချာစွာမှန်မမှန်စစ်ဆေးကြည့်ရှုရမည်။၎င်းပြင်စစ်ဆေးသူအရာရှိက၊ ရေးသွင်းထားသည့်ပြစ်ဒဏ်စီရင်ချက်အသီးသီး၏ရှေ့တည့်တည့်ပဌမဇယားကွက်တွင် " V " ၎င်းပြထားသောပုံအက္ခရာစာနှင့်မိမိ၏ အမည်အရာထူးတို့ကိုမင်နီဖြင့်ရေးသွင်းရမည်။

၂၁၀။ ။ပြစ်ချက်များမှန်မမှန်စစ်ဆေးကြည့်ရှုခြင်းကို၊ အထက်ခံရဘူးသောပြစ်ချက်များအလုံးစုံပါရှိသည့်အကျဉ်းသားဆိုင်ရာဝါရမ်းစာနှင့် အမည်ပုံသဏ္ဌာန် အကြောင်းအရာစာရင်းမှ ကြည့်ရှုစစ်ဆေးမြဲအတိုင်း စစ်ဆေးရမည်။ ဤကဲ့သို့စစ်ဆေးခြင်းငှါမတတ်နိုင်သည့်နေရာတွင်၊အကျဉ်းသားနောက်ဆုံးပြစ်ဒဏ်စီရင်ချက်ခံရသည့် စီရင်စုနယ်၊စီရင်စုနယ်ရာဇဝတ်ဝန်ထံသို့၊ တရားရာဇဝတ်အမှုတွဲနှင့် ထောင်အမှုတွဲများမှာမှန်မမှန်စစ်ဆေးကြည့်ရှုရန်၊လက်ထိပ်မွေးနှိပ်မှတ်စာချပ်ကိုပေးပို့ရမည်။

၂၁၁။ ။ပြစ်ချက်များကိုမှန်မမှန် စစ်ဆေးကြည့်ရှုပြီးလျှင်၊ လက်ထိပ်မွေးနှိပ်မှတ်ဌာနသို့တဆင့်ပေးပို့ရန်၊တနယ်မှတနယ်သို့လက်ထိပ်မွေးနှိပ်မှတ်စာချပ် ပေးပို့သောအခါ၊ ပေးပို့သောအရာရှိသတိပြုရမည်မှာ၊ ၎င်းလက် ထိပ်မွေးနှိပ် မှတ်စာချပ်နှင့်အတူ ပေးပို့ သည့် (ရာဇဝတ် / ၁၃၁ ပုံစံ) စာရင်းစာရွက်တွင်၊လက်ထိပ်မွေးနှိပ်မှတ်ဌာနသို့သတင်းစကားတင်ကြို ပေးပို့သောလက်ခံကျေးရေးသည့်စာမှာကဲ့သို့၊ နံပါတ်ချင်းတူစေရမည်။ လက်ခံရရှိသောအရာရှိကလည်း၊ မိမိ၏စီရင်စုနယ်အတွင်းနှိပ်ယူသည့် လက်ထိပ်မွေးနှိပ် မှတ်စာချပ်များဆိုင်ရာစာရင်းစာရွက်တွင်မထည့်သွင်းဘဲ၊ ခြားစာရင်းစာရွက်နှင့် မည်သည့်စီရင်စုနယ်မှ၊မည်သည့်မှတ်စာနံပါတ်၊နေ့စွဲတို့ဖြင့်လက်ခံရရှိကြောင်းရေးသားဖော်ပြပေးပို့ရမည်။

၂၁၂။ ။လက်ထိပ်မွေးနှိပ်မှတ်စာချပ်များကို ရေးသွင်းသည့်အခါ၊အောက်ပါအချက်များကိုအထူးမှတ်သားရမည်။

(က) ပုံစံထိပ်သို့လက်ထိပ်များကိုလှည့်၍ လက်ထိပ်မွေးနှိပ်မှတ်များကို ယူမြဲဖြစ်ရလိမ့်မည်။

(ခ) "လိပ်နှိပ်"အမှတ်များမှာ၊လက်ချောင်းဝမ်းဘက်ငုံအပြည့် အစုံပါရှိစေရမည်။ လိုက်မွေးအစ်လျှင်ရဲတင်းပုံ ၁၊အခုပတ်မွေးဖြစ်လျှင်ရဲတင်းပုံ ၂၊ကိုမြင်နိုင်စေရမည်။

(ဂ) လက်ချောင်းအသီးသီး၏"လိပ်နှိပ်"အမှတ်ကို၊ ၎င်းလက်ချောင်းအတွက်သတ်မှတ်ထားသည့်နေရာလပ်တွင်ယူလိမ့်မည့်ပြင်၊ ၎င်းအမှတ်ကိုလည်းနေရာလပ်ထက်ပိုမို၍အစွန်းမထွက်စေရ၊အထက်လက်ချောင်းဆစ်၏မွေးအမှတ်မှသာထင်စေရမည်။

(ဃ) လက်ချောင်းတခုခု မပါလျှင်ဖြစ်စေ၊ လက်ထိပ်မွေးနှိပ် မှတ်ယူ၍ မရနိုင်အောင်ပုံသဏ္ဌာန်ပျက်စီးနေလျှင်ဖြစ်စေ၊ သို့မပါကြောင်း၊ ပျက်စီးနေကြောင်း"မပါ""ပုံသဏ္ဌာန်ပျက်နေသည်"ဆိုသည့်စကားရပ်ကို၊ ၎င်းလက်အတွက် သတ်မှတ်ထားသည့် နေရာလပ်တွင်မင်ဖြင့်မှတ်သားရမည်။ လက်နှစ်ချောင်းပူး ဖြစ်သည့် အချက်တွင်၊ ၎င်းလက်နှစ်ချောင်းလုံးမွေးနှိပ်မှတ်များကိုယူနိုင်လျှင်ယူရမည်။ နှစ်ချောင်းအနက်၊ သာ၍ထင်ရှားသောလက်ထိပ်မွေးနှိပ်မှတ်ကိုယူမြဲဖြစ်စေရမည်။

(င) လက်ထိပ်မွေးနှိပ်မှတ်များကိုထင်ရှားမသိသာနိုင်အောင်ဖြစ်သည့်ပုံသဏ္ဌာန်ပျက်စီးခြင်း၊ပြတ်သတ်ခြင်း၊ အမာရွတ်အနာရွတ်စသည်များကို အပြည့်အစုံဖော်ပြရမည်။

ခေတ္တဖြစ်သည်။ အမြဲဖြစ်သည်။အကြောင်းကိုလည်းဖော်ပြ၍ရှိစေရမည်။ လက်ထိပ်ဗွေနှိပ် မှတ်ယူရန်ဖြစ်သူများမှာ၊ လက်များလက်ဆစ်များတွင်ခုတ်ဖြတ်ရာ၊အနာရှိနေစဉ်အခါ၌ ၎င်းလက်ဘက်လက်ထိပ်ဗွေနှိပ်မှတ်များကို။ ၎င်းခုတ်ဖြတ်ရာများ မကျက်သေး၍ ကာလအတွင်း၌ မယူဘဲနေရန်စီမံနိုင်လျှင်မယူဘဲနေရမည်။

(စ) အမှုတွဲခန်းတွင်ထားသိုရန်ဖြစ်စေ။ ပြစ်ချက်ဟောင်းများ ရှာဖွေရန်ဖြစ်စေ။ မိန်းမများ၏လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များ ပေးပို့လျှင်။ ''မိန်းမ''ဆိုသည့်စကားကိုမင်နီဖြင့်လက်ထိပ်ဗွေနှိပ်မှတ်နှိပ်ယူပါရှိသောစာချပ်ထိပ်တွင်မှတ်သားထားရမည်။

(ဆ) အကျဉ်းသားတယောက်၏ လက်ထိပ် ဗွေနှိပ်မှတ်စာချပ်ကို၊ အခြားတယောက်အတွက်စတင်မနှိပ်ယူမီ။အသုံးတိုင်းအပြီး သုတ်စေရမည်။ သို့တည်းမဟုတ်လျှင်။အကျဉ်းသားတယောက်နှင့်စပ်လျဉ်းသည့်အကြောင်းအရာများကို။ အခြားတယောက်၏ စာချပ်ပေါ်တွင်မှားယွင်းရေးသွင်းတတ်သည်။

(ဇ) နောက်ဆုံးပြစ်ချက်နှင့်ဆိုင်ရာ၊ ရာဇဝတ်ဌာနအမည်။ ပဋ္ဌမသတင်း စကားနံပါတ်နှင့်ခုနှစ်တို့ကို။လက်ထိပ်ဗွေနှိပ်မှတ်စာချပ်ထိပ်တွင်။ အစဉ်မပြတ်ရေးသားပါရှိရလိမ့်မည်။ပြစ်ချက်ဟောင်းအရပ်ရပ်ဆိုင်ရာ ရာဇဝတ်ဌာနအမည်။ ပဋ္ဌမသတင်းစကားနံပါတ်နှင့် ခုနှစ်တို့ကိုရရှိနိုင်လျှင်။ ပြစ်မှု ၄၀/ရာဇဝတ် ၁၀၃ ပုံစံဇယားကွက် ၅ တွင်ရေးသား ပါရှိစေရလိမ့်မည်။၎င်းအကြောင်းအရာကိုအလိုရှိခြင်းမှာ၊ပြစ်မှုကျူးလွန်သူသည်၊ အထက်ပြစ်ချက်ရှိကြောင်းတွေ့ရှိသောအခါ၌၎င်း၏ပြစ်ချက်ဟောင်းများရှာဖွေရန်လက်ထိပ်ဗွေနှိပ်မှတ်စာချပ်ပေါ်တွင် ၎င်းအကြောင်းအရာများအကုယ်ကို။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနကရေးသွင်းနိုင်ရန်ဖြစ်သည်။

(ဈ) အထက် တင်သွင်းဘူးသော လက်ထိပ်ဗွေနှိပ် မှတ်စာချပ်များရှိလျှင်။ ၎င်းတို့နံပါတ်များနှင့် နေ့စွဲများကို ပြစ်မှု ၄၀/ရာဇဝတ် ၁၀၃ ပုံစံပေါ်တွင်သတ်မှတ်ထားသည့် နေရာလပ်တွင်ရေးသွင်းရမည်။

(ည) ''မည်သူ့အမှန်ဖြစ်ကြောင်းစစ်ဆေးမှု'' သို့မဟုတ် ''တဖန်ပြန်မှုထင်ရှားစီရင်သည်'' ဟူသောစကားများကိုမင်နီဖြင့်ဟချပ်ကော ဘက်ထိပ်နားတွင်ရေးသားရမည်။

၂၁၃။ ကုဋ္ဌနာရောဂါရှိသူများ၏ လက်ထိပ်ဗွေနှိပ်မှတ်များကိုမည်သည့် ကိစ္စအကြောင်းကြောင့်မျှ မယူရ။ ကူးစက်တတ်သောအနာရောဂါစွဲကပ်ရှိသူများ၏ လက်ထိပ်ဗွေနှိပ်မှတ်များကိုလည်း၎င်းသူတို့အလျင်းကုန်းမာမရှိသေးမျှကာလအတွင်းမယူရ။

၂၁၄။ လက်ထိပ်ဗွေနှိပ်မှတ်ယူနိုင်သောရာဌာနများကား။

(၁) အကျဉ်းထောင်များ။

(၂) ရာဇဝတ်တရားသူကြီးရုံးများ။

(၃) ရာဇဝတ်ဌာနများနှင့်။

(၄) အချုပ်ထောင်များဖြစ်သည်။

## အခန်း ၁၀။

မှုပြစ်ထင်ရှားစီရင်ပြီးလက်ထိပ်ဗွေနှိပ်မှတ်များနှင့်စပ်လျဉ်း၍။စီရင်စုနယ်ရာဇဝတ်အမှုထမ်းအရာထမ်းတို့ဆောင်ရွက်ရန်ဝတ်တရားများအကြောင်း။

၂၁၅။ ။အလုပ်ကြမ်းနှင့် ထောင်ဒဏ်တနှစ်သော်၎င်း။ ထိုထက်ပို၍သော်၎င်း။ စီရင်ထိုက်သည့်ရာဇဝတ်ပြစ်မှုတစုံတရာနှင့် စပ်လျဉ်း၍။ ဖမ်းဆီးထားသည့်မည်သည့်သူ အမှန်ဖြစ်ကြောင်းစစ်ဆေးမရသူတို့ဆိုင်ရာ လက်ထိပ်မွေနှိပ်များကိုချက်ခြင်းယူ၍။ ပြစ်ချက်ဟောင်းများရှာဖွေရန်တင်သွင်းရမည်။ ဤကိစ္စအလို့ငှါအချုပ်တွင်းရှိမည်သူကိုမဆို။ ၎င်း၏နေရပ်။ ရွေးအတ္တုပ္ပတ္တိများကိုရာဇဝတ်အမှုထမ်းအရာထမ်းတို့စုံထောက်စစ်ဆေးစဉ်အခါ။ အငြိမ်အစုမသိ မရှိသေးသူဖြစ်လျှင်။ မည်သူအမှန်ဖြစ်ကြောင်း စစ်ဆေးမရသူဟုမှတ်ယူရမည်။ အသက်အဆိုပါသူတို့၏လက်ထိပ်မွေနှိပ်မှတ်များကို။အင်းစိန်ရှိလက်ထိပ်မွေနှိပ်မှတ်ဌာနသို့ ရှာဖွေရန်ပေးပို့ရမည်။

၂၁၆။ ၁၈၉၉ခုနှစ်မြန်မာနိုင်ငံတော်လောင်းတင်းကစားမှုအက်ဥပဒေပုဒ်မ ၁၂ အရဖမ်းဆီးခြင်းခံရသူအရပ်ရပ်၏လက်ထိပ်မွေနှိပ်မှတ်များကိုချက်ခြင်းနှိပ်ယူ၍။အင်းစိန်ရှိလက်ထိပ်မွေနှိပ်မှတ်ဌာနသို့တင်သွင်းရမည်။

၂၁၇။ ။မည်သူအမှန်ဖြစ်ကြောင်းစစ်ဆေးမရသူမှာ။ အခြားတိုင်းပြည်နယ်ပယ်တွင်နေထိုင်သူဖြစ်လျှင်သို့မဟုတ်အခြားတိုင်းပြည်နယ်ပယ်တွင်နေထိုင်သူဖြစ်ကြောင်း။သက်သေမကင်းရန်အကြောင်းရှိသူဖြစ်လျှင်။ ၎င်း၏လက်ထိပ်မွေနှိပ်မှတ်စာချုပ်တစောင်ကို။ ၎င်းနယ်ပယ်ဆိုင်ရာလက်ထိပ်မွေနှိပ်မှတ်ဌာနသို့လည်းရှာဖွေရန်ပေးပို့ရမည်။

၂၁၈-က။ ဤလက်စွဲဥပဒေပုဒ်မ ၂၄၁ တွင်သတ်မှတ်ထားသည့် မှုခင်းများအရဖမ်းဆီးခြင်း ခံရသောတရုပ်လူမျိုး တဦးတယောက်ဆိုင်ရာအချက်တွင်။ ၎င်းသူ၏ပြစ်ချက်ဟောင်းများရှာဖွေရန်စာချုပ်အပိုတခုကိုကူးယူ၍ အင်းစိန်ရှိလက်ထိပ်မွေနှိပ်မှတ်ဌာနမှတဆင့်စုံထောက်ဆက် (လီ) မင်း၊ ကူလာလူနှင့်ပူးပြီးရာဇဝတ်မကောင်းသူတို့ဆိုင်ရာဒုတိယစွဲချက်ဝန်ထံသို့တင်သွင်းရမည် ဤကဲ့သို့ပြုလုပ်ခြင်း၏ရည်ရွယ်ချက်မှာ။ ၎င်းတရားခံသည်အထက်အကြံပြုဆဲစုံထောက်ဆက် (လီ) မင်းမှနှင်ထုတ်ခြင်းခံရသည်၊ မခံရသည်ကိုသိသာရန်ဖြစ်သည်။

မှတ်ရန်။ ယူနန်ပြည်ပေါက်တရုပ်လူမျိုးတို့၏ ပြစ်ချက်ဟောင်းရှာဖွေရန်စာချုပ်များကိုပုဒ်မ ၂၁၈ ၌ဆိုထားသည့်အတိုင်း ဆိတ်တွန်းစောင်ပြုလုပ်ရန်မလို။ သို့သော်လည်း အင်းစိန်ရှိလက်ထိပ်မွေနှိပ်မှတ်ဌာနသို့ပို့သောပြစ်ချက်ဟောင်းစာချုပ်များပေါ်တွင်။ ၎င်းတို့၏နာမည်များနှင့်တကွတည်ဖြစ်သောနေရာများ၌။ "ယူနန်ပေါက်" ဟူသောစကားကိုမှတ်သားရေးသားရမည်။

၂၁၉။ ။အခြားနိုင်ငံဆိုင်ရာ။ လက်ထိပ် မွေနှိပ် မှတ်ဌာနများသို့။ ပြစ်ချက်ဟောင်းများရှာဖွေရန်စာချုပ်များပေးပို့သောအခါ။အောက်ပါနည်းလမ်းများအတိုင်းကြပ်တည်းစွာလိုက်နာဆောင်ရွက်ရမည်။

(၁) ပြစ်ချက်ဟောင်းများရှာဖွေရန်စာချုပ်တစောင် တိုက်ရိုက်ပေးပို့သောအခါ၊ အခြားစာချုပ်တစောင်ကိုလည်း။ အင်းစိန်ရှိလက်ထိပ်မွေနှိပ်မှတ်ဌာနသို့အမြဲအားဖြင့်ပေးပို့ရမည်၊

(၂) ပြစ်ချက်ဟောင်းများရှာဖွေရန်စာချုပ်ပေါ်တွင်ရေးသွင်းချက်အရပ်ရပ်ကို၊ အင်္ဂလိပ်ဘာသာအားဖြင့်ရေးသားရမည်။

(၃) ပြစ်ချက်ဟောင်းများရှာဖွေရန် တင်သွင်းသူအရာရှိလက်မှတ်ရာထူးနှင့်အမည်ပညပ်အရပ်ရပ်ကိုကြည့်ရှုလင်ရှားစွာဖတ်နိုင်အောင်ရေးသားရမည်။

(၄) "F.P." ဆိုသည့်စာလုံးများကို၊ စာအိတ် လက်ဝဲဘက် အပေါ်ထောင့်စွန်းနားတွင်ရေးသားရမည်။၎င်းစာအိတ်သည်လည်း။ (Police Immediate) "ရာဇဝတ်ရေးဆိုင်ရာအလျင်အမြန်" စာအိတ်ဖြစ်ရမည်။

(၅) ပြန်ကြားစာမရှိအတွင်း၊ တရားခံတယောက်သည်မည်သူအမှန်ဖြစ်ကြောင်းကို၊ ရပ်ကွက်ဆိုင်ရာရာဇဝတ်ဌာနက စစ်ဆေးရှိ၍၊ အထက်ခံရဘူးသော ပြစ်ချက်ဟောင်းများ တွေ့ရှိခဲ့လျှင် ၎င်းအကြောင်းကို ကြေးနန်းစာဖြင့် အစီရင်ခံရမည်။

(၆) အိန္ဒိယပြည်နယ်ရပ်အမည်များကို၊ (Postal Guide) စာပို့တိုက်ဆိုင်ရာ အညွှန်းစာအုပ်တွင်ပါသည့် စာပို့တိုက်မြို့ရွာများနှင့် အမြဲအားဖြင့် တိုက်ဆိုင်စစ်ဆေးရမည်။

၂၂၀။ ။ရာဇဝတ်အဖွဲ့တွင်၊ စာရင်းတင်သွင်းခံထားမည့် အိန္ဒိယလူမျိုးအသီးသီး၏ လက်ထိပ်မွေးနှိပ်မှတ်များကို၊ စာချုပ်နှစ်စောင်တွင်နှိပ်ယူ၍၊ အစိုးရအမှုတော်ထမ်းအဖြစ်မှ အမြဲထုတ်ပယ်ခြင်း၊ ရာထူးမှနုတ်ပယ်ခြင်းစသည်တို့ကိုခံရသူတို့၏ လက်ထိပ်မွေးနှိပ်မှတ်များနှင့် တိုက်ဆိုင်စစ်ဆေးရှာဖွေရန်၊ အင်းစိန်မြို့နှင့်၊ ၎င်းတို့သက်ဆိုင်သည့် အိန္ဒိယနိုင်ငံ၊ နယ်ပယ်ဆိုင်ရာ လက်ထိပ်မွေးနှိပ်မှတ်ဌာနများသို့ တစောင်စီပေးပို့မည်။

၂၂၁။ ။ရာဇဝတ်အဖွဲ့တွင်၊ စာရင်းတင်သွင်းခံထားမည့် ရွှေအတွဲပတ္တမြားများကိုသေချာစွာမသိရ သည့်မြန်မာလူမျိုးအသီးသီးတို့၏ လက်ထိပ်မွေးနှိပ်မှတ်များကိုနှိပ်ယူ၍၊ အစိုးရအမှုတော်ထမ်းအဖြစ်မှအမြဲထုတ်ပယ်ခြင်း၊ ရာထူးမှနုတ်ပယ်ခြင်း စသည်တို့ကိုခံရသူတို့၏ လက်ထိပ်မွေးနှိပ်မှတ်များနှင့်တိုက်ဆိုင်စစ်ဆေးရှာဖွေရန် လက်ထိပ်မွေးနှိပ်မှတ်ဌာနသို့ ပေးပို့ရမည်။

၂၂၂။ ။ရာဇဝတ်အဖွဲ့တွင်၊ စာရင်းတင်သွင်းခံထားမည့် အလုပ်သင်ရာဇဝတ်အုပ်အသီးသီး၏ လက်ထိပ်မွေးနှိပ် မှတ်များကိုနှိပ်ယူ၍၊ လက်ထိပ်မွေးနှိပ်မှတ်ဌာနသို့ ပြစ်ချက်ဟောင်းများရှာဖွေရန်ပေးပို့ရမည်။

၂၂၃။ ။လက်ထိပ်မွေးနှိပ်မှတ်ဌာနမှ ရှာဖွေရန်စာချုပ်ကိုပြန်ရ၍၊ အထက်ပြစ်ချက်များကို တရားခံပေါ်တွင် စစ်ဆေးလျှောက်ရှာဖွေ၍ တွေ့ရှိထင်ရှားသည့်အခါ၊ ၎င်းအထက်ပြစ်ချက်များကို ထင်ရှားအောင်ပြုလုပ်ရမည်၊ လိုလျှင်လည်း ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၅၁၁ အရ ဆောင်ရွက်ရမည်။

၎င်းအရမှာ။

(၁) သက်သေခံလက်မှတ်ပါသည့် အထက်ပစ်ချက်လက်ခံတစောင်ကို တွဲရမည့်ပြင်၊

(၂) တရားခံမည်သူအမှန်ဖြစ်ကြောင်းကိုလည်း၊ ထင်ရှားစေရမည်။

၂၂၄။ ။တကြိမ်ထက်ပို၍ အထက်ကပြစ်မှုထင်ရှားစီရင်ခြင်း ခံရဖြစ်သည့် အချက်တွင်၊ နောက်ဆုံးပြစ်ချက်မှုသာထင်ရှားစေလျှင်၊ အများအားဖြင့် လုံလောက်ပြီးဖြစ်သည်၊ သို့သော်လည်း၊ ၎င်းနောက်ဆုံးအမှုတွင်၊ အထက်ပြစ်ချက်များကိုထင်ရှားပြီးဖြစ်သည့်ပြင်၊ စီရင်ချက်တွင်လည်း ဖော်ဆိုပြီးရှိစေရမည်။

၂၂၅။ ။တရားခံသည်မည်သူအမှန်ဖြစ်ကြောင်းကို၊ အထက်ပြစ်မှုစီရင်ခြင်းခံရသည့်အခါ အမြင်သူရာဇဝတ်အရာထမ်းတဦးကဖြစ်စေ၊ ၎င်းတရားခံသည် အထက်ထောင်ဒဏ်စီရင်ချက်ကိုအကျဉ်းသားအဖြစ်ခံရသူဖြစ်ကြောင်းမှတ်မိသူ ထောင်မှူးတယောက်ကဖြစ်စေ၊ သက်သေခံချက်ဖြင့်ထင်ရှားစေမြဲဖြစ်ရမည်၊ သို့သော်လည်း၊ သည်ကဲ့သို့စွပ်စွဲနိုင်သော သက်သေခံများကိုမရနိုင်ခဲ့လျှင်၊ မည်သူအမှန်ဖြစ်ကြောင်း၊ ၁၀၉၉ ခုနှစ်၊ အက်ဥပဒေ ၅ အရ ပြင်ဆင်သည့်၊ ၁၈၇၂ ခုနှစ်၊ အိန္ဒိယသက်သေခံအက်ဥပဒေ (နံပါတ် ၁) ပုဒ်မ ၄၅၊ ၇၃ အရ ကျွမ်းကျင်သူတို့သက်သေခံချက်ဖြင့်ထင်ရှားစေရမည်၊ ၎င်းကိစ္စအလို့ငှါ၊ တရားခံကိုစစ်လျှောက်ရှာဖွေတွေ့ရှိသည့် လက်ထိပ်မွေးနှိပ်မှတ်ဌာနမှ အမှတ်စာချုပ်ကိုယူရမည်၊ လက်ထိပ်မွေးနှိပ်မှတ်စာချုပ်ပေါ်တွင်၊ လက်ထိပ်မွေးနှိပ်မှတ်များကို အရာရှိတဦးကိုယ်တိုင်ယူလျှင်ဖြစ်စေ၊

၎င်းရွှေတွင်ယူလျှင်ဖြစ်စေ၊ ၎င်းလက်ထိပ်ဗွေနှိပ်မှတ်များမှာ၊ဤမည်သောပြစ်မှုအတွက်၊ ဤမည်သောရုံးတော်တွင်မှုပြစ်ထင်ရှားစီရင်ခြင်းခံရသူ၏လက်ထိပ်ဗွေနှိပ်မှတ်များဖြစ်ကြောင်း မှုပြစ်ထင်ရှားစီရင်ပြီးနောက်၊ ၎င်းလက်ထိပ်ဗွေနှိပ်မှတ်များကို ကိုယ်တိုင်နှိပ်ယူကြောင်း၊သို့ မဟုတ်၎င်းရွှေတွင်နှိပ်ယူကြောင်းများကို၊ သက်သေထင်ရှားအောင်ပြုလုပ်စေရန်၊၎င်းအရာ ရှိကိုဆင့်ခေါ်ရမည်၊၎င်းတရားခံမှာ ဆိုခဲ့သည့်အတိုင်းမှုပြစ်ထင်ရှားစီရင်ခြင်းခံရသူ အမှန် ဖြစ်ကြောင်းကို ၎င်းအရာရှိကိုယ်တိုင်ထင်ရှားအောင်မပြုမလုပ်နိုင်လျှင်၊ရုံးတော်ရွှေတရားခံ ၏လက်ထိပ်ဗွေနှိပ်မှတ်များသည်ထပ်တူဖြစ်ကြောင်းကိုသက်သေထင်ရှားပြစေရန်၊''လက် ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိ''တယောက်ကိုဆင့်ခေါ်ရမည်။

၂၂၆။ ။ပြစ်ချက်ဟောင်းများရှာဖွေရန်နှိပ်ယူသည့်လက်ထိပ်ဗွေနှိပ်မှတ်များကိုဌာနစာရေးကဖြစ်စေ၊''လက်ထိပ်ဗွေနှိပ်အရာရှိ''သို့မဟုတ် ''လက်ထိပ်ဗွေနှိပ်မှတ်စစ် အရာရှိ''ဖြစ်ကြောင်းသက်သေခံလက်မှတ်ရရှိပြီးသူ ရာဇဝတ်အရာရှိတစုံတယောက်ကဖြစ်စေ၊ ပုံစံပေါ်တွင်နှိပ်ယူရမည်။ ၎င်းလက်ထိပ်ဗွေနှိပ်မှတ်စာချပ်များကို၊ လက်

ပြင်မှု ၄၉
ရာဇဝတ် ၁၁၅

ထိပ်ဗွေနှိပ်မှတ်ဌာနသို့ပြစ်ချက်ဟောင်းများရှာဖွေရန် တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာခြင်းမရှိစေရ။

၂၂၇။ ။အထက်ပြစ်ချက်ဟောင်းများရှာဖွေရန်ရရှိသည့်လက်ထိပ်ဗွေနှိပ်မှတ်စာချပ်အသီးသီးကို၊လက်ထိပ်ဗွေနှိပ်မှတ်ဌာနကရရှိပြီးနောက်အခွင့်အားလျော်စွာ၊ ၂၄ နာရီအတွင်းပြန်ပို့ရမည်။

၂၂၈။ ။ရာဇဝတ်တရားသူကြီးတဦးတယောက်သည်အမှုတမှုမှတွင်''လက်ထိပ်ဗွေနှိပ်မှတ်စစ်အရာရှိ''၏သက်သေထောက်ခံချက်ကိုအရေးမယူခဲ့လျှင်၊ မြန်မာနိုင်ငံတော်ဗီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးရုံး၊ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ထံ လျှောက်ထားအစီရင်ခံရမည်။ ရာဇဝတ်တရားသူကြီးသည်၎င်းဆန့်ကျင်သော အကြောင်းနှင့်စပ်လျဉ်း၍အထူးမှတ်ချက်တစုံတရာရေးသားလျှင်၊စီရင်ချက် လက်ခံတနောင်ကို အစီရင်ခံစာတွင်ပူးတွဲပါရှိစေရမည်။

၂၂၉။ ။ပြစ်ချက်ဟောင်းများရှာဖွေရန် စာချပ်ကို၊ လက်ထိပ်ဗွေမှတ်ဌာနမှ ပြန်မရသေးသည့်အတွက်အမှုစစ်ဆေးခြင်းမနှောင့်နှေးစေရ။ထိုးစံအတိုင်းအမှုကိုစစ်ဆေး၍လက်နှိပ်ဗွေနှိပ်မှတ်ဌာနသို့ထောက်လှမ်းမေးမြန်းခြင်းအကျိုးအကြောင်းမသိမီအတွင်း၊ အမှုကိုရွှေဆိုင်းရန်ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၃၄၄ အရနှင့်ဖြစ်စေ၊စီရင်ချက်ချမှတ်ခြင်းရွှေဆိုင်းရန်ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၃၆၆ အရနှင့်ဖြစ်စေ၊အလို့ရှိခဲ့လျှင်ရုံးမင်းထံလျှောက်လွှာတင်သွင်းရမည်။

၂၃၀။ ။မည်သည့်အမှုကိုမဆို၊ရာဇဝတ်တရားသူကြီးတဦးတယောက်သည်၊ဤကိစ္စအလို့ငှါ ရွှေဆိုင်းရန်ခွင့်မပြုခဲ့သော်၊မြန်မာနိုင်ငံတော်မီးရထားဌာနနှင့်စုံထောက်မှုရာဇဝတ်ဝန်ကြီးရုံး၊ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ထံအစီရင်ခံရမည်။

၂၃၁။ ။ရာဇဝတ်ဌာနခွဲတိုင်း၌၊လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့တင်သွင်းသည့်ပြစ်ချက်ဟောင်းများရှာဖွေရန်စာချပ်များ၏အကြောင်းအရာအကျဉ်းကိုမှတ်သားသော၊ မှတ်ပုံစာရင်းစာအုပ်နံပါတ် ၂၇၊ (ရာဇဝတ် ၁၃၂ ပုံစံ) ကိုထားရှိစေရမည်။ လက်ထိပ်ဗွေနှိပ်

မှတ်ဌာနကပြန်ပို့သည့်များယွင်းချို့တဲ့သော ပြစ်ချက်ဟောင်းများရှာဖွေရန် စာချုပ်များရရှိသည့်နေ့စွဲနှင့်အသစ်တဖန်ပြန်၍တင်သွင်းသည့်နေ့စွဲများကိုအစဉ်မပြတ်ရေးသွင်းရမည်။

၂၃၂။ ။လက်ထိပ်ဓမ္မနှိပ်မှတ်ဌာနမှပြစ်ချက်ဟောင်းများရှာဖွေရန်စာချုပ်ကိုပြန်ရ၍ ပြစ်ချက်ဟောင်းများတွေ့ရှိသည့်အရေးကိုစွမ်းတွင်ဌာနအုပ်၏တာဝန်မှာသက်ဆိုင်သူသည်မိမိ၏ဌာနပိုင်နယ်အတွင်းနေထိုင်သူဖြစ်လျှင်။ ရာဇဝတ်ဌာနမှတ်ပုံစာရင်း စာအုပ်နံပါတ် ၁၁။ ဒုတိယပိုင်းတွင်။ ၎င်းသူ၏ပြစ်ချက်များ ရေးသွင်းထားလျက် ရှိမရှိကို စစ်ဆေးရမည်။မရေးမသွင်းရသေးလျှင်၎င်းတို့ကိုချက်ခြင်းရေးသွင်းရမည်။၎င်းနောက်ပြမ ရရှိသည့်သတင်းစကားနံပါတ်များအစရှိသည့် အခြားလိုအပ်သောအကြောင်းအရာတို့ကို၊ ရာဇဝတ်ဝန်ရုံးမှတဆင့်မှုပြစ်ထင်ရှားစီရင်ခြင်းခံရရာစီရင်စုနယ်မှတောင်းဆိုရမည်။

၂၃၃။ ။သက်သေခံလက်မှတ်ပါသည့် ပြစ်ချက်ဟောင်းလက်ခံစာကို ရရမရှိမီအတွင်းတရားခံအားစစ်ဆေးစီရင်ရန်တင်ပို့ခဲ့လျှင်၊ ရုံးအမှုလိုက်အရာရှိသိစေခဲ့သော်၎င်း၊ ပြစ်ချက်ဟောင်းများရှာဖွေသည့်စာချုပ်ကိုအမှုနေ့စဉ်မှတ်တမ်းများတွင်ပူးတွဲပါရှိစေရမည်။

၂၃၄။ ။သက်သေခံလက်မှတ်ပါသည့်ပြစ်ချက်ဟောင်း လက်ခံစာကိုရရှိပြီးဖြစ်လျှင်၊ ပြစ်ချက်ဟောင်းများရှာဖွေသည့် စာချုပ်ကိုအမှုတွဲတွင်တွဲ၍ရာဇဝတ်ဌာနတွင်ထားရမည်။

၂၃၅။ ။အမှုကိုစစ်ဆေးစီရင်ရန်မတင်မပို့လျှင်ပြစ်ချက်ဟောင်းများရှာဖွေသည့် စာချုပ်ကိုအမှုတွဲတွင်တွဲထား၍ရာဇဝတ်ဌာနတွင်ထားရမည်။

၂၃၆။ ။စစ်လျှောက်ရှာဖွေ၍မတွေ့သူဟုပြန်ကြားပေးပို့သော ပြစ်ချက်ဟောင်းများရှာဖွေသည့်စာချုပ်များကိုအမှုတွဲများတွင်တွဲ၍၊ ၎င်းအမှုတွဲများနှင့်အတူတကွ ဖျက်ဆီးရလိမ့်မည်။

၂၃၇။ ။ပြစ်မှုကျူးလွန်သူ တယောက်အား၊ ၎င်း၏နေထိုင်ရာ စီရင်စုနယ်ပြင်ပတွင် ဖမ်းဆီးထား၍မည်သူအမှန်ဖြစ်ကြောင်းကိုပြစ်ချက်ဟောင်းများရှာဖွေရန်။ စာချုပ်အားဖြင့် တွေ့ရှိသောအရေးကိုစွမ်းတွင်။ လက်ထိပ်ဓမ္မနှိပ်မှတ်ဌာနက၊ ၎င်းလူနေထိုင်ရာစီရင်စုနယ်သို့ရာဇဝတ်ပြစ်မှု ၅၅ ပုံစံကိုပေးပို့လိမ့်မည်။

၂၃၈။ ။၎င်းပုံစံကိုရရှိသောအခါ၎င်းတွင်ပါရှိသောသတင်းစကား အချက်အလက်ကိုထိုသူနှင့်သက်ဆိုင်သည့်ရာဇဝတ်ဌာနသို့ပေးပို့၍၊ ၎င်းဌာနအုပ်အားမိမိ၏ ဌာနပိုင်နယ်အတွင်းကထွက်ပြေးတိမ်းရှောင်နေသူ၊ သို့မဟုတ်အကျင့်စာရိတ္တအထွေထွေ စာရေးသားထားပြီးဖြစ်သည့်ရာဇဝတ်မကောင်းသူဟုတ်မဟုတ်ကိုစီရင်ခံရန်ဆင့်ဆိုရမည်။ အကယ်၍၊ အကျင့်စာရိတ္တအထွေထွေစာရေးသားထားပြီးဖြစ်သည့် ရာဇဝတ်မကောင်းသူဖြစ်ခဲ့လျှင်ဖမ်းဆီးရာစီရင်စုနယ်သို့ ၎င်းလူသွားရောက်ကြောင်းကိုမည်သည့်အတွက်ကြောင့် အကြောင်းမကြားသည်ကိုရာဇဝတ်ဌာနအုပ်ကထုချေရမည်။

၂၃၉။ ။စီရင်စုနယ်ရာဇဝတ်ဝန်သည်မိမိ၏လက်ထိပ်ဓမ္မနှိပ်မှတ်၊ မှတ်ပုံစာရင်းစာအုပ်နံပါတ် ၂ (ပြစ်မှု ၄၅ / ရာဇဝတ် ၁၃၁) ပုံစံတွင်ပြစ်မှုကျူးလွန်သူနာမည်တည့်တည့်၌၊ ၎င်းသူအားအခြားတပါးတွင်ဖမ်းဆီးကြောင်းကိုမှတ်သားရမည်။ (ပုဒ်မ ၂၇၆ ကိုကြည့်။)

၂၄၀။ ။ပြစ်မှုကျူးလွန်သူအားဖမ်းဆီးသည့် စီရင်စုနယ်ကို၊ ၎င်းပြစ်မှုကျူးလွန်သူ၏အထွေထွေအကျဉ်းချုပ်နှင့်သက်သေခံလက်မှတ်ပါရှိသည့်အထက်ပြစ်ချက် လက်ခံစာများပေးပို့၍၊ ၎င်းအမှုမည်သို့အပြီးသတ်ကြောင်းကိုမေးမြန်းတောင်းဆိုရမည်။

## အခန်း ၁၁။

## မှုပြစ်ထင်ရှားစီရင်ပြီးနောက်၊ လက်ထိပ်ဗွေနှိပ်မှတ်များနှင့်စပ်လျဉ်း၍ စီရင်စုနယ်ရာဇဝတ်အမှုထမ်းအရာထမ်းတို့ဆောင်ရွက်ရန် ဝတ်တရားများအကြောင်း။

၂၄၁။ ။အောက်ပါမှုပြစ်များနှင့်၊ ပြစ်ဒဏ်စီရင်ခြင်းခံရဘူးသောသူများ၏လက်ထိပ်ဗွေနှိပ်မှတ်များကိုအမြဲမှတ်သားရန်ယူထားရမည်။

(က) အိန္ဒိယရာဇသတ်ကြီး ပုဒ်မ ၂၄၁၊ ၂၅၄၊ ၂၆၂၊ ၂၆၃၊ ၂၆၃ (က)၊ ၃၈၅၊ ၄၀၃ (ပစ္စည်းမှုသာကျွဲနွားတိရစ္ဆာန်မဟုတ်)၊ ၄၁၇၊ ၄၂၁ က ၄၂၄ ထိ၊ ၄၃၄၊ ၄၄၇၊ ၄၄၈၊ ၄၄၉၊ ၄၅၁၊ ၄၅၃ နှင့် ၄၆၁ တို့မှတပါး၊ အခန်း ၁၂ နှင့် ၁၇ အရပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်။

(ခ) နိုင်ငံလွှဲငွေး ထကြွကြောင်းနှင့်စပ်လျဉ်း၍တနှစ်၊ သို့မဟုတ်တနှစ်ထက်ပိုသောအလုပ်ကြမ်းနှင့် ထောင်ဒဏ်ကျခံရမည့်ပြစ်မှုအတွက်၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူအရပ်ရပ်။

(ဂ) ကျွဲနွားမှုနှင့်စပ်လျဉ်း၍အိန္ဒိယရာဇသတ်ကြီးပုဒ်မ ၂၁၅ နှင့် ၄၀၃ အရပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်။

(ဃ) အိန္ဒိယရာဇသတ်ကြီးပုဒ်မ ၁၇၀၊ ၁၇၁၊ ၂၁၆-က၊ ၃၂၈၊ ၃၆၃ က ၃၇၃ ထိ၊ ၄၆၇၊ ၄၇၁၊ ၄၇၄ (ပုဒ်မ ၄၆၇ နှင့်ဆိုင်သမျှ)၊ ၄၈၉ (က) ၄၈၉ (ခ)၊ ၄၈၉ (ဂ)၊ ၄၈၉ (ဃ) အရပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်။

(င) ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၁၀၈၊ ၁၀၉၊ ၁၁၀ နှင့်လောင်းကစားမှုအက်ဥပဒေပုဒ်မ ၁၇ အရမှုပြစ်ထင်ရှားစီရင်ခြင်းခံရသူ အရပ်ရပ်မှစ၍၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၁၁၀ အရအာမခံစာချုပ်ချုပ်ဆိုရန်အမိန့်ချမှတ်ခံရသူအရပ်ရပ်၊ မှုပြစ်အမြဲကျူးလွန်သူတို့အားကန့်သတ်ပိုင်းခြားထားရန်အက်ဥပဒေအရ ကန့်သတ်ပိုင်းခြားထားခြင်းခံရသူအရပ်ရပ်၊ ရာဇဝတ်မကင်းအသက်မွေးဝမ်းကျောင်းသူလူမျိုးများ ဖြစ်ကြောင်း ကြော်ငြာထားသူအရပ်ရပ်။

(စ) လက်နက်၊ ဘိန်း၊ ကိုကင်း၊ သို့မဟုတ် ဘိန်းဆီ တရပ်ရပ်ကိုဥပဒေနှင့် အညီ မဟုတ်ဘဲ အကြီးအကျယ်ကူးသန်းရောင်းဝယ်သူဖြစ်ကြောင်း ယုံကြည်ရန်ရှိသော လက်နက်အက်ဥပဒေ၊ ဘိန်းအက်ဥပဒေ၊ ယစ်မျိုးအက်ဥပဒေများအရပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ အရပ်ရပ်။*

(ဆ) အထက်တွင်အကျုံးဝင်၍မပါမရှိသည့်ပြင်၊ ၎င်းတို့၏ အကြောင်းနှင့် စပ်လျဉ်း၍လက်ထိပ်ဗွေနှိပ်မှတ်စာချွင်ကို အမှုတွဲခန်းတွင်အမြဲထားသိုလျက် ရှိရန်လိုကြောင်း ကိုလည်း သဘောရှိသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်။

(ဇ) ရေနံထွက်ရာရပ်ကွက်များဆိုင်ရာအက်ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်။

(ဈ) ပြစ်မှုထင်ရှားစီရင်သည့်ရာဇဝတ်တရားသူကြီးက၊ ၁၉၂၃ ခုနှစ်ဇူလိုင်လ ၅ ရက်နေ့ မြန်မာနိုင်ငံအစိုးရမင်းတို့တရား ရာဇဝတ်ဌာနဆိုင်ရာအမိန့်ကြော်ငြာစာနံပါတ် ၇၀ တွင်ပြဋ္ဌာန်းချက်များအရ၊ ''ရာဇဝတ်ပြစ်မှုအမြဲကျူးလွန်တတ်သူ'' ဖြစ်ကြောင်းအမိန့်ချ ခြားထားသည့်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်။

(ဿ) မြန်မာနိုင်ငံတော်လောင်းတမ်း ကစားမှု အက်ဥပဒေပုဒ်မ ၁၂ အရပြစ်မှု ထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်။

(ဠ) ၁၈၆၄ခုနှစ်နိုင်ငံခြားသားများနှင့်စပ်လျဉ်းသော အက်ဥပဒေအရဖြစ်စေ ၁၉၂၅ခုနှစ် မြန်မာတိုင်းရင်းသားမဟုတ်သောမှုပြစ်ပြုကျင့်သူတို့ကိုနှင်ထုတ်သည့် အက်ဥပဒေကြီးအရဖြစ်စေနှင်ထုတ်ခြင်းခံရသောသူအရပ်ရပ်။

(ဥ) မြန်မာနိုင်ငံတော်ရာဇဝတ်ဥပဒေပြင်အက်ဥပဒေ (၁၉၂၂ခုနှစ်အက်ဥပဒေနံပါတ် ၂)အရပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်။

၂၄၂။ အထက်ပါအပိုဒ်(ခ)၊(ဂ)၊(စ) နှင့် (ဈ) တို့၌ပြဆိုထားသည့်ပြစ်မှုများအတွက်လက်ထိပ်ဖွေနှိပ်မှတ်စာချပ်များကိုတင်သွင်းသောအခါ၊ "နိုင်ငံမှ"၊ ကျွန်းသို့ရွှေ့ခန့်မှ" "အကြီးအကျယ်"၊ "ပြစ်မှုအမြဲကျူးလွန်တတ်သူ"ဆိုသည့် စကားရပ်များကိုဆိုင်သင့်ရာရာပုဒ်မများနှင့်ယှဉ်၍မင်နီဖြင့်ရေးသွင်းရမည်။

၂၄၃။ မိတ္ထီလာမြို့သူငယ်ထောင်တွင်ဖြစ်စေ၊မြန်မာနိုင်ငံတော်ရှိအခြားထောင်များတွင်ဖြစ်စေ၊ထောင်ဒဏ်အပြစ်ခံရသည့်'အရွယ်ရောက်စ' အကျဉ်းသားအရပ်ရပ်၏ လက်ထိပ်ဖွေမှတ်များကိုနှိပ်ယူ၍၊တဖန်ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်အခါ၌၊ လွယ်လင့်တကူ မည်သူအမှန်ဖြစ်ကြောင်းထင်ရှားသိသာစေခြင်းအလို့ငှါ၊ အင်းစိန်မြို့လက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့အမှတ်ခန်းတွင်ထားသိုရန်ပေးပို့ရမည်၊ အိန္ဒိယနိုင်ငံရှိအခြားနယ်ပယ်များနှင့်သက်ဆိုင်သည့် 'အရွယ်ရောက်စ' အကျဉ်းသားများဆိုင်ရာအချက်တွင်၊၎င်း၏နယ်ပယ်ဆိုင်ရာ လက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့လည်း၊ ဒုတိယစာချပ် တစောင်ကိုပေးပို့ရမည်။ အသက် ၁၈ နှစ်အရွယ်အထိသူငယ်အကျဉ်း သားအရပ်ရပ်ကို၊ 'အရွယ်ရောက်စ'အကျဉ်းသားများဟု မှတ်ယူရမည်။

၂၄၄။ အမှတ်ခန်းတွင် ထားသိုရန်လိုသည့်လက်ထိပ်ဖွေနှိပ် မှတ်စာချပ်စောင်ရေမှာ၊အောက်ပါအတိုင်းဖြစ်သည်။

(က) မြန်မာနိုင်ငံရင်းသားဖြစ်သည့်၊ပုဒ်မ ၂၅၄ တွင်ရည်ညွှန်းပါရှိသည့် အကျဉ်းသားအရပ်ရပ်အတွက်၊အင်းစိန်မြို့လက်ထိပ်ဖွေနှိပ်မှတ်ဌာနအမှတ်ခန်းတွင်ထားသိုရန် တစောင်ယူထားရမည်။

(ခ) မြန်မာနိုင်ငံသားမဟုတ်သည့်၊ ပုဒ်မ ၂၅၄ တွင် ရည်ညွှန်း ပါရှိသည့်အကျဉ်းသားအရပ်ရပ်အတွက်၊ လက်ခံ ၂ စောင်ယူရမည်၊ တစောင်မှာ၊ မြန်မာနိုင်ငံတော်လက်ထိပ်ဖွေနှိပ်မှတ်ဌာန၊တစောင်မှာ၎င်းအကျဉ်းသား၏နယ်ပယ်ဆိုင်ရာဌာနတွင် ထားသိုရန်ဖြစ်သည်။

မှတ်ရန်။ တရုတ်လူမျိုးတို့၏လက်ထိပ်ဖွေနှိပ် မှတ်စာချပ်များကို၊ပုဒ်မ ၂၄၄ (ခ) တွင်ပြဆိုထားသည့်အတိုင်း၊လက်ခံ ၂ စောင်ယူရန်မလို။

၂၄၅။ ရာဇဝတ်အမှုထမ်းအရာထမ်းတို့အချုပ်၊ သို့မဟုတ်ထောင်အချုပ်မှ၊အချုပ်သားထွက်ပြေးသည့်အခါ၊ သို့ထွက်ပြေးမရှိမီ၎င်း၏ပြစ်ချက်ဟောင်း များရှာဖွေရန်၊လက်ထိပ်ဖွေနှိပ်မှတ်များကိုယူပြီးလျှင်၊ ၎င်းသူကိုမသိသည့် စီရင်စုနယ်တနယ်တွင်၊ ၎င်းအချုပ်သားကိုဖမ်းမိလျှင်၊မည်သူအမှန်ဖြစ်ကြောင်းစစ်ဆေးသိရှိရန်အလို့ငှါ၊ လက်ထိပ်ဖွေနှိပ်မှတ်စာချပ်ကိုလက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့ချက်ခြင်းပေးပို့ရမည်၊၎င်းစာချပ်ကို ပေးပို့ပြီးဖြစ်လျှင်၊ ၎င်းစာချပ်ကိုစစ်တမ်းစာချပ်ငယ်ပုံးတွဲကပ်ထားရန် သည်ကဲ့သို့ထွက်ပြေးကြောင်း လက်ထိပ်ဖွေနှိပ်ဌာနသို့အကြောင်းကြားရမည်။

၂၄၆။ အကျင့်စာရိတ္တအတ္ထုပ္ပတ္တိစာရေးသားထားပြီးဖြစ်သည့်ရာဇဝတ် မကောင်းသူ တစုံတယောက်ပျောက်နေသည့် အချက်တွင်၊ ၎င်းသူ၏လက်ထိပ် ဗွေနှိပ်မှတ် (မှတ်သား လျက်ရှိလျှင်) နံပါတ်နှင့်နေ့စွဲကိုလက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့၊၎င်းသူ၏လက်ထိပ်ဗွေနှိပ်မှတ် စာချပ်တွင်စုတ္တုနိစာချပ်ငယ် တစောင်ပူးတွဲကပ်ထားနိုင်ရန်ပေးပို့ရမည်။ ဤသို့ပေးပို့သော စီရင်ခံစာများတွင်၊ ပြစ်မှု ၃၄ / ရာဇဝတ် ၆၅-က ပုံစံနှင့်ပေးပို့စေရမည်။

၂၄၇။ ရာဇဝတ်အဖွဲ့တွင်ပါဝင်သည့်အသက် ၃၅ နှစ်အောက်ရှိမြန်မာသို့မဟုတ် အိန္ဒိယတိုင်းသားတဦးတယောက်သည်၊ အစိုးရအမှုတော်ထမ်းအဖြစ်မှ အပြုတ်ပယ် ခြင်းကိုခံရလျှင်သော်၎င်း၊ရာထူးမှထုတ်နုတ်ခြင်းကို ခံရလျှင်သော်၎င်း၊ သို့တည်းမဟုတ်၊ ရာဇဝတ်အဖွဲ့ ထွက်ပြီး ထပ်မံ အမှုထမ်းစေရန် မသင့်ကြောင်း ထင်မြင် ခဲ့လျှင်သော် ၎င်း၊ ထိုသူ၏အကျင့် စာရိတ္တနှင့်အမှုထမ်းစာရင်းစာအုပ်မှလက်ထိပ်ဗွေနှိပ် မှတ်ပါရှိသည့် စာချပ်ကိုထုတ်နုတ်၍၊၎င်းသူ၏အသက်၊ အဘအမည်၊ရွာ၊စီရင်စုနယ်၊ ရာဇဝတ်အဖွဲ့တွင် အမည်စာရင်းတင်သွင်းသည့်နေ့စွဲ၊ရာဇဝတ်အဖွဲ့မှထွက်သည့်နေ့စွဲနှင့်၊ မည်သည့်အတွက် ထွက်ကြောင်းတို့ကိုကျောဘက်တွင်မှတ်သားပြီးလျှင်အမှုတွဲခန်းတွင် ထားသိုရန် လက်ထိပ် ဗွေနှိပ်မှတ်ဌာနသို့ပေးပို့ရမည်၊၎င်းလူသည်အသက် ၃၅ နှစ်အရွယ်ကျရောက်ကာလ၊ စီရင် စုနယ်ရာဇဝတ်ခုံလက်စွဲဥပဒေနောက်ဆက်တွဲ ၅ အရ၊စီရင်စုနယ်ရာဇဝတ်ဝန်ထံ အမှတ် အသားထား၍ ဖျက်ဆီးရန်ပြန်ပို့ရမည်။

၂၄၈။ ရုံးအမှုလိုက်အရာရှိများသည်ပုဒ်မ ၂၄၁ တွင်ရည်ညွှန်း၊ ထားသည့်မှုပြစ် ထင်ရှားစီရင်ခြင်း ခံရသူတို့၏လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များကို၊ ပြစ်မှု ၄၀ / ရာဇဝတ် ၁၀၃ ပုံစံပေါ် တွင် သေသေချာချာ ကောင်းမွန်စွာ နှိပ်ယူ၍၊၎င်းစာချပ်များအပေါ်တွင် ၎င်းအကြောင်းအရာအ ကျယ်ပြည့်စုံစွာရေးသွင်းခြင်းအရပ်ရပ်တာဝန်ရှိစေရမည်။

၂၄၉။ သာ၍အရေးကြီးသောစီရင်စုနယ်များတွင်၊ ရုံးလိုက်အရာရှိမှ၍ ရုံးအမှုလိုက် အရာရှိ၏လက်အောက်တွင်လက်ထိပ်ဗွေနှိပ်မှတ်လုပ်ငန်းနှင့် စပ်လျဉ်း၍၊ ၎င်းအားကူညီရန် အတွက်သင်ကြားလေ့ကျင့်ထားသောရာဇဝတ်အုပ်သို့မဟုတ်ရာဇဝတ်ကြပ် တယောက်ကို သီးခြားခန့်ထားရမည်။

၂၅၀။ အမှုတွဲခန်းတွင်ထားသိုရန်လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များကို၊ စီရင်စုနယ် ရာဇဝတ်ဝန်ရုံးသို့ ပြစ်မှု ၁၂၅-က ပုံစံနှင့်ပူးတွဲ၍ တင်သွင်းရမည်၊၎င်း ၁၂၅-က ပုံစံကို ရရှိသည့်အခါ ရာဇဝတ်ဝန်ကကိုယ်တိုင်ဖြစ်စေ၊ ရာဇဝတ်ဝန်ထောက်ကဖြစ်စေ၊ သေချာစွာကြည့် ရှုစစ်ဆေးရမည်။ အကယ်၍ပုဒ်မ ၂၄၁ တွင်သီးခြား ဖေါ်ပြထားသည့် ပြစ်မှုတခု တရာကို ကျူးလွန်သူသည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၍ ၎င်း၏လက်ထိပ်ဗွေနှိပ်မှတ်စာချပ်ပူးတွဲမပါ လျှင်ဆိုင်ရာရုံးအမှုလိုက်အရာရှိကိုသည်သည့်အတွက်ပူးတွဲမပါရှိကြောင်း တရှေ့ချက်ချက် ခြင်းပြောင်းနှင့် လက်ထိပ်ဗွေနှိပ်မှတ်စာချပ်ကို ပေးပို့ရန်ဆင့်ဆိုရမည်၊ပုံစံရာဇဝတ် ၁၃၄ ပါ၊စီရင်စုနယ်ရာဇဝတ်တရားသူကြီး၏စာရင်းကိုလည်း သေချာစွာကြည့်ရှုစစ်ဆေးရမည်။

၂၅၁။ ဤနည်းကိုလိုက်နာ၍ရယူသည့်လက်ထိပ်ဗွေနှိပ်မှတ်စာချပ်မှ လက်ထောင်း ရန်အကြောင်းမရှိသောသည်ငြင်းဆန်ခြင်းအတိုင်း၊ စီရင်စုနယ်ရာဇဝတ်ဝန်နှင့်ရဲမှုရာ ဇဝတ်ဝန်ထောက်တို့သည်ရာဇဝတ်အမှုများဆိုင်ရာမှတ်ပုံစာရင်းစာအုပ် (မှတ်ပုံစာရင်း စာအုပ်နံပါတ် ၇) ကိုလက်ထိပ်ဗွေနှိပ်မှတ်ဆိုင်ရာမှတ်ပုံစာရင်းစာအုပ် (မှတ်ပုံစာရင်းစာ

အုပ်နံပါတ် ၂ ) နှင့်ရုံးစန်ရုံခါတိုက် ဆစ်စစ်ဆေးရမည်။ ၎င်းကဲ့သို့တိုက်ဆိုင် စစ်ဆေးနိုင်ခြင်း ၄ ]။ မှတ်ပုံစာရင်းစာအုပ်နံပါတ် ၇။ ဇယားကွက် ၁၄ တွင်ပြစ်ဒဏ်စီရင်ချက်ချမှတ်သည့် နေ့စွဲကိုအစဉ်မပြတ်ရေးသွင်းရမည်။

၂၅၂။ အကျဉ်းထောင်ရှိသည့်နေရာအရပ်ဒေသများ၌ပုဒ်မ ၂၅၄ တွင် ရည်ညွှန်း ပါရှိသည့်ပြစ်ဒဏ်စီရင်ခြင်းခံရသောအကျဉ်းသားများ၏ လက်ထိပ်ဗွေနှိပ်မှတ်များကို အကျဉ်းထောင် အတွင်း၌ ပြစ်မှု ၄၀ / ရာဇဝတ် ၁၀၃ ပုံစံပေါ်တွင်နှိပ်ယူရမည်။ ၎င်းကိစ္စ အလို့ငှါ ရာဇဝတ်ဝန်ကခန့်ထားသည့်ရာဇဝတ်အရာထမ်းတဦးမှာ၎င်းရာဇဝတ်ဝန်က ထောင်ပိုင် ဝန်နှင့်တိုင်ပင်၍ဆုံးဖြတ်သည့်အချိန်နာရီတွင်။ ထောင်သို့နေ့စဉ်သွားရောက်ရမည်။ ထောင်ပိုင်ဝန်မှာ၎င်းအလုပ်ကိုလွယ်လင့်တကူ ဆောင်ရွက်နိုင်ရန်ပြုလုပ်ရမည်။ ထောင်ဝင်မှတ်ပုံ စာရင်းစာအုပ်တွင်၎င်းစာအုပ်ထိန်းသိမ်းရေးမှတ်ရသူထောင်မှူးကရေးသွင်းရန်ရှိ သည့်အချက်များကိုရေးသွင်းသည့်အခါ ၎င်းရာဇဝတ်အရာထမ်းအမှုထမ်းသည်သွားရောက်ရန်စီမံနိုင်လျှင်စီမံရမည်။ အကျဉ်းသားကိုခေါ်၍၎င်း၏လက်ထိပ်ဗွေနှိပ်မှတ်များကိုဆိုခဲ့သည့်ရာဇဝတ်အမှုထမ်းအရာထမ်းကယူပြီးနောက်၊ ထောင်ဝါရမ်းစာနှင့်ထောင်ဝင် မှတ်ပုံစာရင်းစာအုပ်များတွင် "F.P." တံဆိပ်ခတ်နှိပ်ရမည်။ ဝါရမ်းစာတွင်အထက် လက်ယာဘက် ထောင့်၌ခတ်နှိပ်ရမည်။ "F.P." အက္ခရာများပြင်၊ လက်ထိပ်ဗွေနှိပ်မှတ်များနှိပ်ယူသည့် နေ့စွဲကိုလည်းရေးသွင်းရမည်။ ၎င်းနေ့စွဲမှာ၊ ၎င်းလက်ထိပ်ဗွေနှိပ်မှတ်များကို နှိပ်ယူသည့် အရာထမ်း လက်မှတ်ရေးထိုး၍ ပြစ်မှု ၄၀ / ရာဇဝတ် ၁၀၃ ပုံစံတွင်ရေးသွင်းသည့် နေ့စွဲနှင့် ထပ်တူ ဖြစ်စေရမည်။ ထောင်အတွင်းလက်ထိပ်ဗွေနှိပ်မှတ်များကိုနှိပ်ယူသောရာဇဝတ်အရာရှိသည်။ ရုံးအမှုလိုက်အရာရှိမဟုတ်လျှင်၊ အမှုတွဲခန်းတွင်ထားသို့ရန်ဖြစ်သော လက်ထိပ်ဗွေနှိပ်မှတ် စာချပ်များကိုနှိပ်ယူပြီးစီးသည့်အခါ ရုံးအမှုလိုက်အရာရှိထံလွှဲအပ်ရမည်။ ၎င်းရုံးအမှုလိုက် အရာရှိကပုဒ်မ ၂၅၀ အရပြစ်မှု ၁၂၅-က ပုံစံတွင်၊ လက်ထိပ် ဗွေနှိပ်မှတ်စာချပ်များကို ပူးတွဲခြင်းမပြုမီ၊ မှန်မမှန်သေချာစွာတိုက်ဆိုင်စစ်ဆေးရမည်။

၂၅၃။ ပုဒ်မ ၂၅၂ တွင်ရည်ညွှန်းရာပါရာဇဝတ်အရာထမ်း၏ အလုပ်ဝတ်တရားများ၎င်းနှင့်စပ်ဆိုင်သည့် အကျဉ်းထောင်အတွင်းအကျဉ်းချထားသည့် အခြားစီရင်စုနယ် ဆိုင်ရာအကျဉ်းသားအရပ်ရပ်၏လက်ထိပ်ဗွေနှိပ်မှတ်များကိုယူပြီးကြောင်း ကိုယ်တိုင်ကြေနပ်စေရန်ဖြစ်၍ အကျဉ်းထောင်အတွင်းအကျဉ်းချထားသည့်အကျဉ်းသားအသီးသီး၏ ဝါရမ်းစာကိုစစ်ဆေးကြည့်ရှုရမည်။ လက်ထိပ်ဗွေနှိပ်မှတ်များကို ယူပြီးဖြစ်လျှင်၊ လက်ထိပ်ဗွေနှိပ်မှတ်တံဆိပ်နှင့်နေ့စွဲတို့ကို၊ ၎င်းဝါရမ်းစာထိပ်လက်ယာဘက်ထောင့်တွင်တွေ့ရှိလိမ့်မည်။ သို့တွေ့ရှိသည့်အခါ၊ ၎င်းရာဇဝတ်အရာထမ်းမှာ၊ ထောင်ဝင်မှတ်ပုံစာရင်း စာအုပ်တွင် လက်ထိပ်ဗွေနှိပ်မှတ်တံဆိပ်နှင့် နေ့စွဲကိုခတ်နှိပ်၍၎င်းလက်ထိပ် ဗွေနှိပ်မှတ်များကိုယူရာ၊ စီရင်စုနယ်အမည်ကိုမင်နှင့်ရေးမှတ်ရမည်။ ဝါရမ်းစာတစုံတရာကိုတံဆိပ်ခတ်နှိပ်မရှိဘဲ တွေ့ရှိလျှင်၊ သို့တွေ့ရှိသည့်အချက်ကိုဆိုင်ရာစီရင်စုနယ် ရာဇဝတ်ဝန်ထံ အစီရင်ခံရမည်။ ၎င်းကလည်းဆိုင်ရာစီရင်စုနယ်ရာဇဝတ်ဝန်ထံစာရေးသား၍၊ လက်ထိပ်ဗွေနှိပ်မှတ်များကို ယူပြီးဖြစ်သည်၊ မယူရသေးဖြစ်သည်ကိုမေးမြန်းရမည်။ ယူပြီးဖြစ်လျှင်၊ ရာဇဝတ် အရာထမ်းမှာ၊ နောက် တကြိမ်ထောင်သို့သွားရောက် ကြည့်ရှုသည့်အခါ၊ ဝါရမ်းစာနှင့်ထောင်ဝင်မှတ်ပုံ စာရင်းစာအုပ်တွင်၊ အထက်ဖော်ပြထားသည့်အတိုင်း တံဆိပ်ခတ်နှိပ်ရမည်။ မယူရ သေး

လျှင်၊လက်ထိပ်ဖွေနှိပ်မှတ်များကိုယူ၍၊ ဝရမ်းစာနှင့်ထောင်ဝင်မှတ်ပုံစာရင်း စာအုပ်များတွင်၊တံဆိပ်ခတ်နှိပ်၍နေ့စွဲကိုရေးသွင်းပြီးနောက်၊ လက်ထိပ်ဖွေနှိပ်မှတ်စာချပ်ကို၊ ဆိုင်ရာစီရင်စုနယ်ရာဇဝတ်ဝန်ထံတဆင့်ပေးပို့ရန်၊ ရာဇဝတ်အရာထမ်းက ဆိုင်ရာအထက်စီရင်စုနယ်ရာဇဝတ်ဝန်ထံတင်ပို့ရမည်။

၂၅၄။ ။အကျဉ်းထောင်မရှိသည့်နေရာအရပ်ဒေသများ၌၊ မှုပြစ်ထင်ရှား စီရင်ချက်အရပ်ရပ်တွင်သော်၎င်း၊ ပုဒ်မ ၂၄၀ တွင်ရည်ညွှန်းထားသည့် ပြစ်မှုတစုံတရာကြောင့်၊ တစုံတယောက်သောသူသည်ငွေဒဏ်ဖြစ်စေ၊ ရိုက်ဒဏ်ဖြစ်စေ၊ အာမခံပေးရန်ဖြစ်စေ၊ပြစ်ဒဏ်စီရင်ခြင်းခံရသည့်မှုပြစ်မျိုးတွင်သော်၎င်း၊ လက်ထိပ်ဖွေ နှိပ်မှတ်များကို စီရင်ချက်ချမှတ်ပြီးလျှင်ပြီးခြင်း၊ရုံးအမှုလိုက်အရာရှိကဖြစ်စေ၊ရာဇဝတ်အုပ်ကဖြစ်စေ၊ ပြစ်မှု ၄၀/ရာဇဝတ် ၁၀၃ ပုံစံပေါ်တွင်နှိပ်ယူရမည်၊ အကျဉ်းခံရသောပြစ်မှုမျိုးတွင်၊ "F.P." အက္ခရာများနှင့်နေ့စွဲကို၊ထောင်ဝရမ်းစာအထက်လက်ယာဘက်ထောင့်တွင် ရေးသွင်းရမည်။ လက်ထိပ်ဖွေနှိပ်မှတ်စာချပ်များကို၊ ပုဒ်မ ၂၅၀ တွင်ဖော်ပြ ထား သည့်အတိုင်း၊ ပြစ်မှု ၁၂၅-ကပုံစံနှင့်ပူးတွဲ၍၊ရာဇဝတ်ဝန်ရုံးသို့ပေးပို့ရမည်။

၂၅၅။ ။စီရင်စုနယ်ရာဇဝတ်အရာထမ်းအမှုထမ်းတို့သည်၊မိမိတို့ဆိုင်ရာ နယ်မြေအတွင်း၊ပြစ်မှုဖြစ်ပွါးရာ၊မီးရထားရာဇဝတ်အရာထမ်းအမှုထမ်းတို့ကစွဲချက်တင်ပို့၍၊ ယခုလက်စွဲဥပဒေပုဒ်မ ၂၄၁ တွင်သတ်မှတ်ထားသည့်မှုပြစ်ထင်ရှားစီရင်ခြင်းခံရသူတို့၏အမှုတွဲခန်းတွင်ထားသိုရန်၊လက်ထိပ်ဖွေနှိပ်မှတ်စာချပ်အရပ်ရပ်ကို နှိပ်ယူရန်တာဝန် ရှိစေရမည်။၎င်းသို့သောအမှုတွဲခန်းတွင်ထားသိုရန်လက်ထိပ်ဖွေနှိပ်မှတ်စာချပ်များကို၊ စီရင်စုနယ် ဆိုင်ရာနံပါတ်စဉ် ထိုးတပ်၍၊ အောက်ပါပုဒ်မ ၂၅၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ စီရင်စုနယ်ရာဇဝတ်အမှုထမ်းအရာထမ်းတို့ကလက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့ပေးပို့ရမည်။

ရန်ကုန်မြို့မည်၌၊ မီးရထားရာဇဝတ်ဘက်ဆိုင်ရာရုံးအမှုလိုက်သည်၊ မီးရထား ရာဇဝတ်မှုများအတွက်အမှုတခန်းတွင်ထားသိုရန် လက်ထိပ်ဖွေနှိပ်မှတ် စာချပ်အရပ်ရပ်ကို နှိပ်ယူရန်တာဝန်ရှိစေရမည်။ ၎င်းပြင်၊လက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့တဆင့်ပေးပို့ရန်၊ ရန်ကုန်မြို့မရာဇဝတ်ဝန်ကြီးရုံးရှိ လက်ထိပ်ဖွေနှိပ်မှတ်ဆိုင်ရာဌာနသို့လွှဲအပ်ရမည်။

၂၅၆။ ။လက်ထိပ်ဖွေနှိပ်မှတ်စာချပ်များကို၊ ရာဇဝတ်ဝန်တို့က ရရှိသည့်အခါ၊၎င်းစာချပ်များကို ပြစ်ဒဏ်စီရင်ချက် ချမှတ်သည့်နေ့စွဲအလျောက်၊ အောက်တွင်ဖော်ပြထားသည့်အတိုင်းအမှုတွဲအရှင်များ၌လုပ်ထည့်သွင်း၍၊ ပြစ်ဒဏ်စီရင်ချက်ချမှတ်သည့် နေ့ရက်မှ ၃ လကုန်လွန်ပြီးနောက်၊ အယူခံမှုတစုံတရာ မပြီးမပြတ်ရှိနေကြောင်း သိရှိရသည်မဟုတ်လျှင်၊ လစဉ်လဆန်း ၁ ရက်နှင့် ၁၆ ရက်နေ့များတွင်၊ လက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့ပေးပို့ရမည်၊ အယူခံမှုတစုံတရာမပြီးမပြတ်ရှိနေလျှင်၊ စာချပ်များကို နောက်အစဉ်အတိုင်းတင်ပို့ခြည်အမှုတွဲသို့ရွှေပြောင်းထားရမည်။

က-၁။ ။၎င်းအမှုတွဲတွင် ဇန္နဝါရီ၊ဖေဖြော်ဝါရီ၊ဇူလိုင်၊အောက်တိုဘာလများတွင်၊လဆန်း ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း၊ပြစ်ဒဏ်စီရင်ချက် ချမှတ်ခြင်းခံရသည့် အကျဉ်းသားအရပ်ရပ်ဆိုင်ရာစာချပ်များကိုထားရမည်။

က-၂။ ။၎င်းအမှုတွဲတွင်၊ ဇန္နဝါရီ၊ဖေဖြော်ဝါရီ၊ဇူလိုင်၊ အောက်တိုဘာလများတွင်၊ ၁၆ ရက်နေ့မှလကုန်သည့်ရက်အတွင်း၊ ပြစ်ဒဏ်စီရင်ချက် ချမှတ်ခြင်းခံရသည့် အကျဉ်းသားအရပ်ရပ်ဆိုင်ရာစာချပ်များကိုထားရမည်။

ခ-၁။ ။၎င်းအမှုတွဲတွင်၊ဖေဖော်ဝါရီ၊မေ၊ဩဂုတ်၊နိုဝင်ဘာလများတွင်၊ လဆန်း ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း၊ ပြစ်ဒဏ်စီရင်ချက်ချမှတ်ခြင်းခံရသည့် အကျဉ်းသား အရပ်ရပ်ဆိုင်ရာစာချုပ်များကိုထားရမည်။

ခ-၂။ ။၎င်းအမှုတွဲတွင်၊ဖေဖော်ဝါရီ၊မေ၊ဩဂုတ်၊ နိုဝင်ဘာလများတွင်၊ ၁၆ ရက်နေ့မှလကုန်သည့်ရက်အတွင်းပြစ်ဒဏ်စီရင်ချက်ချမှတ်ခြင်းခံရသည့် အကျဉ်းသားအရပ်ရပ်ဆိုင်ရာစာချုပ်များကိုထားရမည်။

ဂ-၁။ ။၎င်းအမှုတွဲတွင်၊မတ်၊ဇွန်၊စက်တင်ဘာ၊ဒီဇင်ဘာလများတွင်၊လဆန်း ၁ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း၊ ပြစ်ဒဏ်စီရင်ချက်ချမှတ်ခြင်းခံရသည့် အကျဉ်းသားအရပ်ရပ်ဆိုင်ရာစာချုပ်များကိုထားရမည်။

ဂ-၂။ ။၎င်းအမှုတွဲတွင်၊ မတ်၊ဇွန်၊စက်တင်ဘာ၊ ဒီဇင်ဘာလများတွင်၊ ၁၆ ရက်နေ့မှလကုန်ထိရက်အတွင်း၊ ပြစ်ဒဏ်စီရင်ချက်ချမှတ်ခြင်းခံရသည့်အကျဉ်းသားအရပ်ရပ်ဆိုင်ရာစာချုပ်များကိုထားရမည်။

ဧပြီလဆန်း ၁ ရက်နေ့တွင်၊ က-၁၊အမှုတွဲတွင် ထားသောစာချုပ်များကို၊ ၎င်းအမှုတွဲမှ ရွှေ့ပြောင်း၍၊လက်ဗွေနှိပ်မှတ်ဌာနသို့၊ ဧပြီလ ၁၆ ရက်နေ့တွင်ပေးပို့ရန်၊ သတ္တမအမှုတွဲဖြစ်သော ဆ တွင်ထားရမည်။ဤနည်းအားဖြင့် က-၁၊အမှုတွဲတွင် နေရာလွတ်လပ်သောကြောင့် ဧပြီလဆန်း ၁ ရက်နေ့မှ ၁၅ ရက်အတွင်း၊ပြစ်ဒဏ်စီရင်ချက် ချမှတ်ခြင်းခံရသည့် အကျဉ်းသားအရပ်ရပ်ဆိုင်ရာ စာချုပ်များကို လွယ်လင့်တကူထားနိုင်သည်။ ၎င်းနောက်ထိုအတူဆက်လက်ဆောင်ရွက်ရမည်။

၂၅၇။ ။အကျဉ်းထောင်မရှိသည့် အရပ်ဒေသများ၌၊ လက်ဗွေနှိပ်မှတ် စာချုပ်များတွင်နေရာသင့်ရန်ထောင်ဝင်နံပါတ်ကိုအကျဉ်းသားချုပ်နှောင်ထားရာ အကျဉ်းထောင်ဆိုင်ရာထောင်ပိုင်ဝန်ထံမှယူရမည်။ ၎င်းကိစ္စအလို့ငှါ၊ ရာဇဝတ်ဝန်မှာ အကျဉ်းသားအမည်များနှင့်ကျေး ပြည်သူ့အမှုနံပါတ်ကြောင်းသိသာရန် လိုအပ်သည့် အခြားအကြောင်းအရာများပါသော စာရင်းတစောင်ကို၊ ထောင်ပိုင်ဝန်ထံ ပေးပို့ရမည်။ ၎င်းကလည်းအကျဉ်းသားအသီးသီးအမည်နှင့်ယှဉ်လျက်၊ ထောင်ဝင်နံပါတ်ရေးမှတ်ပြီးလျှင်၊ ၎င်းစာရင်းကိုမူရင်းအတိုင်းရာဇဝတ်ဝန်ထံပြန်ပို့ရမည်။

၂၅၈။ ။ပြစ်ဒဏ်စီရင်ချက်များကိုအယူခံဝင်ရာ ပယ်ဖျက်ခဲ့သော်၊ လက်ဗွေနှိပ်မှတ်စာချုပ်များကို အမှုတွဲရှိရင်းမှ ရွှေ့ပြောင်း၍အမှုဆိုင်ရာ အမှုတွဲတွင်ထားသိုရမည်။ ၎င်းနည်းတူ ပြစ်ဒဏ်စီရင်ချက်တစုံတရာ ပြင်ဆင်ပြောင်းလဲခြင်းကို၊ လက်ဗွေနှိပ်မှတ်စာချုပ်ပေါ်တွင်မှတ်သားရမည်။

၂၅၉။ ။ပုဒ်မ ၂၄၁ တွင်သီးခြားသတ်မှတ်ဖော်ပြပါရှိသည့်ပြစ်မှုများအတွက်၊ အမှတ်ရှာ ရှိငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ အသက်ပေးရန်ဖြစ်စေ၊ ၃ လ၊ သို့မဟုတ် ၃ လအောက်ထောင်ဒဏ်ဖြစ်စေ စီရင်ခံသူတို့၏လက်ဗွေနှိပ်မှတ်များကို၊ပုဒ်မ ၂၅၆ တွင် ဖော်ပြထားသည့်အတိုင်းမဟုတ်၊ ကွင်းဆိုင်ရာလက်ဗွေနှိပ်မှတ်ဌာနသို့ချက်ခြင်းပေးပို့ရမည်။

၂၆၀။ ။အမှုတွဲခန်းတွင်ထားသိုရန်ပို့ပြီးသောလက်ဗွေနှိပ်မှတ်စာချုပ်အရပ်ရပ်ကို၊ အခါအားလျော်စွာ လက်ဗွေနှိပ်မှတ်ဌာနသို့ပို့ရမည်။ ၎င်းရုံးမှ အခြားအခြားနယ်ပယ်ဆိုင်ရာလက်ဗွေနှိပ်မှတ်ဌာနများအလို့ငှါ ညွှန်ကြားသည့် စာချုပ်အသီးသီးပေါ်တွင်၊ ၎င်းစာချုပ်ထားသိုလျက်ရှိသည့် လက်ဗွေနှိပ်မှတ်ဌာနအမည်များကို မှတ်သားပြီးလျှင် တဆင့်ပေးပို့ရမည်။

၂၆၁။ ။လက်ထိပ်ဖွေနှိပ်မှတ်စာချပ်ကို၊ လက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့ ပို့ပြီးနောက်၊ ပြစ်ဒဏ်စီရင်ချက်ကိုအယူခံဝင်ရာ၊ ပြောင်းလဲပြင်ဆင်သည့်အချက်၊ သို့မဟုတ် ပယ်ဖျက်သည့်အချက်တစုံတရာတွင်၊စာချပ်ပေါ်၌ပြင်ဆင်ရန်၊ လိုသည့်အချက်ကိုပြင်ဆင်ရန် ရာဇဝတ်ဝန်ကလက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့၊ ရာဇဝတ် ၁၀၀ ပုံစံဖြင့်အကြောင်းကြားရမည်။ လက်ထိပ်ဖွေနှိပ်မှတ်ဌာနက၊ ၎င်းရာဇဝတ် ၁၀၀ ပုံစံကိုရရှိကြောင်းဝန်ခံချက်အကြောင်းပြန်ကြားရမည်။

၂၆၂။ ။(မြန်မာနိုင်ငံတော်အတွင်းခေတ္တနေထိုင်လျက်ရှိသည့်အိန္ဒိယနိုင်ငံရင်းသားမှတပါးအခြား) လူမျိုးတဦးတယောက်မှာ၊ စီရင်စုနယ်တနယ်တွင် အမြဲနေထိုင်ရာ၊၎င်းစီရင်စုနယ်ပြင်ပတွင်မှုပြစ်ထင်ရှားစီရင်ခြင်းခံရလျှင်၊ ၎င်း၏လက်ထိပ်ဖွေနှိပ်မှတ်စာချပ်ကို ပြစ်မှု ၄၅/ရာဇဝတ် ၁၃၁ ပုံစံနှင့်ပူးတွဲ၍၊ ၎င်းနေထိုင်ရာစီရင်စုနယ်ရာဇဝတ်ဝန်ထံပေးပို့ရမည်။ ၎င်းကလည်း၊ ၎င်းစာချပ်ကိုနံပါတ်ထိုးတပ်၍၊ မိမိ၏ရုံး၊ မှတ်ပုံစာရင်းစာအုပ်နံပါတ် ၂ (ပုဒ်မ ၂၆၄) တွင်ထည့်သွင်းရေးမှတ်ပြီးလျှင်၊ လက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့ပေးပို့ရမည်။ ပြစ်မှု ၄၅/ရာဇဝတ် ၁၃၁ ပုံစံကို ပေးပို့ရင်းစီရင်စုနယ်သို့လက်ခံရရှိကြောင်း ဝန်ခံချက်သဘောအားဖြင့်ပြန်ပို့ရမည်။၎င်းစာချပ်ကို၊၎င်းလူမှုပြစ်ထင်ရှားစီရင်ခြင်းခံရရာ၊ စီရင်စုနယ်ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်နံပါတ် ၂ တွင်လည်း နံပါတ်စဉ်မပါဘဲ ရေးသွင်းပြီးလျှင်၊ ၎င်းရေးသွင်းချက်နှင့်ယှဉ်လျက်၊၎င်းစာချပ်ကို၊၎င်းလူနေထိုင်ရာစီရင်စုနယ်သို့ ပို့သည့်စာနံပါတ်နှင့်နေ့စွဲများကိုဖေါ်ပြမှတ်သားထားရမည်။ ၎င်းပြစ်မှုကျူးလွန်သူနေထိုင်သည့်စီရင်စုနယ်ဆိုင်ရာနံပါတ်စဉ်ကိုရရှိသောအခါ၊ မင်နီနှင့်ရေးသွင်းရမည်၊ဥပမာ "၇၇/မုံရွာ" ။ထိုနောက်အယူခံဝင်ရာ၍၊ အပြစ်ဒဏ်ကို ပြောင်းလဲလိုက်သည်ဖြစ်စေ၊ သို့မဟုတ်ပယ်လိုက်သည်ဖြစ်စေ၊အကျဉ်းခံနေရသူ၏ နေရင်းစီရင်စုနယ်ဆိုင်ရာ စီရင်စုနယ်ရာဇဝတ်ဝန်ထံမှတဆင့်၊လက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့ပုံစံရာဇဝတ် ၁၀၀ တွင်ရေးသွင်း၍အကြောင်းကြားရောက်ရမည်။

၂၆၃။ ။လက်ထိပ်ဖွေနှိပ် မှတ်ဌာနအမှုတွဲခန်းတွင် ထားသိုရန်၊ စီရင်စုနယ်ဆိုင်ရာရာဇဝတ်ဝန်ကပေးပို့သည့်လက်ထိပ်ဖွေနှိပ်မှတ်စာချပ်တွဲအသီးသီးတွင်၊ (ရာဇဝတ်/၁၃၁ ပုံစံ) စာရင်းတစောင်စီပူးတွဲပါရှိစေရမည်။ ၎င်းစာရင်းနှင့်အတူတကွ၊လက်ခံရရှိကြောင်းပြေစာဖြစ်သော ရာဇဝတ်ပြစ်မှု ၅၂ ပုံစံစာချပ်ကိုလည်း ပူးတွဲပါရှိစေရမည်၊၎င်းပြေစာကိုလက်မှတ်ရေးထိုးပြီးလျှင်၊စီရင်စုနယ်ဆိုင်ရာရာဇဝတ်ဝန်ထံပြန်ပို့ရမည်။

၂၆၄။ ။စီရင်စုနယ်အရာရှိများက၊ နိုင်ငံဆိုင်ရာလက်ထိပ်ဖွေနှိပ် မှတ်ဌာနသို့ တင်သွင်းသည့်လက်ထိပ်ဖွေနှိပ်မှတ်စာချပ်များ အရေအတွက်ကို မှတ်သားထားရန် အလို့ငှါ၊ မှတ်ပုံစာရင်းစာအုပ်နံပါတ် ၂ ဟု ခေါ်တွင်သော၊ ရာဇဝတ်/၁၁ ပုံစံဖြင့်မှတ်ပုံစာရင်းစာအုပ်ကိုစီရင်စုနယ်ရုံးအသီးသီးတွင်ထားရှိစေရမည်။ ၎င်းမှတ်ပုံစာရင်းစာအုပ်တွင်ရေးသွင်းချက်အရပ်ရပ်ကို၊ လက်ထိပ်ဖွေနှိပ်မှတ် စာချပ်များ၏အမှုတွဲ "ဃ" တွင်ထည့်သွင်းသောနေရာ၌သာရေးသားရမည်။ (ပုဒ်မ ၂၅၆။)

၂၆၅။ ။လက်ထိပ်ဓွေနှိပ်မှတ်များကို ဤမှတ်ပုံစာရင်းစာအုပ်တွင်၊ နောက်ဆုံးရေးသွင်းသောအခါ၊ပုံစံဇယားကွက် ၅ တွင်နေ့စွဲ ၂ ရပ်ကို၊ "၁၉၁၅ခုနှစ်၊ဇွန်လ ၅ ရက် / ၁၉၁၅ခုစက်တင်ဘာလ၁၅ရက်" သည်ကဲ့သို့ ရေးသွင်းရမည်။ အထက် နေ့စွဲမှာ လက်ထိပ် ဓွေနှိပ် မှတ်များကို နှိပ်ယူသည့်နေ့စွဲဖြစ်ရမည်။ အောက်နေ့စွဲမှာ၊ ၎င်းစာချပ်များကိုလက်ထိပ်ဓွေနှိပ်မှတ်ဌာနသို့ပေးပို့သည့်နေ့စွဲဖြစ်ရမည်။ ဤကဲ့သို့နေ့စွဲနှစ်ရပ် လိုအပ်ခြင်းမှာ၊ ဤမှတ်ပုံစာရင်း စာအုပ်နှင့် ထောင်ဝင်မှတ်ပုံစာရင်းစာအုပ်၊ ထောင်ဝါရမ်းစာတို့တွင်ရေးသွင်းချက်တို့ကို စစ်ဆေးရန်လွယ်ကူစိမ့်သောငှာ ဖြစ်သည်။ (ပုဒ်မ ၂၅၂။)

၂၆၆။ ။မှတ်ပုံစာရင်းစာအုပ် ၂ တွင်၊ လက်ထိပ်ဓွေနှိပ်မှတ်စာချပ်နှင့် စပ်လျဉ်း၍ရေးသွင်းခြင်းအသစ်တစုံတရာပြုလုပ်လျှင်၊ အထက်ကရေးသွင်းချက် တစုံတရာသော်၎င်းအရပ်ရပ်သော်၎င်းရှိလျှင်မှတ်ပုံစာရင်းစာအုပ်တွင်ပယ်ဖျက်ရမည်။ဥပမာဆိုသော်။

(၁) ငမြသည်၊၁၉၀၉ ခုနှစ်တွင်မှုပြစ်ထင်ရှားစီရင်ခြင်းခံရ၍၊ ၎င်း၏လက်ထိပ်ဓွေနှိပ်မှတ်စာချပ်ကိုအမှုတွဲခန်းတွင်ထားသိုရန်ပေးပို့ရာ။ နံပါတ်စဉ်မှာမှတ်ပုံစာရင်းစာအုပ် ၂ တွင် ၂၈ ဖြစ်သည်။

(၂) ၁၉၁၂ ခုနှစ်တွင်၊ ၎င်းသည်ဒုတိယအကြိမ်အပြစ်ခံရ၍၊ ပြစ်ဒဏ်စီရင်ချက် ၂ ကြိမ်လုံးပါရှိသည့်စာချပ်ကိုရရှိရာ။ လက်ထိပ်ဓွေနှိပ်မှတ်နံပါတ်စဉ်အသစ်မှာ ၃၅ ဖြစ်သည်။ ပြစ်မှု ၄၀ / ရာဇဝတ် ၁၀၃ ပုံစံပေါ်တွင်သတ်မှတ်ထားသည့် နေရာလပ်တွင်၊အထက်ကတင်သွင်းပေးပို့ဘူးသောစာချပ်နံပါတ်နှင့်နေ့စွဲ။ (ဥပမာဆိုသော်၊၁၉၀၉ ခုနှစ်၊နံပါတ် ၂၈) ကိုရေးသွင်းရမည်။ ၎င်း ၁၉၀၉ ခုနှစ်၊နံပါတ် ၂၈ ကို ယခုပယ်ဖျက်၍မှတ်ပုံစာရင်းစာအုပ်နံပါတ် ၂ အကြောင်းအရာဖော်ပြရာဇယားကွက်တွင်၊၁၉၁၂ ခုနှစ်၊နံပါတ်စဉ် ၃၅ ကိုရှေ့တိုး၍ရည်ညွှန်းပြသရမည်။၎င်းနည်းတူ၊အသစ်ရေးသွင်းသော ၁၉၁၂ ခုနှစ်၊နံပါတ်စဉ် ၃၅ တွင်၊အကြောင်းအရာဖော်ပြရာဇယားကွက်၌၊၁၉၀၉ ခုနှစ်၊နံပါတ်စဉ် ၂၈ ကိုနောက်ပြန်ရည်ညွှန်းပြသရမည်။

(၃) ငမြသည်ပြစ်မှုထင်ရှားစီရင်ခြင်းတဖန်ခံရပြန်လျှင်၊ ၁၉၁၂ ခုနှစ်၊ နံပါတ်စဉ် ၃၅ ကိုပယ်ဖျက်၍၊အသစ်ရေးသွင်းချက်ကိုရှေ့တိုး၍ရည်ညွှန်းရမည်။ အသစ်ရေးသွင်းချက်၌လည်း၊အကြောင်းအရာဖော်ပြရာဇယားကွက်တွင်၊ ၁၉၀၉ ခုနှစ်၊နံပါတ်စဉ် ၂၈ နှင့် ၁၉၁၂ ခုနှစ်၊နံပါတ်စဉ် ၃၅၊နှစ်ရပ်လုံးကိုနောက်ပြန်ရည်ညွှန်းပြသရမည်။

မှတ်ပုံစာရင်းစာအုပ်နံပါတ် ၂ တွင်၊ လူတယောက်လျှင်၊ ပယ်ဖျက်ခြင်းမပြုသည့်ရေးသွင်းချက်တရပ်မျှသာရှိစေရမည်။ သို့သော် အကြောင်းအရာဖော်ပြရာ ဇယားကွက်တွင်၊ အထက်ကတင်သွင်းပြီးသောစာချပ်များနှင့်စပ်လျဉ်း၍၊ အကြောင်းအရာ ဖော်ပြချက်များကိုတွေ့ရှိစေရမည်။

၂၆၇။ ။ရုံးမှတ်ပုံစာရင်းစာအုပ်နံပါတ် ၂၊ ဇယားကွက် ၂ နှင့် ၃ တွင်၊၎င်းသူ၏အသက်၊ပြစ်ဒဏ်စီရင်ခြင်းခံရသောနေ့စွဲ၊ပုဒ်မ၊ရာဇဝတ်တရားသူကြီးအမှုနံပါတ်နှင့်၊ ၎င်း၏ရာထူးရာဇ်ကိုရေးသွင်းရမည်။

၂၆၈။ ။မှတ်ပုံစာရင်းစာအုပ်နံပါတ် ၂ တွင် ရေးသွင်းချက်အရပ်ရပ် ပြည့်စုံပြီးစီးလျှင်၊အရာရှိများရှုတ်တရက်ကြည့်ရှုခြင်းအားဖြင့်လက်ထိပ်ဓွေနှိပ်မှတ်စာချပ်ကို လက်ထိပ်ဓွေနှိပ်မှတ်ဌာနသို့ပေးပို့၊ ပြီးမပြီးကိုသိရှိနိုင်ရန်၊လက်ထိပ်ဓွေနှိပ်မှတ် နံပါတ်နှင့်နေ့စွဲကိုမှတ်

ပုံစာရင်းစာအုပ်နံပါတ် ၇၊ဇယားကွက် ၁၈ တွင်ရေးသွင်းရမည်။ အကယ်၍၎င်းနံပါတ်ကိုမှတ်ပုံစာရင်းစာအုပ်နံပါတ် ၇၊ဇယားကွက် ၁၈ တွင်ရေးသွင်းလျက် မတွေ့မရှိခဲ့လျှင်၊ လက်ထိပ်ဖွေနှိပ်မှတ်စာချုပ်ကိုအချိန်ကာလပိုင်းခြားသတ်မှတ်ထားသည့် အမှုတွဲတွင်ရှိစေရမည်။(ပုဒ်မ ၂၅၆)။

၂၆၉။ ။ရာဇဝတ်ဌာနအုပ်သည်။ ကျေးရွာဆိုင်ရာမှုပြစ်မှတ်စုစာအုပ် ဒုတိယပိုင်းတွင်၊စုံထောက်မှုဌာနလက်စွဲဥပဒေပဋ္ဌမတွဲ၊ပုဒ်မ ၂၄၁ ၌သတ်မှတ်ဖေါ်ပြထားသည့်မှုပြစ်များထင်ရှား စီရင်ခြင်း ခံရသူတို့ဆိုင်ရာ အကြောင်း အရာ ဖေါ်ပြရာ ဇယား ကွက်တွင် '' F.P. ''ဟူသောအက္ခရာတံဆိပ်ခတ်နှိပ်ရမည်။ သို့သော်လည်းနံပါတ်နှင့် နေ့စွဲများကိုရေးသွင်းရန်မလို။

၂၇၀။ ။အကျဉ်းထောင်အားလုံးတွင်၊လစဉ်လဆန်း ၁၅ ရက်နေ့၌၊ရှေ့လာမည့်လအတွင်း၊စီရင်စုနယ်တခုံတရာတွင်လွှတ်ရန်ရှိသော၊မှုပြစ်အမြဲကျင့်သူအဖြစ်ဖြင့်သိခြား မှတ်သားခြင်း ခံရသောအကျဉ်းသားများ (ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၁၁၀ အရအာမခံမပေးနိုင်၍အကျဉ်းခံနေရသူ၊ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၅၆၅ အရချမှတ်သည့်အမိန့်ကိုမလိုက်နာသောကြောင့်၊ရာဇသတ်ကြီးပုဒ်မ ၁၇၆ အရမှုပြစ်ထင်ရှားစီရင်ခြင်းခံရသူနှင့်၊မှုပြစ်အမြဲကျင့်သူတို့အား ကန့်သတ်ပိုင်းခြားထားရန်အက်ဥပဒေပုဒ်မ ၁၈ အရမှုပြစ်ထင်ရှားစီရင်ခြင်းခံရသူများပါ)။ ရာဇဝတ်မှုပြစ်ကျူးလွန်သူ လူစုများအက်ဥပဒေအရ မှုပြစ်ထင်ရှားစီရင်ခြင်းခံရသော အကျဉ်းသားများ၊ ရာဇဝတ်ကျင့်ထုံးကိုဥပဒေပုဒ်မ ၁၀၇၊ ၁၀၈၊သို့မဟုတ် ၁၀၉ အရအာမခံမပေးနိုင်၍အကျဉ်းခံနေရသူများနှင့်ဘေးတွင်ပြထားသော မှုပြစ်တို့ကျူးလွန်၍မှုပြစ်ထင်ရှားစီရင်ခြင်းခံရသောအကျဉ်းသားတို့၏အမည်များ၊ နေရပ်များကိုဖေါ်ပြ၍၊ အကျဉ်းထောင်ဆိုင်ရာပုံစံ နံပါတ် ၆၅ အရရေးသားသည့်စာရင်းတစောင်ကိုထောင်ပိုင်ဝန်ကထိုစီရင်စုနယ်ရာဇဝတ်ဝန်ထံပေးပို့ရမည်။ ထိုရာဇဝတ်အမှုထမ်းအရာထမ်းတို့တင်သွင်းသည့် အမှုများတွင် မှုပြစ်ထင်ရှားစီရင်ခြင်းခံရသည့် ရာဇဝတ် သင့်သူများနှင့်စပ်လျဉ်း၍ ရေးသွင်းသည့်အခါ၊ ပင်နီနှင့် ရေးသွင်းရမည်။ ၎င်းစာရင်းကိုတစောင်ရေးကူး၍ မြန်မာနိုင်ငံတော် မီးရထားနှင့်စုံထောက်မှုဌာနရာဇဝတ်ဝန်ကြီး၏ရာဇဝတ်ရေးဆိုင်ရာဝန်ထောက်ထံပေးပို့ရမည်။ တစုံတရာအမည်များသည်စာရင်းတွင် မပါရှိလျှင်နောက်ထပ်စာရင်းများပေးပို့ရမည်။ ၎င်းစာရင်းများကို ရရှိသည့်အခါ၊ လက်ထိပ်ဖွေနှိပ်မှတ်နှင့် စပ်လျဉ်း၍ ဆေးချာစွာ တိုက်ဆိုင် စစ် ဆေးပြီးနောက်၊ လက်ထိပ်ဖွေနှိပ်မှတ်များ ရယူသင့်သော်လည်း မယူရသေးသောအမည်များသည်၊ ၎င်းစာရင်းတွင်ပါဝင်

(၁) တိုင်းနိုင်ငံ အစိုးရမင်းတို့ကို ကျူးလွန်သည့်မှုပြစ်များ။ အိန္ဒိယ ရာဇသတ်ကြီးပုဒ်မ ၁၂၁-၁၃၀(အပါအဝင်)။

(၂) ကျွဲနွား ပြန် ပေးလုပ်မှု၊အိန္ဒိယရာဇသတ်ကြီးပုဒ်မ ၂၁၅။

(၃) ဒင်္ဂါး အ သွင်သဏ္ဌာန်ကို လိမ်လည်၍ အတုပြုလုပ်မှု၊ အိန္ဒိယ ရာဇသတ်ကြီးပုဒ်မ ၂၃၁-၂၆၃က(အပါအဝင်)။

(၄) လူကို ခိုး ယူမှု၊ အိန္ဒိယ ရာဇသတ်ကြီး ပုဒ်မ ၃၆၆။

(၅) ကျွဲ နွား ခိုးယူမှု၊ အိန္ဒိယ ရာဇသတ် ကြီးပုဒ်မ ၃၇၉ နှင့် ၃၈၀။

(၆) လု ယက် မှုနှင့် ဓားပြတိုက်မှု၊ အိန္ဒိယ ရာဇသတ်ကြီးပုဒ်မ ၃၉၂-၄၀၂ (အပါအဝင်)။

(၇) ခိုးရာပါ ပစ္စည်းကိုလက်ခံမှု၊ အိန္ဒိယ ရာဇသတ်ကြီး ပုဒ်မ ၄၁၂ နှင့် ၄၁၃။

(၈) လိမ်လည်မှုအပိုဒ် ယရာဇသတ်ကြီးပုဒ်မ ၄၁၉ နှင့် ၄၂၀။

(၉) အိမ် ကို ဖေါက် ဖျက်မှုအပိုဒ်ယရာဇသတ်ကြီး ပုဒ်မ ၄၅၇-၄၆၀ (အ ပါ အဝင်)။

(၁၀) ငွေ စက္ကူ ကို လိမ်လည်တုပပြုလုပ်မှု။ အပိုဒ် ယရာဇသတ်ကြီးပုဒ်မ ၄၈၉ (က-ဃ)။

(၁၁) လက်နက်များ ကိုလျှို့ဝှက်မှု၊ လက်နက် ဥပ ဒေပုဒ်မ ၂၀။

တွေ့ရှိခဲ့လျှင်။ အကျဉ်းထောင်မှအကျဉ်းသားများ ရောက် လာသည့်အခါလက်ထိပ် ဖွေ့နှိပ်မှတ်များကို နှိပ်ယူ စေရန် ချက်ခြင်းစီမံဆောင်ရွက်ရမည်။ အမြဲပြုကျင့်သူ အဖြစ်ဖြင့် သီးခြားမှတ်သားခြင်းခံရသောအကျဉ်းသားများ၏အမည် များနှင့် ယှဉ်၍ Habitual ဟူသော စကားကိုအ ကြောင်းအရာဖေါ်ပြရာဇယားကွက်တွင် ရေးမှတ် ထားရ မည်။လက်ထိပ်ဖွေ့နှိပ်မှတ်များ ရယူပြီးဖြစ်သည့်။ အကျဉ်း သားတစုံတရာသည်။ စာရင်းမပေးပို့မီအရင် လအတွင်း၌ သေဆုံးလျှင်၎င်းသေဆုံးသည့်သတင်းချက်ကို၊ စာရင်း၏ အဆုံး၌ မင်နီဖြင့်ရေးသွင်းထားရှိရမည်။ လက်ထိပ်ဖွေ့နှိပ် မှတ်များရယူပြီး အကျဉ်းသားအရပ်ရပ်၏ အမည်များနှင့် ယှဉ်၍ F.P. ဟူသော အက္ခရာ စာလုံးများကို ရေးမှတ် ထားသည်။

၂၇၁။ ပုဒ်မ ၂၇၀ တွင်ဖေါ်ပြထားသည့်စာရင်းအဆုံးတွင်၊ ၎င်းစာရင်းကိုပေးပို့ သည့်လမတိုင်မီ၊လွန်ခဲ့သောလအတွင်း၌လက်ထိပ်ဖွေ့နှိပ်အမှတ်များရယူပြီး အကျဉ်းသား တစုံတယောက်သေလျှင်။၎င်းသေဆုံးသည့်အကြောင်းကို၊ မင်နီဖြင့်ရေးသွင်းရမည်။၎င်းအ ကြောင်းကို ရာဇဝတ်ရုံးတွင်ရရှိသည့်အခါ၊ ရာဇဝတ်သင့်သူ၏အမည်ကို မှတ်ပုံစာရင်း နံပါတ် ၂ တွင် (ပုဒ်မ ၂၆၄) ချက်ခြင်း ပယ်ဖျက်၍၊ လက်ထိပ် ဖွေ့နှိပ်မှတ် ဌာနသို့ ရာဇဝတ် ၁၃၄ ပုံစံကိုပေးပို့ခြင်းအားဖြင့်၊ လက်ထိပ်ဖွေ့နှိပ်အမှတ်များရယူပြီး ရာဇဝတ်သင့်သူ တို့သည်၊၎င်းတို့အိမ်ရာတွင်သေဆုံးသည့်အခါ၊ အကြောင်းကြားသည့်နည်းတူ အစီရင်ခံရ မည်။ (ပုဒ်မ ၂၇၅)။

၂၇၂။ စီရင်စုနယ်ရာဇဝတ်ဝန်ရုံးတွင်၊ လက်ထိပ်ဖွေ့နှိပ်မှတ် လုပ်ငန်းကိုကြီးကြပ် ဆောင်ရွက်သူအရာရှိက၊အောက်ပါအမှုတွဲများကိုထားရှိရမည်။

(၁) သာကြွလာအမိန့်စာအမှုတွဲ။ ၎င်းသည် မူရင်းအမှုတွဲကြီးဖြစ်၍၊ လက် ထိပ်ဖွေ့နှိပ်မှတ်လုပ်ငန်းနှင့်စပ်လျဉ်းသည့်သာကြွလာအမိန့်စာအရပ်ရပ်ပါဝင်စေရမည်။

(၂) အမှုတွဲ''က-၁''မှ''ဃ''ထိ (ပုဒ်မ ၂၅၆) ၎င်းတို့တွင် လက်ထိပ်ဖွေ့နှိပ် မှတ်ဌာနသို့တင်သွင်းရန်ခုံးအမှုလိုက်အရာရှိများထံမှရရှိသောလက်ထိပ်ဖွေ့နှိပ်မှတ် စာချွပ် များကိုထားရမည်။

(၃) လက်ထိပ်ဖွေ့နှိပ်မှတ်ဌာနသို့ အမှုတွဲခန်းတွင်ထားသိုရန် ပေးပို့သည့်လက် ထိပ်ဖွေ့နှိပ်မှတ်စာချွပ်များကို လက်ခံရရှိကြောင်းဝန်ခံချက်မှတ်စာများ (ရာဇဝတ်ပြစ်မှု ၅၂ ပုံစံ) ထားသည့်အမှုတွဲများ။

(က) လက်ထိပ်ဖွေ့နှိပ်မှတ်ဌာနမှတစုံတရာချွတ်ယွင်းချို့တဲ့သည့် စာချွပ်များ ကိုပြန်ပို့လျှင်၊အမိန့်ချမှတ်ရန်စာချွပ်တစောင်ကို မှတ်စာတွင်ပူးတွဲ ၍၎င်းစာချွပ် ပေါ်တွင်မည်သို့အရေး ယူကြောင်းကို ပြသရမည်။ ၎င်းပြသရမည့်မှာ။ မည်သည့်အရာရှိထံ၊ ၎င်းစာချွပ်ကိုမှန်မမှန်စစ်

သေားရန်။အစီရင်ခံရန်။ စသည်တို့ဖြင့် လွှဲအပ် လိုက်ကြောင်းဖြစ်သည်။

(ခ) စာချုပ်များကိုလက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ ပြန်လည်တင်သွင်းသောအခါငှင်းတင်သွင်းသည့်ကြားစာဆိုမဟုတ်မှတ်စာ နံပါတ်နှင့်နေ့စွဲကိုလက်ခံရရှိကြောင်းဝန်ခံချက်မှတ်စာ။ ရာဇဝတ်ပြစ်မှု ၅၂ ပုံစံ။ အောက်တပိုင်းတွင်ရေးသွင်းရမည်။ဤသို့ပေးပို့သောကြားစာဆိုမဟုတ်မှတ်စာလက်ခံကိုထားရန်မလို။

(ဂ) ပယ်ရှားလိုက်သောစာချုပ်များကိုပြန်လည်တင်သွင်းရာ၌ လက်ထိပ်ဗွေနှိပ်မှတ်ဌာနမှ လက်ခံရရှိကြောင်းဝန်ခံချက် ပြေစာကို၊ အထက် (က) တွင်ဖေါ်ပြထားသည့် အမိန့်ချမှတ်ရန် စာချုပ်ပေါ်တွင်ကပ်ထားရမည်။

(ဃ) ဤနည်းအားဖြင့်၊လက်ထိပ်ဗွေနှိပ်မှတ်စာချုပ်တွဲအသီးသီးတွင်၊လက်ခံရရှိကြောင်းဝန်ခံချက်ပြေစာအရပ်ရပ်နှင့်ပြန်လည် တင်သွင်းသည့်အကြောင်းအရာအရပ်ရပ်ကို၊ အတူတကွတွေ့ရှိနိုင်၍၊ လွယ်လင့်တကူစိတ်ချလောက်အောင်စစ်ဆေးနိုင်မည်။ အခြားပေးစာယူစာ။ သို့မဟုတ်စာရွက်များကိုဤအမှုတွဲတွင်မထား။

(၄) လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ အမှုတွဲခန်းတွင်ထားသိုရန် ပေးပို့သည့်လက်ထိပ်ဗွေနှိပ်မှတ်စာချုပ်များဆိုင်ရာစာပေးစာယူအမှုတွဲများ။

အထက်ဖေါ်ပြရာအမှုတွဲ (၃) တွင်းပြေစာများမှတပါးအခြား တစုံတရာမရှိစေရသို့သော်လက်ထိပ်ဗွေနှိပ်မှတ်ဌာနမှ တစုံတရာချွတ်ယွင်းချို့တဲ့သောကြောင့်ပြန်ပို့သောစာချုပ်များနှင့်စပ်လျဉ်း၍ရာဇဝတ်ဝန်ရုံးနှင့်၊ ၎င်း၏စီရင်စုနယ်အတွင်းသော်၎င်း၊ အခြားစီရင်စုနယ်များအတွင်းသော်၎င်း၍ရှိသည့်ရာဇဝတ်ဌာနများ။ ထောင်များစသည်တို့နှင့်စာပေးစာယူရှိရလိမ့်မည်၊ ဤသို့သောစာပေးစာယူများကိုအမှုတွဲ (၄) တွင်ထားရမည်ဖြစ်၍အမှုတွဲတွင်အပိုင်းအစိတ်များရှိစေ၍၊ တခုသောအပိုင်း အစိတ်သည်လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ပေးပို့ပြီးဖြစ်သော လက်ထိပ်ဗွေနှိပ်မှတ်စာချုပ်တွဲတတွဲနှင့် သာသက်ဆိုင်ရမည်၊ အပိုင်းအစိတ်တခုကို ချွတ်ယွင်းချို့တဲ့သောစာချုပ်များ လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ ပြန်လည်တင်သွင်းပြီး၍၎င်းစာချုပ်တွဲနှင့်စပ်လျဉ်းသည့် စာပေးစာယူပြီးသောအခါမှသာ ပူးတွဲရမည်။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနမှစာချုပ်တစုံတရာမျှမပယ်ရှားလျှင်၊ထိုလက်ထိပ်ဗွေနှိပ်မှတ်စာချုပ်တွဲအတွက်အပိုင်းအစိတ်ဖွင့်လှစ်ရန်မလို။

(၄-က) လူတဦးတယောက်သည်၊မိမိနေရင်းစီရင်စုနယ်ပြင်ပတွင်မှုပြစ် ထင်ရှားစီရင်ခြင်းခံရလျှင်၊၎င်း၏လက်ထိပ်ဗွေနှိပ်မှတ်များကို မြစ်မှု ၄၅ / ရာဇဝတ် ၁၃၁ ပုံစံနှင့်ပူးတွဲ၍၊ ၎င်းနေထိုင်ရာစီရင်စုနယ် ရာဇဝတ်ဝန်ထံမှတဆင့်လက်ထိပ်ဗွေနှိပ် မှတ်ဌာနသို့ပေးပို့ရမည်ဟု ပုဒ်မ ၂၆၂ တွင်ပြဋ္ဌာန်းထားသည်။ မြစ်မှု ၄၅ / ရာဇဝတ် ၁၃၁ ပုံစံနှင့်လက်ထိပ်ဗွေနှိပ်မှတ် နံပါတ်။

နေ့စွဲတို့ကို။၎င်းနေထိုင်ရာစီရင်စုနယ်မှလက်ခံရရှိကြောင်းပြေစာအဖြစ်ဖြင့်။ ပေးပို့ရင်းစီရင်စုနယ်သို့ပြန်ပို့ရမည်။ဤလက်ခံရရှိကြောင်းပြေစာများကိုအမှုတွဲ (၄-က) တွင်ထားရမည်။

(၅) သေဆုံးကြောင်းအစီရင်ခံချက်ဆိုင်ရာ အရပ်ရပ်အမှုတွဲ။ ။လက်ထိပ် မွေ့နှိပ်မှတ်ဌာနသို့အစီရင်ခံသည့်သေဆုံးသူတို့ဆိုင်ရာ (ပုဒ်မ ၂၇၅) ရာဇဝတ်ဝန်၏အမှုတွဲများကို။အောက်ပါပုံစံအတိုင်း။အညွှန်းမာတိကာရှိစေရမည်။

| နံပါတ်စဉ်။ | သေဆုံးသူအမည်။ | ရာဇဝတ်ဌာန။ | လက်ထိပ်မွေ့နှိပ်မှတ်ဌာနသို့ပေးပို့ရာ၌ လက်ထိပ်မွေ့နှိပ်မှတ်နံပါတ်နှင့်နေ့စွဲ။ | သေဆုံးရာအရပ်နှင့်နေ့စွဲ။ | သေဆုံးကြောင်းအစီရင်ခံစာနံပါတ်နှင့်နေ့စွဲ။ | အကြောင်းအရာ။ |
|---|---|---|---|---|---|---|
| | | | | | | |

စာမျက်နှာတစ်မျက်နှာတွင်အမည် ၂၀ ခန့်မျှပါဝင်၍။၎င်းတွင်ရေးသွင်းချက် အရပ်ရပ်များသည်။ လက်ထိပ် မွေ့နှိပ် မှတ်ဌာနသို့ ပေးပို့သည့် သေဆုံးကြောင်း အစီရင်ခံစာ ဖြစ်မှု ၄၆ / ရာဇဝတ် ၁၃၄ ပုံစံ၏လက်ခံစာကဲ့သို့အသုံးပြုရလိမ့်မည်။ ဤအမှုတွဲသည်အမြဲအမှုတွဲဖြစ်စေရမည်။သေဆုံးသူတို့၏ အမည်များကိုလက်ထိပ်မွေ့နှိပ်မှတ်ဆိုင်ရာမှတ်ပုံစာရင်း စာအုပ်နံပါတ် ၂။ (ပုဒ်မ ၂၆၄) တွင်ပယ်ဖျက်ရမည်။

သေဆုံးကြောင်းအစီရင်ခံစာများလက်ခံရရှိကြောင်းပြေစာများကို လက်ထိပ်မွေ့နှိပ်မှတ်ဌာနကပေးပို့လိမ့်မည်။ဤသို့ပေးပို့သည့်လက်ခံရရှိကြောင်း ဝန်ခံချက်မှတ်စာ အရပ်ရပ်ကို။ သီးခြားထားသောအမှုတွဲ (၅-က) တွင်ထားရမည်။

(၆) အယူခံတွင်ပြစ်ဒဏ်စီရင်ချက်များပြောင်းလဲပြင်ဆင်ခြင်း ဆိုင်ရာ အစုစ်ရင် အမှတ္တဲ။ ပုံစံ ၂၅၆ တွင် ပြဋ္ဌာန်းထားသည့် အမိန့်အတိုင်း၊ နေရာတကျဆောင်ရွက်ခဲ့လျှင်၊အကြောင်းကြားစာများပေးပို့ရန်အလွန်နည်းပါးလိမ့်မည်။ ဤအမှတ္တဲကိုအောက်ပါပုံစံ အတိုင်းအညွှန်းမာတိကာရှိစေရမည်။

| နံပါတ်စဉ်။ | အမည်။ | ဆောင်ဝင်နံပါတ်။ | အဘအမည်။ | လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့စာချုပ်ပေးပို့သောနေ့စွဲ။ | လက်ထိပ် ဗွေနှိပ် မှတ်စာချုပ်နံပါတ်။ | မူလပြစ်ဒဏ်စီရင်ချက်ကာလအပိုင်းအခြား။ | ပြောင်းလဲပြင်ဆင်ချက်။ | အကြောင်းအရာ။ |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |

ပြစ်ဒဏ်စီရင်ချက်များပြောင်းလဲ ပြင်ဆင်ချက်အစုစ်ရင်ကို၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာနမှ လက်ခံရရှိကြောင်း၊ပြေစာများပေးပို့လိမ့်မည်။ထိုသို့ပေးပို့သည့်လက်ခံရရှိကြောင်းဝန်ခံချက် မှတ်စာများကို၊သီးခြားထားသည့်အမှတ္တဲ (၆-က) တွင်ထားရမည်။

(၇) လက်ထိပ်ဗွေနှိပ်မှတ် ဌာနမှချွတ်ယွင်းချို့တဲ့သောပြစ်ချက် ဟောင်းများရှာဖွေရန်စာချွန်များကို၊ အသစ်တစ်ခန်းနှိုင်ယူရန် ပြန်ပို့သည့် စာများ ဆိုင်ရာအမှတ္တဲ (ပုံစံ ၁၉၀)။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနမှပေးပို့သောမူရင်းစာများကို၊ဤအမှတ္တဲတွင်ပူးတွဲထားရှိ၍၊ လက်ခံစာများကိုရာဇဝတ်ဌာနသို့ပေးပို့ရမည်၊ဤအမှတ္တဲတွင်မာတိကာ အညွှန်းစာများရှိ စေရမည်။

(၇-က) ချွတ်ယွင်းချို့တဲ့သောပြစ်ချက်ဟောင်းများရှာဖွေရန်စာချွန်များနှင့်စပ်လျဉ်း၍စီရင်စုနယ်ရာဇဝတ်ဝန်နှင့်၎င်း၏လက်အောက်ခံအရာရှိများစာပေးစာယူအမှတ္တဲ။

(၈) နေရှင်းချပ်ကွက်ဆိုင်ရာရာဇဝတ်သင့်သူများကို၊အခြားစီရင်စုနယ်ရာဇဝတ် အရာထမ်းတို့ကစစ်ဆေးထားကြောင်း၊အကြောင်းကြားစာ ဆိုင်ရာအမှတ္တဲ၊ ပြစ်မှု ၅၅ ပုံစံ (ပုံစံ ၂၃၇)။ ဤအမှတ္တဲကိုအပိုင်းအစိတ်အားဖြင့်ထားရမည်။ တခုသောအပိုင်းအစိတ်သည်၊ တခုသောပြစ်မှု ၅၅ ပုံစံနှင့်သာသက်ဆိုင်ရမည်။ အပိုင်းအစိတ်တခုကို၊ပုံစံ ၂၃၇ က ၂၄၀ အထိတွင်ညွှန်းထားသည့် အတိုင်းလုပ်ဆောင်ပြီးမှသာပူးတွဲရမည်။ထိုအမှတ္တဲကိုအောက်ပါအတိုင်းမာတိကာအညွှန်းရှိစေရမည်။

| နံပါတ်စဉ်။ | အမည်။ | အဘအမည်။ | ရာဇဝတ် သင့်သူနေထိုင်ရင်းစီရင်စုနယ် ဆိုင်ရာရွာနှင့်ရာဇဝတ်ဌာနာအမည်။ | ဖမ်းဆီးထားရာစီရင်စုနယ်။ | မည်သည့် ပြစ်မှုကြောင့်ဖမ်းဆီးကြောင်း။ | အကြောင်းအရာ။ |
|---|---|---|---|---|---|---|
| | | | | | | |

(ဃ) ထောင်မှလွတ်ခါနီး "ခ" အမျိုးအစားရာဇဝတ်သင့်သူများနှင့်စပ်လျဉ်း၍ ၎င်းတို့၏လက်ဗွေနှိပ်မှတ်များကိုလက်ဗွေနှိပ်မှတ်ဌာနတွင်ရှာဖွေမတွေ့သဖြင့်၎င်း ရုံးမှပေးပို့သည့်စာပေးစာယူဆိုင်ရာ အမှုတွဲ။ (ထောင်ပုံစံနံပါတ် (၆၅)၊ ပုဒ်မ ၂၇၀ ကိုကြည့်)။

## အခန်း ၁၂။

### လက်ဗွေနှိပ်မှတ်ဌာနအမှုတွဲခန်းမှလက်ဗွေနှိပ်မှတ်စာချပ်များကို နုတ်ပယ်ဖျက်ဆီးခြင်းဆိုင်ရာနည်းဥပဒေများ။

၂၇၃။ လက်ဗွေနှိပ်မှတ်စာချပ်များကိုဖျက်ဆီးရမည့်အကြောင်းအရာများ။

(က) အမြဲပြုကျင့်လုပ်ကိုင်လေ့ရှိသောအဆိုခံတော်သူ၊ငွေစက္ကူအတုလုပ်သူအင်္ဂါ၊ အတုသွန်းလုပ်သူ၊ရာဇဝတ်မကင်းအသက်မွေးမြူသူလူမျိုး၊သို့မဟုတ်လက်နက်များလျှို့ဝှက်တင်ဆောင်ထုတ်သွင်းသူအရစ်ရစ်ဆိုင်ရာအချက်တွင်းသေဆုံးသည့်အခါ၊

(ခ) အခြားသူအရစ်ရစ်ဆိုင်ရာအချက်တွင်၊

(၁) ပြစ်ဒဏ် ၂ ကြိမ်ထက် မများခံရဘူးသူမှာ၊ ထောင်မှနောက်ဆုံးလွတ်သည့်နေ့ရက်မှ ရေတွက် သော် ၇ နှစ်လွန်မြောက်သည့် အခါ၊ သို့မဟုတ်

(၂) ပြစ်ဒဏ် ၂ ကြိမ်ထက်ပိုမိုခံရဘူးသူမှာ၊ထောင်မှနောက်ဆုံးလွတ်သည့်နေ့ရက်မှ ရေတွက်သော် ၁၀ နှစ်လွန်မြောက်သည့် အခါ၊ သို့မဟုတ်

(၃) အသက် ၇၀ ပြည့်သည့်အခါသို့မဟုတ်
(၄) သေဆုံးသည့်အခါ။

အလျင်ဆုံးကျသောအချက်ကိုအရေးယူရမည်။

၂၇၄။ အကျဉ်းထောင်တွင်သေဆုံးကြောင်းအစီရင်ခံသည့်အကျဉ်းသားများ ဆိုင်ရာလက်ထိပ်ဗွေနှိပ်မှတ်စာချပ်များကိုအမှုတွဲခန်းမှ ထုတ်နုတ်၍ ဖျက်ဆီး ရမည်။ အခြားသေဆုံးကြောင်းအစီရင်ခံသည့်အချက်များတွင် ၎င်းအစီရင်ခံစာရရှိ၍ စာချပ်ပေါ်တွင်မင်နီဖြင့်ကန့်လန့်ရေး၍အမှုတွဲခန်းတွင်တနှစ်ထားပြီးလျှင်ထုတ်နုတ်ဖျက်ဆီးရမည်။

၂၇၅။ F.P.B. အမှတ်ရယူပြီးသူတစုံတယောက်ပင်အမိုင်မြေတွင်သေဆုံးသည့် အခါ။ ဌာနခွဲစာရေးမှအစီရင်ခံရန်ရာဇဝတ်ဝန်ထံ အစီရင်ခံစာ တင်သွင်းရမည်။ ၎င်းက ရာဇဝတ်/၁၃၄ ပုံစံဖြင့်သေဆုံးကြောင်းအစီရင်ခံစာကို၎င်းစိန်၍လက်ထိပ်ဗွေနှိပ်မှတ် ဌာနသို့ ပေးပို့ရမည့်အပြင်အစီရင်ခံစာကိုရရှိကြောင်းဝန်ခံချက်ပြန်ပေးပို့ရမည်။

၂၇၆။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနတွင်စာချပ်များကိုပယ်ဖျက်နိုင်သော်လည်း ရာဇဝတ်ဌာနသို့စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာအချုပ်တို့အား လက်ထိပ်ဗွေနှိပ်မှတ်ယူထားသူများ အသက်ရှင်လျက်ရှိကြောင်းသို့မဟုတ်သေဆုံးကြောင်းကိုမသိရှိရသော်လည်း ကျေးရွာများတွင်ရံဖန်ရံခါစစ်ဆေးရမည်နည်းပြင်ရင်းတို့၏အလုပ်ဝတ်တရားမှာ သုံးနှုန်းသည့် အရပ်ရပ်သေဆုံးသူများကိုဌာနခွဲစာရေးထံအစီရင်ခံရန်ဖြစ်လေသည်။

၂၇၇။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနတဌာနထက်ပိုရှိ၍အမှုတွဲခန်းတွင်ထားရှိလျက်ရှိသောစာချပ်တစောင်ကိုထုတ်နုတ်ရန် အချက်တွင်ထင်ရှားစွာညွှန်ပြသည့် နိုင်ငံဆိုင်ရာ လက်ထိပ်ဗွေနှိပ်မှတ်ဌာနကဆုံးဖြတ်လိမ့်မည်။ ဤသို့သောအကြောင်းကြောင့် ထုတ်နုတ်သည့်အကြောင်းစာကို ၎င်းလက်ထိပ်ဗွေနှိပ်မှတ်ဌာနမှတိုသူ၏လက်ထိပ်ဗွေနှိပ်မှတ်ထား သိုလျက်ရှိသောအခြားလက်ထိပ်ဗွေနှိပ်မှတ်ဌာနများသို့ပေးပို့လိမ့်မည်။

၂၇၈။ ပုဒ်မ ၂၇၃ တွင်ညွှန်ပြထားသည့် လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များ ဆိုင်ရာ နုတ်ပယ်ခြင်းကိုလက်ထိပ်ဗွေနှိပ်မှတ်ဌာနကနှစ်စဉ်ဆောင်ရွက်ရမည်။

၂၇၉။ အမှုတွဲခန်းမှထုတ်နုတ်၍ဖျက်ဆီးပြီးကြောင်းသောစာချပ်များကိုနှစ်နှစ် ၆၇ ပုံစံ။ မှုခင်းမှုခွဲနှစ်စောင်ဖြင့်စာရင်းတင်ပြ၍လိုအပ်ပါက ဆိုင်ရာနယ်သည့်ရှေ့နေများစစ် ဆေးကြည့်ရှုရန်ပေးပို့ရသည်။ ရှိသောအခါ ၎င်းစာချပ်များကို မြို့နယ်ရာဇဝတ်ဝန် ကိုယ်တိုင်စစ်ဆေး၍နောက်တခါ့ချက်ကျသော် မပေါ်ကြာမီ ထုတ်ပြန်ကြောင်းသေချာ ရင်း။ ဆိုင်ရာနေ့ ဝင်ပြည့်သူကို မှားယွင်း၍ အမျိုးအစားပြောင်းကြောင်းသေချာရင်း။ ဆိုင်ရာစာချပ်ပေါ်တွင်ရေးသွင်းရမည်ဖြစ်သော အခြားလုပ်ငန်းသည် အကြောင်းတခုခု ရာကြောင့်သော်၎င်းစာချပ်တစောင်စောင်ကိုအမှုတွဲခန်းတွင်ပြန်ထားသင့်ကြောင်း သော် ကြောင်းကိုကြည့်ရှုရမည်။ စုန့်ခါရာဇဝတ်ဝန်က ညီ။ ရာဇဝတ်ဝန်သည်နယ် မြေဆိုင်ရာဇဝတ်ဌာနများအတွင်း ရှာဖွေမှုပြန်လည်ရှာ လိမ့်မည်။ ဤသို့သော အချက် တွင်ရာဇဝတ်ဝန်သည် မိမိ၏သဘောထားမှတ်ချက်နှင့်တကွ စည်းနောက်ထပ် ပြစ်ဒဏ်စီရင်ချက်များတွေ့ရှိလျှင် ၎င်းတို့ကိုပေးသွင်းနှင့်မှန်ကြောင်း သက်သေခံလက်မှတ်

ရေးထိုးပြီးလျှင်။ လက်ထိပ်ဗွေနှိပ်မှတ်စာချပ်များကိုပြစ်မှု ၆၇ မှုရင်းပုံစံနှင့်ပူးတွဲ၍ လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ စာတိုက်ကိုက်ရီဇစ္စတြီပြုလုပ်ပြီးလျှင်ပြန်ပို့ရမည်။ မှုခွဲပုံစံကိုစီရင်စုနယ်ရာဇဝတ်ဝန်ရုံးတွင်အမှတ်အသားအဖြစ်ထားရမည်။ အခြားစာချပ်များကိုဖျက်ဆီးရမည်ဖြစ်၍ သို့ဖျက်ဆီးသည့်အကြောင်းကိုလည်း ပြစ်မှု ၆၇ ပုံစံနှစ်ရပ်လုံးအပေါ်တွင် မှတ်သားထားရမည်။

၂၀၀။ ဖျက်ဆီးပစ်သောစာချပ်များကို စီရင်စုနယ်ရာဇဝတ်ဝန်၏မှတ်ပုံစာရင်းစာအုပ်နံပါတ် ၂။ (လက်ထိပ်ဗွေနှိပ်မှတ်ဆိုင်ရာမှတ်ပုံစာရင်းစာအုပ်) နှင့် လက်ထိပ်ဗွေနှိပ်မှတ်ဌာန ထုတ်နုတ်ထားသောစာရင်းစာအုပ် ပုံစံ ( ရာဇဝတ် / ၁၃၁ ) တို့၌ မင်နီဖြင့်ပယ်ဖျက်၍ ၎င်းတို့ကိုဖျက်ဆီးသည့်နေ့စွဲကိုလည်းမှတ်သားထားရမည်။

## အခန်း ၁၃။

### ရာဇဝတ်အမှုထမ်းအရာထမ်းတို့စုံထောက်အမှုစစ်ဆေးရာ၌ လက်ထိပ်ဗွေနှိပ်မှတ်နည်းနာနှင့်သူ့နှင့်စပ်လျဉ်း၍ ဆောင်ရွက်လုပ်ကိုင်ရန်ညွှန်ကြားချက်များ။

၂၀၁။ ရာဇဝတ်မှုစုံထောက်မေးမြန်းရာ၌ လက်ထိပ်ဗွေနှိပ်မှတ်များသည်။ မည်သူမည်ဝါ၏လက်ထိပ်ဗွေနှိပ်မှတ်ဖြစ်ကြောင်းထင်ရှားသိသာစေသည့်အရာ၌။ အလွန်အကူအညီအထောက်အပံ့ရကြောင်းကိုကြားသိတွေ့မြင်ရသည့်အတိုင်း။ ၎င်းအချက်သည်အရေးကြီးသည့်အချက်တခုဖြစ်သဖြင့်။ စုံထောက်မေးမြန်းသည့်အရေးရှိအရပ်ရပ်မှာ။ ၎င်းလက်ထိပ်ဗွေနှိပ်မှတ်အကူအညီအထောက်အပံ့ကိုမည်သည့်အခါမဆိုရနိုင်က။ ရာဇဝတ်မှုစုံထောက်ရာ၌ အသုံးပြုကြရမည်ဖြစ်၍ ရှင်းလင်းဖေါ်ပြလျက်ပါရှိသည့်အောက်ပါအမိန့်ဆင့်ဆိုချက်များကို ထုတ်ဆင့်သည်။

၂၀၂။ မည်သူမည်ဝါဖြစ်ကြောင်း။ ကောင်းမွန်စွာမသိရသည့် လူကိုယ်ကာယများက လက်ထိပ်ဗွေနှိပ်များကို။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ထင်ရှားသိသာစေရန်ပေးပို့ရမည်။ အများအားဖြင့်လူသေအလောင်းလက်ချောင်းများမှ လက်ထိပ်ဗွေနှိပ်မှတ်များကို နှိပ်ယူခြင်းသည်ခဲယဉ်းခက်ခဲမည်မဟုတ်သော်လည်း။ တရံတခါဖြစ်ပေါ်လာတတ်သည်မှာ။ ၎င်းလက်ချောင်းများ၏ အပေါ်ယံအရေသည်တွန့်လိမ့်ကြွသွားသည်ဖြစ်၍။ ထင်ရှားသိသာလောက်သောလက်ထိပ်ဗွေနှိပ်မှတ်များကိုမရရှိနိုင်ဖြစ်သည်။ သည်ကဲ့သို့ထင်ရှား သိသာအောင်လက်ထိပ်ဗွေနှိပ်များကိုမရရှိနိုင်သည့်အချက်တွင်။ လက်ချောင်းများမှ အပေါ်ယံအရေပါးများကို ခွါပေးရန်ဆရာဝန်အားပြောကြားရမည်။ လက်ဆယ်ချောင်းလုံး၏အပေါ်ရေများကို။ အသီးသီးခြားစီဆိုင်သင့်ရာရာလက်ချောင်းအမည်များနှင့်တကွ။ နံပါတ်ထိုးတပ်သည့်စာအိတ်များတွင်တည့်ညွှန်း၍ ကောင်းမွန်စွာသတိနှင့်ပိတ်ပြီးလျှင်။ လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့စစ်ဆေးကြည့်ရှုရန်ပေးပို့ရမည်။

၂၀၃။ မည်သူမည်ဝါကောင်းမွန်စွာမသိသည့်ကိုယ်ကာယများက။ လက်ထိပ်ဗွေနှိပ်မှတ်များကိုဌာနသို့စာရေးအောက်ရာထူးမနိမ့်သည့်အရာရှိက။ အမြဲမပြတ်ကြီးကြပ်ကြည့်ရှု၍နှိပ်ယူရမည်။ လက်ချောင်းများ၏အရေကိုခွါယူရန်ဆုံးဖြတ်သော်လည်း။ ၎င်းလက်ချောင်းအား

လုံးက၊ လက်ထိပ်ဗွေနှိပ်မှတ်များကိုနှိပ်ယူပြီးလျှင်ကြီးကြပ်ကြည့်ရှုသူအရာရှိက၊ ၎င်းနှိပ်ယူသည့်လက်ထိပ်ဗွေနှိပ်မှတ်များသည်၊ မိမိရှေ့တွင်မှန်ကန်စွာနှိပ်ယူကြောင်းနှင့် လက်ထိပ်ဗွေနှိပ်မှတ်စာချပ်တွင်မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးရမည်။ ၎င်းကြီးကြပ်ကြည့်ရှုသူအရာရှိကလည်း၊ လက်ထိပ်ဗွေနှိပ်မှတ်စာချပ်ပါ အကြောင်းအရာ ဇယားကွက်တွင်၊ ၎င်းလူသေအလောင်းသည် ပုပ်ပျက်ရှိမရှိမှစ၍၊ အခြားမှတ်သင့်ရာရာ အခြေအနေများကိုလည်းရေးမှတ်ရမည်။

၂၀၄။ ။ ၎င်းလူသေအလောင်းသည်၊ မည်သူမည်ဝါဖြစ်ကြောင်းနှင့် တွေးတောစဉ်းစား၍သိသာနိုင်သည့်အခါ၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ပေးပို့သည့် လက်ထိပ်ဗွေနှိပ်မှတ်များနှင့်အတူရရှိနိုင်သည့်၎င်းထင်မြင်သူ၏လက်ထိပ်ဗွေနှိပ်မှတ်များပါရှိသည့်၊ စာချုပ်စာတမ်းတစုံတရာစသည်ကိုလည်းပေးပို့ရမည်။ သည်ကဲ့သို့စာချုပ်စာတမ်းမျိုးများမှာ၊ ပစ္စည်းအရောင်းအဝယ် အပြောင်းအလွှဲ၊ အပေါင်အနှံ၊ လက်ထပ်ထိမ်းမြားခြင်းပဋိညာဉ်စာချုပ်များဖြစ်၍၊ ၎င်းအဆို ၂ ပါ စာချုပ်စာတမ်းမျိုးများကို အခွန်တော်အမှုတွဲများတွင် တွေ့ရှိရတတ်သည်။

၂၀၅။ ။ ရာဇဝတ်မှုဖြစ်ပွားကျင့်ကျူးလွန်ရာနေရာ ပတ်ဝန်းကျင်းတွင်ဖြစ်စေ၊ ၎င်းမှုဖြစ်ကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့် ဝတ္ထုတစုံတရာပေါ်တွင်ဖြစ်စေ၊ ကျန်ရစ်သည့်လက်ထိပ်ဗွေနှိပ်မှတ်များကိုရှာဖွေရမည်။

ဖန်ဘူး၊ ဖန်ပုလင်း၊ ပြူတင်းပေါက်မှန်များ၊ ကြေးအိုး၊ ကြေးခွက်များ၊ သံမှုသေတ္တာစသည်များပေါ်တွင်၊ လက်ထိပ်ဗွေနှိပ်မှတ်များကိုပကတိမျက်စိသက်သက်ဖြင့်မြင်နိုင်သောကြောင့်၊ သွေးစွန်း၊ ဆီ၊ သို့မဟုတ်ဆီစွန်းမှုစ၍ စိုထိုင်းညစ်ပေသောလက်ချောင်းများက၊ လက်ထိပ်ဗွေနှိပ်မှတ်များမှာလည်း၊ အများအားဖြင့်များသောမျက်နှာပြင်ပေါ်တွင်၊ ထင်ရှားစွာကျန်ရစ်တတ်လေသည်။


၂၀၆။ ။ ဝတ္ထုများ ကိုကိုင်တွယ်ရာ၌၊ ရာဇဝတ်မှုဖြစ်ပွားကျင့်ကျူးလွန်သူတို့မှာ၊ ပကတိမျက်စိသက်သက်ဖြင့်မမြင်နိုင်သည့်လက်ထိပ်ဗွေနှိပ်မှတ်များကို၊ ၎င်းကိုင်တွယ်မိသည့် ဝတ္ထုများပေါ်တွင်နှိပ်လျက်ကျန်ရစ်တတ်သည်၊ ဥပမာအားဖြင့်၊ ချောသောဝတ္ထုများနှင့် လှပ်သောမျက်နှာပြင်များပေါ်တွင်၊ အထက်ဖော်ပြခဲ့သောမသိမမြင်နိုင်သည့် လက်ထိပ်ဗွေနှိပ်မှတ်များရှိတတ်သည်၊ ၎င်းအချက်များတွင် သည်ကဲ့သို့လက်ထိပ်ဗွေနှိပ်မှတ်များ ရှိမည့်လက္ခဏာရှိသည်ထင်မြင်သည့်အရာဝတ္ထုများပေါ်တွင်၊ အမှုန့်ပြုလုပ်ထားသောခဲပုပ်နှင့်ဖြစ်စေ၊ ပေါင်ဒါအဖြူမှုန့် (ပြဒါးနှင့်ခေါ်မြဲ) နှင့်ဖြစ်စေ၊ အပေါ်ကအသာဖြူးရမည်၊ ၎င်းအမှုန့်များကို ဝတ္ထုပေါ်၌နေရာကျဖြစ်အောင်၊ တမိနစ်ကျော်နှစ်မိနစ်ခန့်ထားပြီးလျှင်၊ ၎င်းအမှုန့်များကိုဖြည်းညှင်းသက်သာစွာမှုတ်လိုက်ရမည်၊ သို့မဟုတ်လှုပ်၍ချရမည်။ သည်ကဲ့သို့ပြုလုပ်ပြီးသည့်နောက်၊ အကယ်၍လက်ထိပ်ဗွေနှိပ်မှတ်တစုံတရာရှိလျှင်၊ ၎င်းလက်ထိပ်ဗွေနှိပ်မှတ်များသည်၊ အပေါ်ကဖြူးချသည့်ပေါင်ဒါမှုန့်စသည်များဖြင့်ပြင်ဘက်ကလက္ခဏာရေးအကြောင်းများပေါ်လာမည်ဖြစ်သည်။ ဗီလိုမြို့စမ်းသပ်ကြည့်ရှုရှိသည်များကို စုပေါင်းလျက်ပါရှိသော အောက်ပါစာရင်းသည်၊ အကြောင်းအရာအမျိုးမျိုးတွင်အသုံးပြုရမည့်အကောင်းဆုံးသောပေါင်ဒါမှုန့်ကိုပြသည်။

| မျက်နှာပြင်။ | ပေါင်ဒါမှုန့်။ | အကြောင်းအရာ။ |
| --- | --- | --- |
| ဖန်မှန် .... | ပေါင်ဒါအဖြူမှုန့် (Grey Powder.) | မါတ်ပုံ ကူးယူရန် ကိစ္စများ အတွက်မှ တပါး၊ အခြား ကိစ္စများ အတွက် အလို မရှိ။ |
| သေတ္တာ သက်သက်ဖြင့် လုပ်သည့် အရောင်ရောင် မျက်နှာပြင်များ။ | ပေါင်ဒါအဖြူမှုန့် (Grey Powder). | |
| ရှာပန် (အမည်းရောင်) အရောင်တင်ဆေးသုတ်လိမ်းသည့် မျက်နှာပြင်။ | ပေါင်ဒါအဖြူမှုန့် (Grey Powder). | |
| ကြွေ ဆေးဖြင့် သုတ် လိမ်းသည့်မျက်နှာပြင်များ။ | မျက်နှာပြင်မှာအဖြူဖြစ်လျှင်၊ ခဲပုပ်၊ခဲမ၊အခြားအရောင်များဖြစ်လျှင်ပေါင်ဒါအဖြူမှုန့်ကိုအသုံးပြုရမည်။ | |

| မျက်နှာပြင်။ | ပေါင်ဒါမှုန့်။ | အကြောင်းအရာ။ |
| --- | --- | --- |
| စက္ကူအဖြူ .... | ခဲပုပ်၊ ခဲမ (Graphite Powder). | |
| ညိုသောအရောင်ရှိသည့် စက္ကူ။ | ပေါင်ဒါအဖြူမှုန့်။ (Grey Powder). | |
| ဆေးချယ်ထားသည့် မျက်နှာပြင်များ။ | ဖြူသောမျက်နှာပြင်အတွက် ခဲပုပ်၊ခဲမ၊အခြားအရောင်ရောင်မျက်နှာပြင်များအတွက်၊ ပေါင်ဒါအဖြူမှုန့်ကိုအသုံးပြုရမည်။ | |
| သစ်သားနှင့် လုပ်သောမျက်နှာပြင်များ။ | ပေါင်ဒါအဖြူမှုန့် (Grey Powder). | |

၂၀၇။ လက်ဗွေနှိပ်မှတ်များကိုတွေ့ရှိသည့်အခါ၊ ၎င်းများကိုပေးပို့နိုင်ကလက်ဗွေနှိပ်မှတ်ဌာနသို့ပေးကြည့်ရှုရန်ပေးပို့ရမည်။ သည့်ကဲ့သို့ပေးပို့ရာ၊ ၎င်းလက်ဗွေ

မြေနှိပ်မှတ်များမပျက်မစီးရန်သတိနှင့်ကောင်းစွာပြုလုပ်ကာကွယ်၍ ပေးပို့ရမည်။ ၎င်းနည်းလမ်းအတိုင်းမပြုမလုပ်နိုင်ပါ၍လက်ထိပ်မြေနှိပ်မှတ်ဌာနရှိ၎င်းအရာရှိကွမ်းကျင်သူကို၊ ၎င်းလက်ထိပ်မြေနှိပ်မှတ်ရှိရာအရပ်ဒေသသို့ လက်ထိပ်မြေနှိပ်မှတ်များစစ်ဆေးကြည့်ရှုရန်ဆိုင်ရာတွင်လျှောက်ထားရမည်။ လက်ထိပ်မြေနှိပ်မှတ်ပါရှိသောကျောက်တုံးတစ်ခုခုမှာ ပြားသောမျက်နှာပြင်ရှိလျှင်၎င်းလက်ထိပ်မြေနှိပ်မှတ်ကိုအောက်တွင်ဖော်ပြပါပုံအတိုင်း အစအဆုံးအပိတ်မပါသည့်ပြောင်းပြန်လှန်၍ထားသော စတုရန်းသေတ္တာနှင့် အလွယ်တကူဖုံးအုပ်ကာကွယ်၍ထားရှိစေရမည်။




က-က။ စတုရန်းသေတ္တာ။

ခ-ခ။ လက်ထိပ်မြေနှိပ်မှတ်ပါရှိသည့်မျက်နှာပြင်ကို ဖုံးပိတ်ကာကွယ်ထားသည့်ကော်သုတ်ထားသောအခင်းစက္ကူ။

ဂ-ဂ။ လက်ထိပ်မြေနှိပ်မှတ် (ဃ) ပါရှိသည့်ကျောက်။

လက်ထိပ်မြေနှိပ်မှတ်များကိုမပျက်မစီးစေအောင်၊ ပြုလုပ်ကာကွယ်ရန် အခြားနည်းအမြောက်အမြားပင်ရှိသေးကြောင်း ရှိသည်။ မည်သည့်နည်းနှင့်မဆို ပြုလုပ်သင့်ကာသင့်လျော်လုံလောက်စွာကာကွယ်မိစေရန်သတိနှင့်ကောင်းစွာပြုလုပ်ကြရမည်။

၂၀၈။ လက်ထိပ်မြေနှိပ်မှတ်ဌာနသို့စစ်ဆေးကြည့်ရှုရန်ပေးပို့သည့်လက်ထိပ်မြေနှိပ်မှတ်များနှင့်အတူ၊ သက်သေမကင်းသူတို့၏လက်ထိပ်မြေနှိပ်မှတ်စသည်တို့ကိုလည်းပူးတွဲပေးပို့ရမည်ဖြစ်ပေရာသည်၊ တစ်စုံတစ်ရာနှင့်စပ်လျဉ်းသည့်မှုခင်းများဖြစ်သည့်အချက်တွင်ရာဇဝတ်မှုပြုကျင့်ကျူးလွန်တတ်သည့် လူမျိုးဆိုင်ရာ မှတ်ပုံစာရင်း၊ တင်သွင်းထားသူတို့နှင့် မှုခင်းများကျူးလွန်ရာအရပ်ဒေသတွင်မှုခင်းကျူးလွန်တတ်ကြောင်း သိရှိရသည့်ပြင်ပနယ်ကျက်ဆိုင်ရာ မှုခင်းကျူးလွန်သူတို့၏ဆိုင်ရာလက်ထိပ်မြေနှိပ်မှတ်များကိုလည်း၊ ၎င်းလက်ထိပ်မြေနှိပ်မှတ်များနှင့်အတူပေးပို့ရမည်။

၂၀၉။ တွေ့ရှိရသည့်အထောက်အထားရန်အချက်များ၊ လက်ထိပ်မြေနှိပ်မှတ်များကိုရှာဖွေရာ၌၊ ပစ္စည်းများကိုကိုင်တွယ်သည့်အခါ၊ မိမိ၏လက်ယာများဖြင့်၊ ၎င်းပစ္စည်းများကိုနှိပ်မိတတ်ကြသည်။ ၎င်းပြင်အခြားအကြောင်းမရှိသူတို့က (ဥပမာ။ အိမ်ကိုဖောက်ထွင်းသူခိုးခံရသည့်အိမ်ရှင်များနှင့်ရာဇဝတ်အမှုကိစ္စတို့မလာမရောက်မီ၊၎င်းရာဇဝတ်မှုကျူးလွန်ခဲ့ပါသည့်နေရာဌာနသို့လာရောက်ကြည့်ရှုသူတို့) လည်း၊ ၎င်းပစ္စည်းများကို

ကိုင်တွယ်တတ်ကြောင်းများကို သတိပြုကြရမည်။ ထို့ကြောင့် သည်းကဲ့သို့ ရှုပ်ထွေးခြင်းများ မဖြစ်စေရန် စုံထောက်စစ်ဆေးရာတွင် သည့် အရာရှိနှင့် အထောက်တွင်ဖေါ်ပြခဲ့သည့် အခြားလူများ၏ လက်ထိပ်ဗွေနှိပ်မှတ်သည်များကိုလည်း လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ စစ်ဆေးကြည့်ရှုရန် ပေးပို့သည့် လက်ထိပ်ဗွေနှိပ်မှတ်များနှင့် ပေးပို့ရမည်။

၂၉၀။ စိရင်စုနယ်ရာဇဝတ်ဝန်ထောက်၊ လက်ထိပ်ဗွေနှိပ်မှတ်ဌာနသို့ စစ်ဆေးရန် နှိပ်စဉ်းစားပြီးသည့် အခါ [illegible] ရွေးနှုတ်မှု စာရင်း တစောင်ကို၊ အမိန့်၌ အောက်တွင်ဖေါ်ပြထားသည့်ပုံစံအတိုင်းထားရှိစေရမည်။

| အမှတ်စဉ် | [illegible] | [illegible] | ရွေးနှုတ်ကြွန် ပေးသည့် ကြား တန်းပါတ်နှင့် နေ့စွဲ | အလေးကာလ ကျင်းကျက်စစ် ဆေးသိသာရ သည့် အကြောင်း အရာ | အကြောင်း အရာ |
|---|---|---|---|---|---|
| | | | | | |

ဤစာရင်းသာလျှင် [illegible] ရာဇဝတ်တရားကြည့်ခြင်းဖြင့် လက်ထိပ်ဗွေနှိပ်မှတ်နည်းနာ သည့် ရာဇဝတ်မှုကို ဖေါ်ထုတ်နိုင်၍ လုံလောက်စွာ လေ့လာအသုံးပြုသည့်အကြိမ်ရေကို ဖြင့်သိနိုင်လိမ့်မည်။

၂၉၁။ ရာဇဝတ်ဌာနအသီးသီး၌ လက်ထိပ်ဗွေနှိပ်မှတ်များကို ကြည့်ရှုရန်မှုန့်အိတ်လေးတခု၊ ခဲမှုန့် (Graphite powder) ဆေးပါဒါ အမှုန့် (Grey powder) အသီးသီး အောင်စ ၄ဆ (4 ounces each) စီထားရှိစေရမည်။ ဖန်ပေါ်တွင်ရှိသည့် လက်ထိပ်ဗွေနှိပ်မှတ်များကို ကြည့်ရန် [illegible] ခဲမှုန့်ကို သုံးရမည်။ ၎င်းတွင် ပေါက်ဖြင့် လက်ထိပ်ဗွေနှိပ်မှတ်များ [illegible] ပေါ်ဒါမှုန့်ကို အလွန်တတ္တ အသုံးပြုနိုင်သည်။

အခန်း ၁၄။

ရေနံချောင်းမြို့နှင့်ချောက်မြို့ ရေနံတွင်းလုပ်ငန်းအလုပ်သမားများဆိုင်ရာ၊
လက်ထိပ်ဗွေနှိပ်မှတ်ဌာနနှင့်ဆိုင်သော စည်းမျဉ်းများ။

၂၉၂။ ဤလက်ထိပ်ဗွေနှိပ်မှတ်ဌာနများသည်၊ ထမ်းဆောင်ရန်အလိုမရှိအပ်သည့် အကျင့်စာရိတ္တအလွန်ဆိုးကြောင်း၊ အလုပ်မှထုတ်ပယ်ခြင်းခံရသော အလုပ်သမားများကို ရေနံထွက်ရာ နယ်များတွင် တဖန်ပြန်၍ လုပ်ကိုင်စေခြင်းကို တားမြစ်ရန် အလို့ငှါ တည်ထောင်ဖွင့်လှစ်ထားသည်။

၂၉၃။ လောက်သောက်အရာရှိ ကစုတို့တွင်၊ လိုအပ်သောအခင်းပေးကော်တော်များ၊ ရာဇဝတ်အုပ်များနှင့်ရာဇဝတ်ကြွင်များပါဝင်ကြသည်။

၂၉၄။ ကြိုလက်ထိပ်ခွေနှိပ်မှတ်ဌာနများကို ဖွင့်လှစ်တည်ထောင်ထားသည့် စနိုတ်ကြေးမှုံးခရိုင်ရိုးကို ရေနံချောင်းမြို့လက်ထိပ်ခွေနှိပ်မှတ်ဌာန တည်ထောင်သားရန် အလို့ငှာ ရေနံတွက်ရာ ကွက်များ၊ ပေသပ်ဌာဘ်ရောက်ဘသိပ်နိုင်ရန်ပုံငွေ အကုန်အကျခံပေးသည်။ ချောက်မြို့လက်ထိပ်ခွေနှိပ်မှတ်ဌာနမထည်ထောင်ဖွင့်လှစ်ထားရန်အလို့ငှါ မြို့မပြည့်ရေနံကုမ္ပဏီကအကုန်အကျခံပေးသည်။

၂၉၅။ ရေနံချောင်းမြို့နှင့် ချောက်မြို့ ရေနံထွက်ရာ ရပ်ကွက်များတွင် အလုပ်ရှာသောသူကိုယ်တိုင်အလုပ်သမားများသည် လက်ထိပ်ခွေနှိပ်မှတ်ဌာနတခုခုသို့ကိုယ်တိုင်သွားရောက်ကြရသည်။ ထိုနေရာ၌ ၎င်းတို့လက်ထိပ်ခွေနှိပ်မှတ်ကိုအလုပ်ပုံစံ ၇၁ ခုနှစ်တွင်နှိပ်ယူ၍ ပြန်လည်သူတို့များ ရေနံကုမ္ပဏီများမှ ချောင်းများ၌ ဖွေရန်ပုံစံတခု ထိုနည်းအလုပ်မျိုးများဖြစ်လျှင်ပြန်ချောက်ဌာနများ၌ ဖွေရန်ပုံစံနှစ်ခုတွင်လည်းနှိပ်ယူလိုက်ရမည်။

၂၉၆။ အလုပ်ပုံစံ ၇၁ မှ ပထမစောင်ကို အမှတ်အသားအဖြစ်ထားသည်၍ ဒုတိယစာစောင်ကိုအခြားဌာနသို့ အမှတ်အသားအဖြစ်ထားသိုရန်ပေးပို့ရသည်။ ပြစ်ချက်ဟောင်းများ၌ ခွေရန်ပုံစံ ကိုကို အင်းစိန်မြို့လက်ထိပ်ခွေနှိပ်မှတ်ဌာနသို့ပေးပို့၍ ထိုနည်းတူ လူမျိုးများဖြစ်လျှင် ၎င်းအလုပ်သမားဆိုင်ရာနိုင်ငံရှိဌာနသို့ပေးပို့ရမည်။

၂၉၇။ ၎င်းအလုပ်သမားနှင့် ဆိုင်သော အထက်ကအကြောင်းအရာများရှိလျှင်၊ အလုပ်ပုံစံ ၇၅ တွင်ရေးသွင်း၍ဌာနတခုကတခုသို့ အကြောင်းကြားသိစေရမည်။ ကဒ်လက်မှတ်များသွင်းရန်ဌာနလုံးကာ စွဲတြိုက်ပါတ်များပါရှိစေရမည်။ ၎င်းကိုသည်ရပ်ကွက်နှစ်ရပ်လုံးအတွက်သုံးစွဲကြလေသည်။

၂၉၈။ ထုံးသောက်ဌာနဝက်ပွဲသဘောပျော်ပွဲပုံစံ ၂၄၄ အရအခင်းစိန့်ခြိမ့်နိုင်ငံဆိုင်ရာ လက်ထိပ်ခွေနှိပ်မှတ်ဌာနများမှ ရောက်ရှိလာသည့် လက်ထိပ်ခွေနှိပ်မှတ်စာရွက်များ၌ ရေနံချောင်းမြို့နှင့် ဝလေ ကုန်းအမှုလိုက်အရာရှိများသည်၊ ထုံးသောက်မှုဌာနသက်ပွဲသဘောပျော်ပွဲပုံစံ ၂၄၁ တွင်ဖော်ပြထားသည့်ပြစ်မှုများအရသော်၎င်း၊ ရေနံထွက်ရပ်ကွက်များဆိုင်ရာအက်ဥပဒေအရသော်၎င်း ရေနံချောင်းမြို့ သို့မဟုတ်ချောက်မြို့ရာဇဝတ်ဌာနများမှ ချွတ်ခြင်းခံရ၍ ကျွတ်ထင်ရှားစီရင်ခြင်းခံရသူအရပ်ရပ်၏လက်ထိပ်ခွေနှိပ်မှတ်စာရွက်သို့တစောင်ကို၊ $\frac{\text{မူ၂၆ ၄၀။}}{\text{ရာဇဝတ် ၁၀၃။}}$ ပုံစံပေါ်တွင်နှိပ်ယူရမည်။ ၎င်းအမိုဘချွန်ကို ရေနံချောင်းမြို့လက်ထိပ်ခွေနှိပ်မှတ်ဌာနသို့ပို့စေ၊ ချောက်မြို့လက်ထိပ်ခွေနှိပ်မှတ်ဌာနသို့ ပို့စေ သိမ်းဆည်းထားရမည်။ ၎င်းဌာနတွင်ဖော်ပြခြင်းအညွှန်းမာတိကာမှတ်ပုံတင်စာအုပ်နှင့်အလုပ် ၇၁ ပုံစံ (အမှတ်အသားအဖြစ်ထားသိုရန်စာရွက်များ) တွင်[illegible]

အလုပ်သမားများဆိုင်ရာလက်ထိပ်ခွေနှိပ်မှတ်ဌာန၌ တရားစွဲဆိုသောရာဇဝတ်ဌာနတာကြီးကြပ်အုပ်ချုပ်သူအရာရှိ၊ နယ်ပိုင်ရာဇဝတ်အရာရှိတို့ထံမှတဆင့်ရေနံဝန်ထံအလုပ်ပုံစံ ၆၈-က နှင့်အကြောင်းကြားသိစေရမည့် ၎င်းကဒ်လက်မှတ်ကိုဖျက်ပယ်ရမည်မဖျက်ပယ်ရမည်ကိုအမိန့်ခံယူရမည်။

ရေနံချောင်းမြို့ သို့မဟုတ်ချောက်မြို့ဆိုင်ရာ နယ်ပိုင်ရာဇဝတ်ဝန်ထောက် ပိုင်နယ်အပြင်ပရှိ ရေနံထွက်ရပ်ကွက်တွင်အလုပ်လုပ်ကိုင်နေသော ရေနံထွက်ရာရပ်ကွက်အလုပ်သမားတဦးတယောက်သည် အထက်ပါအတိုင်းပြစ်မှု [illegible] စီရင်ခြင်းခံရလျှင်၊ အလုပ်သမားပုံစံ

၆၀-က ကိုးဆိုင်ရာစီရင်စုနယ်ရာဇဝတ်ဝန်ထံမှတဆင့်၊ ရာဇဝတ်ဌာနနာကို ကြီးကြပ်အုပ်ချုပ်သူအရာရှိထံပေးပို့လိမ့်မည်။ ၎င်းပုံစံကိုးကာဒ်လက်မှတ်ပယ်ဖျက်သင့်မသင့် ထောက်ခံချက်များနှင့်အတူတကွဆိုင်သင့်ရာရာရေနံချောင်းမြို့၊ သို့မဟုတ်ချောက်မြို့ဆိုင်ရာရာဇဝတ်နယ်ပိုင်ဝန်ထောက်ထံသို့စီရင်စုနယ်ရာဇဝတ်ဝန်ထံမှတဆင့်ပြန်၍ပေးပို့လိမ့်မည်။

၂၉၉။ မိုဇ္ဇကြီးပြုလုပ်ပြီးဖြစ်သောအလုပ်သမားတဦးတယောက်သည်အပိုဒ် ၁၄၇ တွင်ဖော်ပြပါရှိသော မှုခင်းတစုံတရာကြောင့်ထွက်ပြေးတိမ်းရှောင်သွားသောအခါ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရသက်သေခံချက်ကို မှတ်ယူရရှိပြီးဖြစ်လျှင်၊ ရေနံချောင်းမြို့၊ သို့မဟုတ်ချောက်မြို့ရှိရာဇဝတ်ဌာနနာကိုကြီးကြပ်အုပ်ချုပ်သူအရာရှိက၊ အလုပ်သမားများဆိုင်ရာလက်ထိပ်ဖွေနှိပ်မှတ်ဌာနမှ၊ ၎င်းသူ၏အမှတ်အသားစာချွန်ကိုတောင်းယူ၍၊ ၎င်းစာချွန်ကိုစက္ကူချိုးဖြင့်ကပ်၍အမှတ်အသားပြုလုပ်ထားရန်၊ အင်းစိန်မြို့ရှိမဟိုင်ဌာနသို့ပေးပို့ရမည်။ ၎င်းထွက်ပြေးတိမ်းရှောင်နေသောသူကို စုံစမ်းရရှိသောအခါ၊ ၎င်းစာချွန်ကိုအမှတ်အသားအဖြစ်ဖြင့်သိမ်းဆည်းထားရန်၊ အလုပ်သမားများဆိုင်ရာလက်ထိပ်ဖွေနှိပ်မှတ်ဌာနသို့ပြန်လည်ပေးပို့ရမည်။

၃၀၀။ ရေနံချောင်းမြို့နှင့် စလေမြို့နယ်အမှုလိုက်အရာရှိများ၏ အလုပ်အကိုင်ကိုစစ်ဆေးနိုင်စေခြင်းငှါမကွေးမြို့စီရင်စုနယ်ရာဇဝတ်ဝန်ကပုဒ်မ ၃၉၀ တွင်ဖော်ပြထားသည့်လူအရေအတွက်၏သုံးလတကြိမ်စာရင်းကို၊ ရေနံချောင်းမြို့နှင့်ချောက်မြို့ရှိ လက်ထိပ်ဖွေနှိပ်ဌာနများကိုကြီးကြပ်အုပ်ချုပ်သူအရာရှိများထံသို့ပေးပို့ရမည်။

၃၀၁။ ရေနံချောင်းမြို့နှင့်ချောက်မြို့ရှိလုပ်သား၏ဓါတ်ပုံကို၊ ၎င်းလုပ်သားကိုယ်တိုင် မိုဇ္ဇကြီးပြုလုပ်ရန်လာရောက်သည့်အခါ၊ လုပ်သားများဆိုင်ရာလက်ထိပ်ဖွေနှိပ်မှတ်ဌာနမှ ဓါတ်ပုံကူးသူအရာရှိကကူးယူရမည်။ ဓါတ်ပုံကိုကဒ်လက်မှတ်ပေါ်တွင်ကပ်ထားနိုင်ပြီးစီးရမည့်မှ ခုနှစ်ရက်တာထက်ကျော်လွန်စေ။

၃၀၂။ မည်သူမဆိုအထူးအမိန့်အခွင့်ရရှိသည်မှတပါး၊ ကဒ်လက်မှတ်နှင့်သေတ္တာဆောင်နံပါတ်တို့မပါဘဲ၊ ရေနံတွင်းရာရင်ကွက်များဆိုင်ရာ နယ်ယာအတွင်း ထွက်ဝင်ခွင့်ပြုလိမ့်မည်မဟုတ်။ သေတ္တာဆောင်နံပါတ်ကိုစေနိုင်းသူအလုပ်ရှင်က ထုတ်ပေးလိမ့်မည်။ လက်တွေ့တွင်များဆိုင်ရာအချက်တွင်၊ ၎င်းစာအားရေနံဝန်ထံ လျှောက်တောင်းရမည်။ ၎င်းကနံပါတ်ထိုးတပ်ထားသောသေတ္တာဆောင်နံပါတ်ပိုင်းကိုထုတ်ပေးလိမ့်မည်။

၃၀၃။ မိုဇ္ဇကြီးပြုလုပ်စဉ်အခါ၊ လုပ်သားတဦးတယောက်သည် စုံထောက်မှုဌာနလက်စွဲဥပဒေပဌမတွဲပုဒ်မ ၂၄၁ တွင်သတ်မှတ်ထားသည့် ပြစ်မှုများနှင့်ဖြစ်စေ၊ ရေနံတွင်းရာရင်ကွက်များဆိုင်ရာအက်ဥပဒေအရဖြစ်စေ အထက်အခါကမှုခင်းထင်ရှားစီရင်ခြင်းခံရကြောင်းသော်၎င်း၊ အကျင့်စာရိတ္တမကောင်းသဖြင့်ရေနံကုမ္ပဏီတခုခုက၊ အလုပ်မှအပြီးထုတ်နုတ်ခြင်းခံရကြောင်းသော်၎င်း၊ ဤသို့အစရှိသော ၎င်း၏အကျင့်စာရိတ္တကို ထိခိုက်ရန်အကြောင်းတစုံတရာရှာဖွေသိရှိခဲ့လျှင်၊ လုပ်သားများဆိုင်ရာ လက်ထိပ်ဖွေနှိပ်မှတ်ဌာနအသီးသီးကိုကြီးကြပ်အုပ်ချုပ်သူအရာရှိက၎င်းသူနေထိုင်သောနယ်ကွက်ဆိုင်ရာရာဇဝတ်ဌာနခွဲကိုကြီးကြပ်အုပ်ချုပ်သူအရာရှိထံမှတဆင့်၊ ရေနံဝန်ထံချက်ခြင်းအကြောင်းကြားသိစေပြီးလျှင်နယ်ပိုင်ရာဇဝတ်ဝန်ထောက်ထံကိုလည်းအလုပ် ၆၀ ပုံစံဖြင့် ချက်ခြင်းအစီရင်ခံ၍၊ ကဒ်လက်မှတ်ထုတ်ပေးရန်သင့်မသင့်ကိုအမိန့်နာခံမည်။ ရေနံချောင်းမြို့၊ သို့မဟုတ်ချောက်မြို့ဆိုင်ရာနယ်ပိုင် ရာဇဝတ်ဝန်ထောက်ပိုင်နယ်အတွင်းအပရှိ ရေနံတွင်းရာရင်ကွက်တွင်အလုပ်လုပ်ကိုင်နေသောရေနံတွင်းရာရင်ကွက် အလုပ်သမားတဦးတယောက်ဖြစ်လျှင်အလုပ်

သားပုံစံ ၆၈ ကို၊ ဆိုင်ရာစီရင်စုနယ် ရာဇဝတ်ဝန်ထံမှတဆင့်၊ ရာဇဝတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိထံပေးပို့လိုက်ရမည်။ ၎င်းပုံစံကို၊ ကာယလက်မှတ် ထုတ်ပေးသင့်မသင့် ထောက်ခံချက်များနှင့်အတူတကွ ဆိုင်သင့်ရာရာရေနံချောင်းမြို့၊ သို့မဟုတ် ချောက်မြို့ဆိုင်ရာ နယ်ပိုင် ရာဇဝတ် ဝန်ထောက်ထံသို့၊ စီရင်စုနယ်ရာဇဝတ် ဝန်ထံမှတဆင့် ပြန်၍ပေးပို့လိုက်ရမည်။

၃၀၄။ ။သည်သည့်ကုမ္ပဏီကမဆို ကာယလက်မှတ်မပါမရှိသူတစုံတယောက်အား။အလုပ်မလုပ်ကိုင်စေရ။ ။တနင်္လာနေ့တိုင်း။အမြဲရစ်ကုမ္ပဏီများက၊

(၁) လွန်ခဲ့သော ၇ ရက်တပတ်အတွင်းအလုပ်သွင်းသူအရစ်ရစ်၊

(၂) လွန်ခဲ့သော ၇ ရက်တပတ်အတွင်းကောင်းသော အကျင့် စာရိတ္တနှင့်အလုပ်မှ ထုတ်နုတ်ခြင်းခံရသူအရစ်ရစ်။

၎င်းတို့၏စာရင်းများကို ဆိုင်သင့်ရာအလုပ် ၆၉ နှင့် ၇၂ ပုံစံတို့ဖြင့်ပေးပို့ရလိုက်မည်။

(၃) အပိုဒ် ၃၀၄ (၂) တွင်ဖော်ပြထားသောစာရင်း (အလုပ်ပုံစံ ၇၂) အဆုံး၌၊ ရိုဇစ္စတာကြိုပြုလုပ်ပြီးဖြစ်သောအလုပ်သားတဦးတယောက်သေဆုံးခြင်းနှင့် စပ်လျဉ်း၍။ လွန်ခဲ့သည့်ရက်သတ္တတပတ်အတွင်း၌ရှိသောသတင်းကို ပေးနိုင်ခြင်း ရှိသည်ဖြစ်စေ အလုပ်သားများဆိုင်ရာဌာနကရင်းသတင်းမရှိသောအခါ၊ သေဆုံးခြင်းအစီရင်ခံစာ၏ နေ့စွဲကို။ စာချုပ်၌ကာနံလည်းဖြတ်၍မှတ်သားပြီးလျှင်၊ သေဆုံးခြင်းစာရင်းစာအုပ် (အပိုဒ် ၃၂၄ ကိုကြည့်) တွင်ရေးသွင်းရမည်။ ၎င်းစာချုပ်ကိုအမှတ်အသားအဖြစ်ဖြင့်၊ တနှစ် ထားပြီးလျှင်။ နုတ်ယူ၍ဖျက်ဆီးရမည်။

၃၀၅။ ။လက်တူးတွင်းများဆိုင်ရာအချက်တွင်။ ရေနံဝန်က။ ထိုကဲ့သို့သောစာရင်းများကိုလစဉ်လဆန်း ၁၀ ရက်နေ့တွင်တင်သွင်းရမည်။

၃၀၆။ ။အလုပ် ၆၉ ပုံစံရရှိသောအခါ၊ လုပ်သားများဆိုင်ရာ လက်ထိပ်မွေ့နှိပ်မှတ် ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိက။ လိုအပ်သည့်ရေးသွင်းချက်အရစ်ရစ်ကို အလုပ် ၇၄ ပုံစံဇယားကွက် ၁၀ နှင့် ၁၂ တွင် ရေးသွင်းရမည်။ အလုပ် ၇၂ ပုံစံကို ရရှိသောအခါ၊ လုပ်သားများဆိုင်ရာလက်ထိပ်မွေ့နှိပ်မှတ် ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိက၊ လိုအပ်သည့်ရေးသွင်းချက်အရစ်ရစ်ကို။အလုပ် ၇၄ ပုံစံဇယားကွက် ၁၁ တွင်ရေးသွင်းရမည်။

၃၀၇။ ။အကျင့်စာရိတ္တမကောင်း၍ ရေနံထွက်ရာရင်ကွက်များ ဆိုင်ရာတွင်။ တဖန်ထပ်မံအလုပ်လုပ်ကိုင်စေနိုင်ရန်ထောက်ခံခြင်းမပြုသည့် လူတစုံတယောက်ကို၊ ကုမ္ပဏီတဦးဦးကသော်၎င်း။ တွင်းစားတဦးဦးကသော်၎င်းအလုပ်မှထုတ်နုတ်လိုက်သည့်အခါ၊ ဆိုင်သင့်ရာရာ၎င်းကုမ္ပဏီကဖြစ်စေ၊ရေနံဝန်ကဖြစ်စေ၊အလုပ် ၇၀ ပုံစံဖြင့်လက်ထိပ်မွေ့နှိပ်မှတ်ဌာနသို့အကြောင်းကြားရမည်။ကုမ္ပဏီတဦးဦးကတဖန် ထပ်မံ၍အလုပ်လုပ်ကိုင်စေရန် ထောက်ခံခြင်းမပြုသည့်။ အလုပ်မှထုတ်နုတ်ခြင်းခံရသူတို့ဆိုင်ရာအချက်တွင်၊ လုပ်သားများဆိုင်ရာလက်ထိပ်မွေ့နှိပ်မှတ်ဌာနကို ကြီးကြပ်အုပ်ချုပ်သူအရာရှိက၊ အလုပ် ၇၀ ပုံစံကို၊နယ်ပိုင်ရာဇဝတ်ဝန်ထောက်မှတဆင့်၊ ရေနံဝန်ထံသို့ရေနံထွက်ရာရင်ကွက်များဆိုင်ရာနည်းဥပဒေ ပုဒ်မ ၇၅ အရ၎င်းသူ၏ကာယလက်မှတ်ကိုပယ်ဖျက်ရန်အမိန့်အလို့ငှါ ပေးပို့ရမည်။

ရေနံဝန်၏အမိန့်ကိုရရှိသောအခါ၊ လုပ်သားများဆိုင်ရာ လက်ထိပ်မွေ့နှိပ်မှတ်ဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိကအကြောင်း အရာအကျယ်ကို လုပ်သားများဆိုင်ရာမှတ်ပုံစာရင်းစာအုပ် (အလုပ် ၇၄ ပုံစံ) အကြောင်းအရာဖော်ပြရာ ဇယားကွက်တွင် မင်နီဖြင့်ရေးသွင်းရမည်။ ၎င်းပြင်အလုပ် ၇၁ ပုံစံအကြောင်းအရာဖော်ပြရာ ဇယားကွက်တွင်လည်း ရေးသွင်းရမည်။

၃၀၈။ ။ကဒ်လက်မှတ်များကို (တနင်္ဂနွေနေ့များမှတပါး) နေ့စဉ်နံနက် ၇ နာရီနှင့် ၁၀ နာရီအတွင်း ထုတ်ပေးလိမ့်မည်။ အလုပ်သမားများဆိုင်ရာလက်ထိပ်ဗွေနှိပ်မှတ်ပုံဌာနသည်။ စနေနေ့နှင့်တနင်္ဂနွေနေ့များမှတပါး နေ့စဉ်နံနက် ၇ နာရီမှ ၁၀ နာရီခွဲထိနှင့် ညနေ ၁ နာရီမှ ၄ နာရီခွဲထိဖွင့်လှစ်မည်။ စနေနေ့များတွင်နံနက် ၇ နာရီမှ ၁၀ နာရီခွဲထိ မျှသာ ဖွင့်လှစ်မည်။

၃၀၉။ ။ရေနံချောင်းမြို့ လက်ထိပ်ဗွေနှိပ်မှတ်ပုံဌာနကထုတ်ပေးသော ၁ ကဒ်လက်မှတ်များကို၊ ၁ က ၁၀၀,၀၀၀ ထိနံပါတ်ထိုးတင်လိမ့်မည်။

ချောက်မြို့ရှိလက်ထိပ်ဗွေနှိပ်မှတ်ပုံဌာနကထုတ်ပေးသောကဒ်လက်မှတ်များကို၊ ဂ-၁ က ဂ-၁၀၀,၀၀၀ ထိနံပါတ်ထိုးတင်လိမ့်မည်။

၃၁၀။ ။ရီဇခွင်၌လုပ်ရန်လာရောက်ကြသောလုပ်သားများသည်၊ ၎င်းတို့၏ ကဒ်လက်မှတ်များကိုတောင်းဆိုရန်အတွက်၊ ရီဇခွင်၌လုပ်ပြီးသည့်နောက်၊ ခြောက်သီတင်းကြာသောအခါ၌ လက်ထိပ်ဗွေနှိပ်မှတ်ပုံဌာနသို့လာရောက်တောင်းယူရမည်။

၃၁၁။ ။မူလကဒ်လက်မှတ်များကိုတောင်းဆိုရန် လာရောက်ကြသောလုပ်သားများသည် ၎င်းမူလကဒ်လက်မှတ်များကိုလျှောက်ထားတောင်းဆိုပြီးသည့်နောက်၊ သုံးရက်ကြာသောအခါ လက်ထိပ်ဗွေနှိပ်မှတ်ပုံဌာနသို့လာရောက်တောင်းဆိုရမည်။

၃၁၂။ ။လုပ်သားများဆိုင်ရာလက်ထိပ်ဗွေနှိပ်မှတ်ပုံဌာနကိုကြီးကြပ်အုပ်ချုပ်သူအရာရှိက၊ လုပ်သားအားနောက်ထပ်လက်မှတ်တစောင်နှင့် လက်မှတ်အိတ်တခုပေးလိမ့်မည်။ ဤလက်မှတ်သည်၊ ဆေးရောင်ချက်သင့်စက္ကူအပေါ်၌ ဖြစ်သည်။ ၎င်းကိုထုတ်ပေးသည့် နေ့စွဲက စ၍ခြောက်သီတင်းသာအသုံးပြုနိုင်သည်။ ၎င်းလုပ်သားသည် အမြဲကဒ်လက်မှတ်အလို့ငှါ လာသောအခါ၊ ၎င်း၏နောက်ကဒ်လက်မှတ်နှင့် လက်မှတ်အိတ်ကိုမပေးနိုင်လျှင်၊ ဒဏ်ငွေ ၈ိ သင့်စေရမည်။ ဤသို့သောဒဏ်ငွေကို၊ ဒဏ်ငွေများဆိုင်ရာ မှတ်ပုံစာရင်းစာအုပ်တွင် ရေးသွင်း၍၊ ရေနံချောင်းမြို့လက်ထိပ်ဗွေနှိပ် မှတ်ပုံဌာနနှင့်သက်ဆိုင်သည့်အချက်တွင် ရေနံထွက်ရာရပ်ကွက်များအုပ်ချုပ်ရေးကော်မီတီသို့တင်သွင်းရမည်။ ချောက်မြို့လက်ထိပ်ဗွေနှိပ်မှတ်ပုံဌာနနှင့်သက်ဆိုင်သည့်အချက်တွင်၊ မြန်မာ့ညည်ရေနံကုမ္ပဏီသို့တင်သွင်းရမည်။

၃၁၃။ ။လုပ်သားများဆိုင်ရာလက်ထိပ်ဗွေနှိပ်မှတ်ပုံဌာနကို ကြီးကြပ်အုပ်ချုပ်သူ အရာရှိက၊ လာလတ္တံ့သော ခုနစ်ရက်တပတ်အတွင်းတွင်၊ နောက်ကဒ်လက်မှတ်များ ကုန်လွန်မည်ရှိသောလုပ်သားများ၏အမည်များကို၊ ပတ်စဉ်ပတ်တိုင်း ဗုဒ္ဓဟူးနေ့တွင်၊ ကုမ္ပဏီအသီးသီးထံသို့တင်သွင်းရမည်။

၃၁၄။ ။အမြဲကဒ်လက်မှတ်များ ထုတ်ပေးသည့်နေ့စွဲကို၊ လုပ်သားများဆိုင်ရာမှတ်ပုံစာရင်းစာအုပ်။ (အလုပ် ၇၄ ပုံစံ) ဇယားကွက် ၆ တွင်ရေးသွင်းရမည်။

